

www.burmeseclassic.com
အချစ်နဲ့စွန့်စားခန်း လုံးချင်းဝတ္ထုသန့်သန့်
ရွှေဘဝင်
လေလွင့်ငှက်မြေရာ
သစ္စာမွန်စာပေ
www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘဝဒီ

## လေလွင့်ငှက်ခြေရာ

(အချစ်နှင့် စွန့်စားခန်းဆုံးချင်းဝတ္ထုသန့်သန့်)

သစ္စာမှန်စာပေတိုက်
၂၀၁၊ ဒုတိယထပ်၊ (၃၂)လမ်းအထက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၅၄၁၄၂၁

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | – | ၂၀၁၅ခုနှစ်၊ဇူလိုင်လ၊ပထမအကြိမ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | (၁၀၀)ကျပ် |
| ထုတ်ဝေသူ | – | ဦးသက်လွင်(သစ္စာမွန်စာပေ)(ယ–၂၂၄၀)၊ အမှတ်(၃၈)၊မလွှကုန်းလမ်း ကျောက်မြောင်း၊တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | – | ဒေါ်အိမွန်သက်လွင်(မြ–၀၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊ တာမွေလမ်း၊တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | – | Lလင်း |
| ကွန်ပျူတာ | – | ပန်းအိစံ |
| ဖြန့်ချိရေး | – | ထူးတူး(သစ္စာမွန်) |
| အတွင်းဒီဇိုင်း | – | ကိုအောင်ကျော် |
| စာအုပ်ချုပ် | – | သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

ရွှေဘဝင်

လေလွင့်ငှက်ခြေရာ/ရွှေဘဝင်၊-ရန်ကုန်

သစ္စာမွန်စာပေ၊၂၀၁၅။

၂၂၇–စာ၊ ၁၂ × ၁၈ စင်တီ။

(၁) လေလွင့်ငှက်ခြေရာ


## လွတ်လပ်ခြင်းနှင့်လွတ်မြောက်မှု

လူဆိုတာ လွတ်လပ်ခြင်းအတွက်ရှင်သန်နေမှ လူ့ဘဝကြီးက အဓိပ္ပါယ်ပြည့်စုံတာလို့ နန်းနန်းယုံကြည်သက်ဝင်ထားသည်။ နန်းနန်းဆိုတာ သူငယ်ချင်းတွေက ချစ်စနိုးနှင့်ခေါ်ခဲ့ကြတာဖြစ်ပြီး…၊ အမည်အပြည့်အစုံမှာ နန်းနန်းရတီဦးပင်ဖြစ်သည်။

နန်းနန်းတွင်မိဘတွေမရှိကြတော့ပါ။ ဖခင်ကြီးရော မိခင်ကြီးပါ နန်းနန်းအသက်(၁၀)နှစ်အရွယ်ကတည်းက ဆုံးပါးသွားပါပြီ…။ နန်းနန်းဘဝကိုမိဘနှစ်ပါးမရှိကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့သူက အစ်ကိုကြီး ခွန်နောင်ဦးပင်ဖြစ်ပါသည်။

အစ်ကိုကြီး ခွန်နောင်ဦးမှာ အမေရိကားတွင် စီးပွားရေးပါရဂူဘွဲ့ယူပြီး မြန်မာပြည်တွင် အကြီးမားဆုံးစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နေသူဖြစ်သည်။ မြန်မာနိုင်ငံအနှံ့တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ပြီး ထိပ်တန်းချမ်းသာကြွယ်ဝသူစာရင်းတွင် ပါဝင်နေသူဖြစ်၏။

---

သစ္စာမွန်စာပေ

www.burmeseclassic.com



နန်းနန်းနှင့်အစ်ကိုဖြစ်သူကြား အကြီးမားဆုံးသဘောထားကွာခြားချက်မှာ အစ်ကိုဖြစ်သူသည် ပကာသနကိုခုံမင်ပြီး လူ့ဘဝကြီးကို ဓနဂုဏ်တွေ၊ ငွေကြေးတွေနှင့်တိုင်းတာနေသူတစ်ဦးဖြစ်ပြီး၊ နန်းနန်းကတော့ ရှင်းသည်။ လူ့လောကကြီးမှာ လူဟာလူပင်ဖြစ်သည်။ လူတွေကြားထဲမှာ ဘဝအနိမ့်အမြင့်တွေ မတူညီခြားနားခြင်းဆိုတာ မျက်မှန်စိမ်းတပ်ထားသူတွေအတွက် ပင်ဖြစ်သည်။

နန်းနန်းမှတ်မိသည်။ နန်းနန်းကိုအစ်ကိုကြီးက သူ့တုန်းကလိုပင် လူကုံထံတွေတက်တဲ့ကျောင်းကြီးတွေမှာတက်စိုင်းသည်ကိုနန်းနန်းက ထိုစဉ်ကတည်းကဆန့်ကျင်သူ..... နန်းနန်းကို ရွှေတစ်မျိုး၊ ခြောက်တစ်လှည့် နှင့် သူတက်စေချင်သော ကျောင်းကို တက်စိုင်းဖို့ ကြိုးစားကြပေမဲ့....သိတယ်မဟုတ်လားအခန်းထဲကလုံးဝမထွက်ဘဲ အစာငတ်ခံပြလိုက်တော့ နောက်ဆုံးအားပြတ်ပြီး ဖေဆးရုံပို့ရတဲ့ အခြေအနေကိုရောက်တော့မှပဲ သူ့ဘက်ကအလျှော့ပေးတယ်။ လျှော့ပေးတယ်ဆိုပေမယ့် လုံးဝလိုက် လျှော့တာမျိုးမဟုတ်ဘဲ သူတို့သတ်မှတ်ထားတဲ့ စည်းကမ်းဘောင်အတွင်းမှ ကျောင်းတက်ရမှာဖြစ်တယ်၊ နန်းနန်းအတွက် ဒါတွေကိစ္စ မရှိပါဘူး။ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေတွေတောင်မလိုအပ်တော့ဘူး။ ပြည်သူလူထုနဲ့ ကိုက်ညီမှုမရှိတော့ဘူးဆိုရင် ပြုပြင်ရသေးတာပဲ...၊ သူတို့





ဥပဒေကဘာမို့လဲ... အဓိကအရေးကြီးတာ နန်းနန်းတက်ချင်တဲ့ ကျောင်းကိုတက်ခွင့်ရရေးပင်ဖြစ်သည်။

ကျောင်းတက်၊ ကျောင်းဆင်း အိမ်ကကားကြီးနဲ့ သွားရပြီး၊ ပြန်ရတဲ့ဒုက္ခကြီးကို ဘဝင်မကျပေမယ့်၊ စိတ်ကိုအတတ်နိုင်ဆုံးလျှော့ချပြီး ကားကိုစွန့်ပတ်သက်ပြီးတော့ စောဒကမတက်ခဲ့တာကလည်း ဂဏာတာသည်းခံခြင်းပင်ဖြစ်၏။ နန်းနန်းတို့ရပ်ကွက်နဲ့ ဆို ကားလမ်းကြီးတစ်ခုပဲခြားတာကို ကားနဲ့အသွားအလာလုပ်ရတာ ရှက်မိတယ်။

အစ်ကိုကြီးစွန်နောင်ဦးအတွက်တော့ ဂုဏ်ယူစရာလို့မှတ်နေခဲ့ပြီး ပကာသနရဲ့ဂုဏ်ဒြပ်ကို ခုံမင်သူတွေအတွက်တော့ ဟုတ်ကောင်းဟုတ်နေမှာပေါ့။ နန်းနန်းကတော့ လူ့လောကအမြင်ဘက်ကို ရောက်နေကြသူတွေပဲထင်မိတယ်။

နန်းနန်းတို့မောင်နှမကြားတွင် မတူညီကွဲပြားမှုတွေကအရမ်းကိုများပြားနေသလို စိတ်ဓာတ်ချင်းကလည်း အဖြူနှင့်အမည်းလို့ပင် ဆိုရမည်။ နန်းနန်းအမုန်းဆုံးနှင့်အရွံဆုံးကတော့ လူလူချင်း ခွဲခြားဆက်ဆံရေးပင်ဖြစ်သည်။ ငါဘာကောင်ကြီးဖြစ်ဖြစ် အချိန်တန်လို့နိဂုံးချုပ်ရပြီဆိုရင် မြေကြီးထဲနှင့် မီးစက်ထဲပဲရောက်ကြမှာပဲ။ လူတစ်ယောက်ဘဝအတွက် မွေးသည်မှ သေဆုံးသည်ထိ ပြုလုပ်ခဲ့သော တသိုလ်၊ အကုသိုလ်သည်သာ အရေးကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အင်း… တစ်ခုသော မတူညီမှုကြီးကတော့ အစ်ကိုကြီးနှင့် နန်းနန်းကြားမှာ ကိုးကွယ်မှု ဘာသာရေးပင်ဖြစ်သည်။ နန်းနန်းတို့ မိဘတွေက ဗုဒ္ဓဘာသာဝင်တွေ၊ မျိုးရိုးအစဉ်အဆက် ဗုဒ္ဓဘာသာကိုပဲ ကိုးကွယ်လာခဲ့ကြတာ ၊ မိဘတွေဆုံးပါးသွားပြီးတော့မှ အစ်ကိုကြီး ဟာ ခရစ်ယာန်ဘာသာကိုပြောင်းလဲကိုးကွယ်ခဲ့တယ်။ သူ့အကြောင်း ပြချက်က ခိုင်ခိုင်လုံလုံတော့မရှိပါဘူး၊ ပြစရာအကြောင်းတစ်ခုပဲရှိ တယ်၊ သူနဲ့အမေရိကန်မှာ ဆုံခဲ့ကြတဲ့ မေရီဆိုသော အမျိုးသမီး ကြောင့် ပင်ဖြစ်မည်၊ မေရီမှာ ခရစ်ယာန်ဘာသာဝင်တစ်ဦးလေ…။

နန်းနန်း ဘာသာရေးနဲ့ပတ်သက်ပြီး အတိုက်အခံမလုပ်ချင် ပါဘူး။ သူယုံကြည်ရာကို လွတ်လွတ်လပ်လပ်ကိုးကွယ်ခွင့်ရှိသလို နန်းနန်းယုံကြည်ရာကိုလည်း လွတ်လွတ်လပ်လပ် ကိုးကွယ်ခွင့်ရှိ တယ်၊ ဒါကိုအတင်းဖွတ်ကြီးသိမ်းသွင်းယူလို့တော့မရဘူး။ ဒီသဘော ထားကို ပြင်းထန်ဆုံး ဆန့်ကျင်ထားတာမို့ အစ်ကိုကြီး မတားမြစ်ရဲပါ ဘူး။ နန်းနန်း ငယ်စဉ်ကတော့ သူ့အုပ်ထိန်းမှုအောက်မှာ ရောက်နေပေ မဲ့…၊ အစ်ကိုကြီး နန်းနန်းကို သူများအစ်ကိုတွေလို ရာဇဝင်ကျွေးခဲ့ရသူ တော့မဟုတ်ပါဘူး။ မိဘနှစ်ပါးကျန်ခဲ့တဲ့ စီးပွားရေးပေါ်မှာ အသင့်ထိုင် ပြီး ကျောင်းတက်ခဲ့သူပါ။

နန်းနန်းမိဘတွေဆုံးပါးသွားပြီး(၁)နှစ်လောက်မှာပဲအစ်ကို





ကြီးအမေရိကန်မှာ ကျောင်းသွားပြီးတက်သဖြင့် နန်းနန်းနှင့်မောင်နမ ဆိုပေမဲ့ သူငယ်ချင်းတွေလောက်ပင် ရင်းရင်းနှီးနှီးသိပ်မရှိခဲ့ကြပါဘူး။ အိမ်မှာအတူနေရှိန်တောင် စကားပြောဖြစ်ချင်မှပြောခဲ့ကြတာ….၊ နန်းနန်း(၁၀)တန်းနှစ်စပြီးတက်ရှိန်ရောက်တော့မှ အမေရိကန်ကနေ ပြန်ရောက်လာပြီး ဟိုကျောင်းတက်ရမယ်၊ ဒီကျောင်းတက်ရမယ်ဆို ကာ ငိုကာရဲ့ပြီး ပြောလာတာကြောင့် နန်းနန်းဆန္ဒပြခဲ့ရခြင်းပင် ဖြစ် သည်။

ခုလည်း ကျောင်းကို ကားနဲ့မတက်ချင်တာကြောင့် အကြံ ထုတ်နေတာတော့ကြာပြီ၊ လက်တွေ့အကောင်အထည်မဖော်နိုင် သေး။

“နန်းနန်း”

“ဟင်… အင်ကြင်းခိုင် လာလေ”

ကျောင်းမုန့်စားဆင်းရှိန် ကျောင်းရှေ့စရေပင်ကြီးအောက် တွင် ထိုင်ကာ ကားနှင့်ကျောင်းမတက်ရအောင်ဘာလုပ်ရမယ်ဆို တာကို တွေးနေခြင်းဖြစ်သည်။

“နန်းနန်း…နင့်ကြည့်ရတာ တစ်ခုခုကိုကြံနေသလိုပဲ”

“ကြံနေသလိုပဲ မဟုတ်ဘူး ကြံနေတာ”

“လုပ်စမ်းပါဦး ဘာတွေကြံနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအင်ကြင်းရ"

နန်းနန်းအိမ်ကကားနှင့်ကျောင်းမတက်ချင်တာကိုအင်ကြင်းနိုင်ကိုပြောပြလိုက်သည်။

"နင်က ဒရိုင်ဘာကြီးကို စည်းရုံးကြည့်ပါလား"

"No... No... စည်းရုံးဖို့မပြောနဲ့ စကားတောင်ပြောလို့မရဘူး၊ အစ်ကိုကြီးကို သူတို့အားလုံးက ကြောက်တာမှ မျက်နှာတောင် စေ့စေ့မကြည့်ရဲကြဘူး"

"ဒီလောက်တောင်ပဲလား"

"ငါပြောတာထက်တောင် ပိုဦးမယ်၊ ဒါကလည်းရှင်းပါတယ်၊ အလုပ်သမားတိုင်း ကိုယ့်အလုပ်ရှင် မြူးစွမယ့်အလုပ် မျိုးမလုပ်လိုကြဘူး မဟုတ်လား"

"နန်းနန်းရယ် ခေတ်ကြီးကပြောင်းလဲနေပါပြီ၊ ကျွန်နဲ့သခင် ဆိုတာ ရာစုများစွာကျန်ခဲ့ပါပြီ"

"အေး... လူတွေက ကျွန်ဆိုတာကို မပျောက်သေးသလို ငါ့အစ်ကြီးလို သခင်လုပ်ချင်တဲ့လူတွေရှိနေသေးတယ်ဟ၊ ဒါတွေ ထားလိုက်ပါ၊ ငါဘာလုပ်ရမယ်ဆိုတာ အကြံပေးပါဦး"

"နင်မစီးဘူးလို့ငြင်းလိုက်ပေါ့"

"ဘာမဟုတ်တာလေးကိုငြင်းနေလို့မဖြစ်ဘူးအင်ကြင်း"





"ဘာလို့"

"ဒါ့မှာ ရှေ့ဆက်ပြီး အစ်ကိုကြီးကိုဆန့်ကျင်ရမယ့်ဟာတွေက အများကြီးရှိနေသေးတယ်၊ ဒါကြောင့် မငြင်းဘဲနဲ့ အဆင်ပြေမယ့်နည်းကို စဉ်းစားနေတာ"

"ဟင်...ဟုတ်ပြီ"

"ဘာလဲဟ"

"ဟိုမှာတွေ့လား"

အင်ကြင်းနိုင်လှမ်းပြီးပြလိုက်သောသူမှာ ကျောင်းတွင်းစံ ဆိုင်ဆိုင်ခပ်ပေပေဖိုးတာပင်ဖြစ်သည်။

"ဖိုးတာလေး ဘာဖြစ်လို့လဲ"

"သူ့ကိုအကူအညီတောင်းကြည့်ပါလား"

"ဘယ်လိုအကူအညီတောင်းရမှာလဲ"

"ငါပြောတာကိုသေသေချာချာနားထောင်...

အင်ကြင်းနိုင်...သူ့အကြံအစည်ကိုပြောပြလိုက်သည်။

"အဲမဆိုးဘူး၊ ဒါဆိုဖိုးတာကို စည်းရုံးရမှာပေါ့"

"ဒါကတော့ နင့်ပေါ်မှာပဲမူတည်တယ်"

"ကြိုးစားရမှာပေါ့...ကြိုးစားဆိုရသွားပြီကြိုးစားတာကောင်းမယ်"

နန်းနန်းထိုင်နေရာမှထပြီး သွားဖို့ပြင်လိုက်သောအခါ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘယ်သွားမလို့လဲ နန်းနန်း"

"ဖိုးတာဆီကို"

"အယ်... ခုချက်ချင်းကြီး"

"ငါ့ကိစ္စက အချိန်ဆိုင်းလို့မကောင်းဘူး"

"ငါပါလိုက်ခဲ့ရမှာလား"

"ရတယ် ငါတစ်ယောက်တည်းပဲ သွားမယ်"

အင်ကြင်းနိုင်ကိုထားခဲ့ပြီး နန်းနန်းကျောင်းထဲဘက်ကိုထွက်လာခဲ့သည်။ ဖိုးတာနှင့်နန်းနန်းတို့က အတန်းတူပေမဲ့ အခန်းကတော့ မတူကြပါ။ နန်းနန်းက(A)ခန်း ဖိုးတာက (G)ခန်းမှာဖြစ်သည်။ နန်းနန်း...ဖိုးတာတို့(G)ခန်းရှေ့ကိုရောက်တော့ ဖိုးတာတစ်ယောက်တည်းထိုင်နေတာကိုတွေ့လိုက်ရသည်။ ကျန်ကျောင်းသားကျောင်းသူများမှာ မုန့်စားဆင်းရျိန်မို့ အတန်းအပြင်ဘက်တွင် ရှိနေကြသည်။

"ဖိုးတာ"

"အဲ...နန်းနန်း..."

(၅)တန်းကျောင်းသူ၊ ကျောင်းသားဘဝထဲမှ တစ်ကျောင်းတည်းတက်ခဲ့ကြသူတွေဖြစ်တာကြောင့် ခင်ခင်မင်မင် မရှိခဲ့ကြပေမဲ့ တစ်ယောက်နှင့်တစ်ယောက် ခပ်စိမ်းစိမ်းကြီးတော့မဟုတ်ကြပါ။

"ငါ့အတွက် ဒီနေ့ဟာအရမ်းကိုထူးခြားတဲ့နေ့ပဲ.. ကဲဆို..





ဘာကိစ္စ"

"နင့်ဆီက အကူအညီတစ်ခုလောက်တောင်းချင်လို့"

"ဘာလဲ.. နင့်ကိုလိုက်ပြီးကပ်နေတဲ့ဇော်ကြီးတို့ကို ရှင်းမိုင်းမလို့လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာနိုင်းချင်လို့လဲပြော"

"ငါ့ကိုကျောင်းထိလိုက်ပြီးပို့ပေးနေတဲ့ကားကိုနောက်လိုက်မပို့ရဲအောင် လုပ်ပေးဖို့ပါ"

"ဟော...."

နန်းနန်း စကားကြောင့် ဖိုးတာ မျက်လုံးပြူးကြီးနှင့် နန်းနန်းကိုကြည့်နေလိုက်သည်။

"နန်းနန်း...နင်ငါ့ကိုနောက်နေတာတော့မဟုတ်ပါဘူးနော်"

"ဒါနောက်စရာကိစ္စမှ မဟုတ်တာ၊ ငါ့ကိစ္စကိုကူညီရင် နင့်အတွက်အကျိုးရှိစေရမယ်"

"ငါသဘောပေါက်ပြီ၊ ငါ့ကိုကြေးစားလာပြီးငှားတာပေါ့"

"ဒီလိုသဘောမျိုး မဟုတ်ပါဘူး"

"ရတယ်... ငါက ကြေးစားလူမိုက်ဘဝ်ကိုခံချင်နေတာ"

အင်ကြင်းနိုင်ပြောခဲ့သောစကားမှာ မလွဲချေ။ ဖိုးတာဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်က သူ့ကိုယ်သူ နိုင်ငံခြားရုပ်ရှင်ကားတွေထဲကလိုကြေးစားလူ မိုက်ရှူးရှူးသွပ်နေသူ။

"အလုပ်ကိုလက်ခံလိုက်ပြီ... ကြေးစကားပြောကြရအောင်"

"နင်ဘယ်လောက်ယူမှာလဲ"

"တစ်သောင်း... ကိစ္စမပြီးခင် စရန်ငါးထောင်၊ ကိစ္စ ပြီးတာနဲ့ ကျန်တာကိုအကုန်ပေးရမယ် ဘယ်လိုလဲ"

"ကောင်းပြီ...မနက်ဖြန်နင့်ကို စရန်အရင်ပေးမယ်၊ တကယ် လို့မအောင်မြင်ဘူးဆိုရင်ရော..."

"နင့်ပိုက်ဆံကိုတစ်ပြားမှ မလျှော့စေရဘူး၊ ဖိုးတာတို့သမိုင်း ကြောင်းမှာ မအောင်မြင်ဘူးဆိုတာ မရှိဘူး"

ဖိုးတာ သူ့ကိုယ်သူ တကယ့်ကိုကြေးစားလူမိုက်ကြီး ဒီဇိုင်း ဖြင့်ပြောဆိုနေတာဟာ အမြင်ကတ်စရာကောင်းလှသည်။

"တစ်ခုတော့ နင့်ကိုကြိုပြီးပြောထားမယ်၊ ငါကြည့်ဘူးတဲ့ ကြေးစားလူမိုက်ရုပ်ရှင်တွေထဲမှာ ကြေးစားတွေက သစ္စာ ရှိတယ်၊ သူတို့ကိစ္စကို သူတို့နှုတ်လုံတယ်..."

"ဟား...ဟား...ဟား..."

ဖိုးတာ အသံပြကြီးနှင့်ရယ်လိုက်တာကြောင့် အတန်းအမြင့် ဘက်ကို နန်းနန်းလှည့်ကြည့်ပြီးမှ...





"နင့်အသံပြကြီးနဲ့ မရယ်နဲ့လေ"

"နင်ပြောတဲ့စကားကို သဘောကျလို့ပါ၊ ဖိုးတာ ရာဇဝင်ကို နင် မဖတ်ကြည့်ဖူးနဲ့တူတယ်၊ ဟဲ...ဟဲ..."

ဖိုးတာအကြောင်းကို နန်းနန်းဘာမှ မသိသလို စိတ်လည်း မဝင်စား၊ ရုံကိစ္စတောင် မလွှဲသာ မရှောင်သာလို့ ဆက်ဆံရတာ၊ အတန်းအစား ခွဲခြားတာတော့မဟုတ်ပါဘူး၊ ဖိုးတာဆိုတဲ့လူကို သူ့ ပုံစံကြောင့် အမြင်ကတ်နေခြင်းပင်ဖြစ်သည်။

ကျောင်းသားတစ်ယောက်ဟာ ကျောင်းစာနဲ့ယဉ်ကျေးမှုပေါ် မှာ ရှိနေရမယ်ဆိုတာကိုဆန့်ကျင်ပြီး လူဆိုး လူမိုက်စိတ်ဝင်နေခြင်း ဟာ ကောင်းသောအလားအလာမဟုတ်... ဒါကလည်း မိဘမျိုးရိုးနှင့် ပတ်ဝန်းကျင်ကြောင့်ဖြစ်တတ်သော သဘာဝတစ်ခုပင်ဖြစ်မည်။ ဖိုးတာ ဖခင်က ကြက်သမား၊ လောင်းကစားသမား... မိခင်ကျတော့ လည်းလောင်းကစားနှင့်မကင်းသူ....၊ နေထိုင်သောပတ်ဝန်းကျင်မှာ လည်း စရိုက်ပေါင်းစုံ၊ လူပေါင်းစုံ၊ တစ်နေ့တစ်နေ့ ရန်ပွဲတွေ၊ ရိုက်ပွဲတွေနှင့် ကျင်လည်နေသော ပတ်ဝန်းကျင်၊ ဖိုးတာတို့ မိသားစု အဓိကစီးပွားရေးက အရက်ပုန်းရောင်းစားကြတာ၊ ဒီလိုအခြေအနေ မျိုးမှာ ဖိုးတာလူမိုက်စိတ်ဝင်တာဟာ သိပ်တော့မဆန်းပါ။

ဒါဟာ ဖြစ်လေ့ဖြစ်ထရှိသော လောကဓမ္မတာပင် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ အဆိုးဆုံးကတော့ ပညာဉာဏ်နည်းပါးကြသူ တွေကြောင့်ဖြစ်ခဲ့ရခြင်းလည်းပါမည်။

နန်းနန်းနှင့်အတန်းတူ တစ်ခန်းတည်းတက်သော မေမွန့်ပြောဖူးသောစကားလေးကို ပြန်ပြီးကြားယောင်မိသည်၊

"နန်းနန်းရယ်...ငါတို့ပတ်ဝန်းကျင်က မလွယ်ဘူး၊ သူကြမ်းရင်ကိုယ်ကပြန်ပြီးကြမ်းနိုင်မှဖြစ်တာ၊ နူးမှုံ့ဆိုရင် မလွယ်ဘူးဟ၊ ရောမရောက်ရင် ရောမလိုကျင့်ရတာပေါ့ဟယ်"

မေမွန်ပြောသောစကားလေးမှာ ဟုတ်သလိုရှိခဲ့ပေမဲ့ မိမိဂုဏ်သိက္ခာတရားကို မိမိကိုယ်တိုင် ထိန်းချုပ်ရမှာဖြစ်ပါတယ်။ သူများမကောင်းတိုင်း ကိုယ်ကလိုက်ပြီးမကောင်းရင် ကိုယ်လည်းမကောင်းတဲ့ သူဖြစ်မည့်ကိန်းကိုဆိုက်ပြီလေ။ ထိုစကားကိုတော့ နန်းနန်း...မေမွန်ကို မပြောခဲ့မိဘူး၊ ပြောလည်း မေမွန် နားဝင်မှာမဟုတ်ပါဘူး။

"စိတ်ချပြီးသာ ပြန်သွားပါ နန်းနန်း၊ နင် မိုင်းတယ်ဆိုတာကို ငါကလွဲပြီး ဘယ်သူမှ မသိစေရပါဘူး"

"ကောင်းပြီ"

နန်းနန်း အလုပ်စကားပြောဆိုပြီးဖြစ်တာကြောင့် အပြင်ဘက်ထွက်လာခဲ့တော့သည်။ မနက်ဖြန် ဗိုးတာကို သူ့ငွေ ၅၀၀၀ ပေးဖို့ကိစ္စအတွက်ကတော့ သိပ်ပြီးအခက်အခဲမရှိ၊ နန်းနန်း ကျောင်းစရိတ်





နှင့်မုန့်ဖိုးငွေတွေကို နန်းနန်း ဘဏ်တိုးနှင့် တစ်လတစ်လ သိမ်းရုံပြီးရှိနေတာ၊ ဒါတွေကိုမိဘတွေ ကွယ်လွန်သွားပြီးနောက် မိသားစုရှေ့နေကြီး ဦးသာလွန်မှ တိုက်ရိုက်စီစဉ်ပေးထားခြင်းပင်ဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး အစ်ကိုကြီး ခွန်နောင်ဦး ဝင်ရောက်ပြောဆိုခြင်းတော့ မရှိခဲ့ပါ။ ဘာကြောင့်လဲဆိုတာတော့ နန်းနန်းမသိ၊ သိစရာလည်းမလိုပေ။ နန်းနန်း မိဘတွေက နန်းနန်းအတွက် ဘာတွေစီစဉ်ခဲ့တယ်၊ အမွေ တွေ ဘယ်လောက်ထားခဲ့တယ်ဆိုတာလည်း နန်းနန်း ဘာတစ်ခုမှမသိ၊ ငယ်ရွယ်သူမို့လွတ်လပ်ခြင်းပေါ်မှာပဲ ခုံမင်ခဲ့သူဖြစ်သည်။

အစ်ကိုကြီး ခွန်နောင်ဦးသည် ညီမလေးအတွက်ဆိုပြီး ဘာတစ်ခုမှ ဝယ်ပေးခဲ့သူမဟုတ်၊ သူ့ဘဝတွင် ညီမဆိုတာကို ခေါင်းထဲမှာ ထည့်ထားသူမဟုတ်၊ ဒါပေမဲ့ နန်းနန်း၏လွတ်လပ်မှုတွေ ပေါ်မှာတော့ ထားမြဲချုပ်ချယ်တတ်သည်။ မိဘတွေမရှိသည့်နောက်ပိုင်း မောင်နှမ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ကြတာ အရမ်းကို ချစ်ခင်ကြဖို့ကောင်းပေမဲ့ နန်းနန်းကိုယ်တိုင်က အစ်ကိုကြီးကို သံယောဇဉ် ကင်းနေ သလိုပင်။

●●●



www.burmeseclassic.com

www.burmeseclassic.com

အခန်း ၊ ၁ ၊

"ဘာပြောတယ်၊ မင်းကို ခြိမ်းခြောက်စာပို့လိုက်တယ် ဟုတ်လား၊ ကျော်အောင်"

"ဟုတ်ပါတယ် ဆရာ...ဒီမှာပါ"

"ပြစမ်း"

နန်းနန်းကို ကျောင်းပို့၊ ကျောင်းကြိုလုပ်နေသော ဒရိုင်ဘာ ကျော်အောင်နှင့် အစ်ကိုကြီး ဧည့်ခန်းတွင် စကားပြောနေကြတာကို အခန်းထဲမှ နန်းနန်း ကြားနေရသည်။

*ဦးကျော်အောင်*

*ခင်ဗျားသိစေရန် ဒီစာကိုရေးလိုက်ပါတယ်။*

*ခင်ဗျား ကားကို ကျုပ်တို့လမ်းကနေ ဖြတ်သွား နေတာကိုရပ်ပါ။ ခင်ဗျားကားကြောင့် ကျုပ်တို့လမ်း ပျက်နေပြီ။ ပြီးတော့ ကျောင်းသူ၊ ကျောင်းသားတွေလည်း ခင်ဗျားကားကြောင့် စိတ်ရှုပ်စရာဖြစ်နေလို့ ပထမဆုံး နဲ့ နောက်ဆုံးသတိပေးလိုက်ခြင်းဖြစ်ပါသည်။ ဒါကိုမှ ဆက်ပြီးတိုးရင် ကျုပ်တို့အဆိုးမဆိုနဲ့...ဒါပဲ..*





*ကျောင်းသားများ*

"ဟင်..."

ခွန်နောင်ဦး စာကိုဖတ်ပြီး ခဏမျှ ငေးငေးသွားသည်။ ပြီးတော့မှ...

"ဒီစာကို ဘယ်သူလာပြီးပေးတာလဲ"

"မသိဘူးဆရာ၊ နန်းနန်းကို ကျောင်းသွားကြိုပြီး အကြို အပြန် ကားထဲမှာတွေ့ခဲ့တာ၊ ဘာဆက်လုပ်ရမလဲဆရာ"

"ရဲစခန်းကို အကြောင်းကြားမယ်"

"ဟာ... ဆရာ စဉ်းစားပါဦး၊ ရုပြဿနာက ကျောင်းသားတွေ နဲ့သက်ဆိုင်နေတာနော်၊ တော်ကြာ ဆန္ဒပြတာတွေ ဘာတွေလုပ်လာ ရင် ရှုပ်ကုန်မယ်၊ ပြီးတော့ ရကျောင်းကိုသွားရတဲ့နေရာက ရပ်ကွက်နဲ့ ဝေးတယ်၊ ခွန်နဲ့ရှောင်းပြီးပစ်ရင် လူရော၊ ကားပါ မသက်သာဘူး"

"ကား..ကားတော့ ထိလို့မရဘူး"

အစ်ကိုကြီးဆိုသည့်လူမှာ တကယ့်ကို လူမဖြစ်ထိုက်သူပါ။ သူ့ကားကျတော့ မထိနဲ့၊ လူကိုတော့ ထိချင်ထိ ဆိုသောသဘော တရားကတော့ ကျပါမပေ့..။

"ဆရာ.."

"နေဦးကွ၊ ငါစဉ်းစားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလားဆရာ၊ ကျောင်းနဲ့အိမ်က သိပ်ပြီးမှ မဝေးတာ၊ နန်းကိုစက်ဘီးဖြစ်ဖြစ်၊ ခုပေါ်နေတဲ့ ဘက်ထရီဆိုင်ကယ်လေးတစ်စင်းလောက် ဝယ်ပေးလိုက်ပါလား"

"အင်း…မင်းပြောတာမဆိုးဘူး၊ ဒင်းက မစီးဘူးဆိုရင် ခက်ဦးမယ်"

နန်းနန်းအတွက် တကယ့်ကိုအကွက်ထဲကိုတန်းပြီးဝင်လာပြီဖြစ်သည်။ ကိုယ့်ဘက်က ဈေးတင်ဖို့ပဲ လိုတော့သည်။

"နန်းနန်း…"

နန်းနန်း နားစွင့်နေတုန်းမှာပင် အစ်ကိုကြီးခေါ်သံကို ကြားလိုက်ရသဖြင့် အရမ်းကိုပျော်သွားမိသည်။

"အဲ…ငါ့ဘက်က သိပ်ပြီးပျော်နေလို့မရဘူး၊ ဟန်မပျက်နေဦးမှ၊ တော်ကြာ ရိပ်မိသွားရင် နောက်တစ်ကြိမ်အခွင့်အရေးရဖို့မလွယ်ဘူး"

ကိုယ့်အာတွေနဲ့ကိုယ်ကျေနပ်ပြီး အပြင်သို့ထွက်လာခဲ့သည်။

"အစ်ကိုကြီးဘာပြောစရာရှိလို့လဲ"

"နင် ကျောင်းကိုကားနဲ့သွားရတာအဆင်ပြေလား"

"ပြေပါတယ် ဘာဖြစ်လို့လဲ"

"ကဲပါ ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ ရော့ဒီစာကိုဖတ်ကြည့်"

အစ်ကိုကြီးလှမ်းပေးလိုက်သော စာကိုဖတ်ချင်ယောင်





ဆောင် လိုက်ပြီး ဘာမှမသိသလိုနှင့်

"ဟင်…ဒါဆိုဘယ်လိုလုပ်ကြမလဲဟင်"

"အေးဒါတို့လည်း ဒါကိုစဉ်းစားနေတာ"

"အဲ့ဒီရပ်ကွက်မှာနေကြတဲ့လူငယ်တွေက စရိုက်ကြမ်းတယ်နော်၊ ကျောင်းမှာဆိုလည်း တကယ်ကိုလက်ရဲဇက်ရဲတွေ၊ ဇ,ရှိတယ်"

"ဟင် ဟုတ်လား…ဆရာ၊ လူရှောကားရှောမလွယ်ဘူးနော်"

"နေစမ်းပါကွာ ဥပဒေမဲ့တိုင်းပြည်မှ မဟုတ်တာ"

"ဥပဒေမမဲ့တာတော့ဟုတ်ပါတယ်၊ လောလောဆယ်ကိုယ်က အရင်ခံရမှာ…"

"တောက်…ကားနဲ့လူတွေနဲ့ မတန်လို့ပေါ့ကွာ…"

နန်းနန်းနားတွင်ကြားနေရသောစကားလုံးတွေက မသင်္ကာစရာကောင်းနေသည်။ ပါးစပ်ကပြောချင်လိုက်တာမှ ယားနေတာပဲ၊ ကိုယ့်ထက်ကြီးနေသောအစ်ကိုဖြစ်နေတာမို့ကြိတ်မှိတ်ပြီး သည်းခံနေရသည်။

"ကဲပါ ခုကိစ္စကို အစ်ကိုကြီးဘယ်လိုစဉ်းစားထားလဲ"

"မင်း စက်ဘီးနဲ့ဖြစ်ဖြစ် ဘက်ထရီဆိုင်ကယ်နဲ့ဖြစ်ဖြစ် ကျောင်းတက်လို့ဖြစ်မလား"

"ကောင်းပြီလေ သိပ်ပြီးအခက်အခဲဖြစ်နေရင်တော့ ဘက်ထရီဆိုင်ကယ်နဲ့ ကျောင်းသွားပါ့မယ်…၊ ဘာလဲ နေ့ခင်းကနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီးပို့ဦးမှာလား"

ခွန်နောင်ဦး…ကျော်အောင်ကိုလှမ်းပြီးကြည့်တော့…

"ဆရာရယ်ဘာမှဝေးတာမှမဟုတ်တာပြီးတော့ကလေးလည်း မဟုတ်ပါဘူး"

"မင်းကိုငါ ဘာပြောသေးလို့လဲ၊ ဘယ်သူမှပို့စရာမလိုဘူး နန်းနန်းတစ်ယောက်တည်း သွားရဲရင်ဖြစ်တယ်၊ နန်းနန်းဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်"

"ဒါဆိုရင် ညနေ ဘက်ထရီဆိုင်ကာယ်ဝယ်ပြီးပို့လိုက်မယ်"

"နန်းနန်းစိတ်ကြိုက်သွားပြီးဝယ်မယ်၊ အစ်ကိုကြီး မဝယ် ပေး ရင်နေ၊ နန်းနန်း စိတ်ကြိုက်ပဲဝယ်မယ်"

"မင်းဘယ်လောက်ချမ်းသာနေလို့လဲ"

"အစ်ကိုကြီးချမ်းသာသလောက် နန်းနန်းလည်း ချမ်းသာ တာပဲဟာ"

"နန်းနန်း"

"အစ်ကိုကြီး…နန်းနန်းစိတ်ကြိုက်ဝယ်ရမှာလား၊ မဝယ်ရဘူး လား ဒါပဲပြော"

"နန်းနန်း…နင်ကငါ့ကို အမြဲဆန့်ကျင်နေတာပဲနော်၊ ငါ သူငယ်ချင်းကုမ္ပဏီသွားပြီး နင်ကြိုက်တာကိုရွေးခဲ့၊ ပိုက်ဆံမပေးနဲ့၊ ငါ ဖုန်းဆက်ပြီးပြောလိုက်မယ်"

"ကျေးဇူးတင်ပါတယ်"

"နင်တစ်ယောက်တည်း သွားမလို့လား"

"ကိုကျော်အောင်ကိုခေါ်သွားမယ်"

"နန်းနန်း"

"ဘာဖြစ်နေတာလဲ"

"နင်နဲ့သွားရမှာကြောက်လို့ပါ"

"ဘာမှ မကြောက်နဲ့၊ ရှင့်ကားနဲ့ ကျောင်းလမ်းကို မလာဖို့ပဲ အရေးကြီးတယ်"

"အေး…အေးပါ"

"သွားကြမယ်"

"နန်းနန်း… နင်အဝတ်အစားမလဲဘူးလား"

"ဘာလဲစရာလိုလို့လဲ၊ နန်းနန်းက မပြင်လည်းလှနေတာပဲ"

"နင်လှတာ၊ မလှတာ ကိစ္စမရှိဘူး၊ ခွန်နောင်ဦး ညီမဖြစ်နေလို့ ပြောနေတာ၊ ငါသိက္ခာအကျမခံနိုင်ဘူး"

"ခွန်နောင်ဦးညီမလည်း လူပဲ၊ ဗိုက်ထဲကထွက်လာတာပဲမိုး ပေါ်က ကျလာတာမဟုတ်ဘူး၊ ပစ္စည်းသွားပြီးဝယ်တာ အလှသားသွား





သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယူတာမဟုတ်ဘူး၊ ဘာလဲ သူ့ဆိုင်က ဝတ်စားပုံကိုကြည့်ပြီးရောင်းတာလား၊ ဒါဆို တခြားဆိုင်မှာ သွားဝယ်မယ်"

"နန်းနန်း...နင်...နင်ကတော့ကွာ၊ သွားချင်သလိုသာ သွားပော့"

"အိုကေ... လက်စ်ဂိုး...ကိုကျော်အောင်"

ခွန်နောင်ဦးတစ်ယောက် ဟိုတယ်လုပ်ငန်းမှာရော၊ သူ့အိမ်မှာရော တခြားသူများပေါ်၌ ဩဇာညောင်းသူဖြစ်ပေမဲ့ နန်းနန်းပေါ်မှာ ယခုထိ ဩဇာမညောင်းနိုင်သေးပေ။

ငယ်စဉ်ကတည်းက နန်းနန်းသည် ဖခင်ဖြစ်သူ၏ အသည်းစွဲဖြစ်တာကြောင့် မိခင်လုပ်သူတောင် ဆူလို့ ပေါက်လို့မရ။ ပိုပြီးဆိုးတာ နှစ်ဖက် အဘိုးအဘွားတွေက မင်းသမီးတစ်ပါးလို မ,ထားသူဖြစ်သည်။ ခုတော့ နှစ်ဖက်သော အဘိုးအဘွားတွေရော၊ မိခင် ဖခင်တွေရော မရှိကြတော့ပေမယ့် စက်ာပူတွင် နေထိုင်သော ဦးလေးဖြစ်သူ ဦးကောင်းမြတ်ဖေယျ ရှိနေသေးသည်။ ဦးကောင်းမြတ်ဖေယျသည် ဖခင်ဖြစ်သူ၏ ညီဖြစ်ပြီး လူပျိုကြီးပင်ဖြစ်သည်။ ထို့အပြင် ချမ်းသာကြွယ်ဝသူလည်းဖြစ်သည်။ ရှမ်းပြည်နယ်၊ မန္တလေးဘက်တွေမှာ ကုမ္ပဏီကြီးတွေ၊ လီမွှော်ခြံတွေကို ပိုင်ဆိုင်ထားသူလည်းဖြစ်သည်။

ခွန်နောင်ဦးအတွက် ခံပြင်းစရာကောင်းတာကတော့ ဦးကောင်းမြတ်ဖေယျ ပိုင်ဆိုင်သော အမွေဥစ္စာတွေကို တူမဖြစ်သူ





နန်းနန်းကိုသာ လွှဲပေးပြီး ခွန်နောင်ဦးကို တစ်ပြားတစ်ချပ်မှပင် မပေးခဲ့ချေ။ အကယ်၍မောင်နှမနှစ်ယောက် အမွေခွဲရင်တောင် နန်းနန်းသည် ခွန်နောင်ဦးထက် အဆပေါင်းများစွာ ချမ်းသာသူတစ်ဦးပင်ဖြစ်သည်။

ခွန်နောင်ဦး လက်ရှိ လုပ်ကိုင်နေသော ဟိုတယ်များနှင့် တခြားသော စီးပွားရေးလုပ်ငန်းတွေကို သူ့စိတ်ကြိုက်လုပ်ဆောင်ခွင့်ရတာတော့ မဟုတ်။ မိဘနှစ်ပါး ကွယ်လွန်ပြီးနောက်ပိုင်းတွင် ကျန်ရစ်ခဲ့သော ငွေကြေးဥစ္စာနှင့် စီးပွားရေးလုပ်ငန်းတွေကို ခွဲဝေပြီးသားဖြစ်တာမို့ ခွန်နောင်ဦး ပညာသင်စရိတ် အပါအဝင် တခြားသော ကုန်ကျမှုတွေကို သူရရှိသော ပိုင်ဆိုင်မှုထဲမှ ကုန်ကျခံရသည်။

မြန်မာပြည်ကို ပြန်ရောက်လာပြီး စီးပွားရေးလုပ်ငန်းလုပ်တော့လည်း သူပိုင်ဆိုင်သော ငွေကြေးနှင့် လုံလောက်မှု မရှိတာကြောင့် နန်းနန်း ပိုင်ဆိုင်မှုငွေကြေးတွေထဲမှယူသုံးပြီး အမြတ်အစွန်းကို ခွဲဝေပေးနေရသည်။ ခွန်နောင်ဦး ၏အောင်မြင်မှုတွေပေါ်မှာ နန်းနန်းသည် အိမ်မှာထိုင်ရင်း အကျိုးအမြတ်ရနေသူဖြစ်သည်။ သူ့အနေဖြင့် ယူထားသောငွေကြေးတွေကို ပြန်ပြီးဆပ်နိုင်သော်လည်း ပြန်မဆပ်သေးဘဲ ညီမဖြစ်သူကို အမြတ်အစွန်း ယနေ့တိုင်ခွဲပေးနေရလေသည်။

ခွန်နောင်ဦးသည် နန်းနန်း အမွေပစ္စည်းများကို အပိုင်စီးနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် အမြဲစဉ်းစားနေခဲ့သူဖြစ်ပေမဲ့ ယနေ့ရိုန်ထိ နန်းနန်းကိုပင် သူကြိုးကိုင်လို့ပင်မရနိုင်သေးပေ။ နန်းနန်းသည် သူနှင့်ငယ်စဉ်ကတည်းက ဆန့်ကျင်ဘက်သမားတစ်ယောက်ပင်ဖြစ်သည်။ မောင်နှမဆိုပေမဲ့ တူညီခြင်းဆိုတာ တစ်ခုပင်မရှိခဲ့ကြပေ။

"တီ..."

ကားဟွန်းသံကြောင့် ခေါင်းထဲမှ အတွေးများစွာကိုဖယ်ထုတ် လိုက်ပြီး အပြင်သို့လှမ်းပြီးကြည့်လိုက်တော့ သူငယ်ချင်းဖြစ်သူနေလှိုင်ဇော်ကိုတွေ့လိုက်ရသည်။

"ငါ့ကောင်ကြီး ဒီနေ့အပြင်မထွက်ပါလား"

"ထွက်မလို့ပဲကွာ၊ အိမ်မှာကိစ္စလေးရှိနေလို့၊ မင်းငါ့ဆီကို အလည်သက်သက်တော့မဖြစ်နိုင်ဘူး"

"ကိစ္စရှိတာပေါ့ကွာ"

"ကဲ...ပြော.."

"မင်းအသည်းဘူးလေး မနက်ဖြန်ဆို မြန်မာပြည်ကို ပြန်ရောက်ပြီ"

"ဟာ..မင်း နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဒါက နောက်ရမယ့်ကိစ္စမှ မဟုတ်တာ ယောက်ဖရာ"

"ငါ့ကိုဘာလို့အကြောင်းမကြားတာလဲ"





"ဘန်ကောက်ကနေ အားချင်းပြောရလို့တဲ့ ဒီအတွက်တောင်းပန်ပါတယ်လို့တောင် ငါ့ကိုပြောခိုင်းလိုက်ပါတယ်"

မေရီနှင့်နေလှိုင်ဇော်မှာမောင်နှမတစ်ဝမ်းကွဲတွေပင်ဖြစ်ကြသည်။

"ဒါနဲ့ မင်းညီမကိုမတွေ့ပါလား"

"အပြင်ကိုသွားတယ်"

"ခွန်နောင်"

"ဘာလဲ နေလှိုင်"

"မင်းညီမကို မင်းရုထိ ကိုင်လို့မရသေးဘူးလား"

"ခု ဒါဒါကို စဉ်းစားနေတာကွ"

"ကိုယ့်ညီမပဲကွာ၊ ကိုယ်ရေဆိုရေ၊ မီးဆိုမီး ဖြစ်နေရမှာပေါ့"

"နေလှိုင်...မင်းပြောသလောက်မလွယ်ကူလောက်ဘူး သူငယ်ချင်းရေ၊ စကားပုံက လူကြီးရယ်၊ ဥပဒေအကျိုးဆောင်ကြီးတွေကြောင့် ငါ့မှာ အခက်တွေ့နေတာ၊ စိတ်ရှည်ရှည်နဲ့တော့ စောင့်ရမှာပေါ့ကွာ၊ နန်းနန်းက ဘာမှနားမလည်ပါဘူး၊ ကလေးသာ သာပဲရှိသေးတာပါ၊ ဒါတွေထားလိုက်တော့ အပြင်သွားပြီး တစ်ခုခုသောက်ကြရအောင်"

"ဝွတ်...သွားကြမယ်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် ဖိုးတာ"

"ငါ့အတွက် ကျေးဇူးက အရေးမကြီးဘူးနော်"

"ငါသဘောပေါက်တယ်၊ ဒီစာအိတ်ထဲမှာ ပိုက်ဆံပါတယ်"

"သိုင်းကျူးပဲ နန်းနန်း"

"ဖိုးတာ..နင်နဲ့ကိစ္စကပြီးပြတ်သွားပြီနော်"

"အင်းလေ... ဘာဖြစ်လို့လဲ"

"နောက်တစ်ခါငွေတောင်းတာမျိုး၊ ညှစ်တာမျိုးတွေ လုပ်ရင်တော့ ငါက တခြားသူတွေလို ခပ်ညံ့ညံ့တော့မဟုတ်ဘူးနော်"

"နင်က ငါ့ကိုအထင်သေးတာလား"

"သိသင့်သိထိုက်တာကို ကြိုတင်ပြီးပြောပြထားတာပါ၊ သွား





မယ်"

"ကောင်းပါပြီ"

နန်းနန်းအတွက် တကယ့်ကို အလွတ်လပ်ဆုံးနေ့တစ်နေ့ကို ပိုင်ဆိုင်လိုက်ရတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေမိလိုက်သည်။ ဈေးအကြီးဆုံးကားကြီးပေါ်မှာ ထိုင်ပြီး လူတွေငေးကြည့်တာကို ခံနေရတဲ့ဘဝသည် တကယ့်ကို အသက်ရှုကျပ်လှသည်။ နန်းနန်းနေချင်သော ဘဝက ခုလို အနှောင်အဖွဲ့ကင်းပြီး ပကာသနမဲ့ ပျံသန်းချင်သူတစ်ဦးပင်ဖြစ်သည်။

"အင်း..ငွေတစ်သောင်းနဲ့လဲယူလိုက်ရတဲ့ လွတ်လပ်မှုတစ်ခုပဲ"

"ဟော့..ကောင်မစုတ်"

"ဟ...ပလုတ်တုတ်၊ လန့်လိုက်တာ အင်ကြွင်းရာ"

"နင် ဘာတွေပြုံးပြီး မျက်နှာကြီးက လမင်းကြီးလို ဖြစ်နေတာလဲ"

"ငါတို့အကြံအစည် အောင်မြင်သွားပြီလေ"

"ဟင်..တကယ်"

"ဟိုမှာတွေ့လား"

နန်း သူ့ဆိုင်ကယ်လေးကို လှမ်းပြီးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘကိန်းထရိဆိုင်ကယ်လေး ဘာဖြစ်လို့လဲ"

"ငါ့ကိုအစ်ကိုကြီးက ဝယ်ပေးလိုက်တာ၊ ကားနဲ့လိုက်ပြီး မပို့တော့ဘူးလေ"

"ဒါဆို တကယ် ဝွတ်သွားပြီပေါ့"

"ဒီနေ့ ငါ့ရဲ့လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲကို ညည့်ခံကျွေးမွေးမယ်၊ ကျောင်းလွှတ်တာနဲ့ အမေရှောမုန့်ဟင်းခါးဆိုင်မှာ အဝစားကြ"

"ဒီအစီအစဉ်ကာ ပိုပြီးတောင်ဝွတ်သေးတယ်"

"အငတ်မ"

အရင်ကဆို အမေရှောဆိုင်မှာ မုန့်ဟင်းခါးစားချင်တယ်ဆိုကိုကျော်အောင်ကို ကားရပ်ခိုင်းပြီး ဝင်စားရသည်။ မုန့်ဟင်းခါးဆိုင်ရှေ့တွင် ကားကြီးရပ်ပြီး စားရတာကြောင့်အရသာ ခံတွင်းမတွေ့ပေ။ ခုတော့ ဒီလို စိတ်မွန်းကျပ်မှုတွေ ကင်းဝေးသွားသည့်အပြင်၊ သူငယ်ချင်းတွေနှင့်ပျော်ပျော်ပါးပါးကို စားကြရမှာဖြစ်သည်။

လောကကြီး၏ အကြောင်းကို ခြေလှမ်းများစွာနှင့် နန်းနန်းရှာဖွေချင်သူဖြစ်သည်။ ရွှေလှောင်အိမ်ကြီးထဲမှာ ပကာသနရောင်စုံတွေနှင့် လောကကြီးကိုတံခါးပိတ်ထားတဲ့ဘဝကို လွန်စွာခါးသီးသူပင်ဖြစ်သည်။





ခွန်နောင်ဦးကတော့ သူ့ကိုရွှေလှောင်အိမ်ထဲထည့်ပြီးဘုံရုနစ်ဆင့်ပေါ်တင်ထားဖို့ အကွက်ဆင်နေသူ...၊ နန်းနန်းက မြေပြင်ပေါ်ကမြက်ခင်းပြင်တွေမှာပဲ လွတ်လပ်စွာအိပ်စက်ချင်သူ...၊ ဒါကိုမိုက်မဲတယ်လို့သတ်မှတ်ရင် နန်းနန်းကတော့ကျေနပ်စွာပဲ ခံယူလိုက်မှာပါ...။

"နင်ဖိုးတာနဲ့ဇယားက ပြီးသွားပြီလား"

"စောစောကပဲအပြီးသတ်လိုက်ပြီ၊ နောက်ထပ်တွယ်ကပ်ဖို့မကြိုးစားနဲ့လို့လည်း တစ်ခါတည်း သတိပေးလိုက်တယ်"

"ဒီလိုကောင်နဲ့က ခပ်ပြတ်ပြတ်ဆက်ဆံမှနောက်နှိမ့်ဆိုရင်မလွယ်ဘူး အရှုပ်ထုပ်ကောင်"

"ရှုပ်လို့ရမယ့်သူကိုပဲ ရှုပ်လို့ရမှာပေါ့၊ ငါ့ကိုလာပြီးရှုပ်လို့ရှိရင်ဘာဖြစ်မယ်ဆိုတာ သူသဘောပေါက်မှာပါ"

နန်းနန်းကအလယ်တန်းကျောင်းသူဘဝကတည်းက ခပ်အေးအေးနေတတ်သလို ခပ်ကြမ်းကြမ်းလည်းကိုင်တွယ်တတ်သူတစ်ဦး... နန်းနန်းနှင့်အလယ်တန်းကျောင်း စပြီးတက်ကတည်းကတွဲခဲ့ ကြသဖြင့် သူ့အကြောင်းကောင်းကောင်းသိခဲ့သည်။ နန်းနန်း(ဂ)တန်းကျောင်းသူဘဝက ကျောင်းမှာဖြစ်ပျက်ခဲ့တာလေးတစ်ခုရှိခဲ့ဘူးသည်။ ဒီတုန်းက အစ်ကိုကြီးအမေရိကန်တွင်ပြီးနေစဉ်ကာလ... နန်းနန်းတို့ကျောင်းမှာ ဆရာကန်တော့ပွဲလုပ်ဖို့ကျောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားတွေ အခမ်းအနားကိုပြင်ဆင်ရန် အတန်းပိုင်ဆရာမမှ ကော်ထုပ်သွား ဝယ်ခိုင်းသဖြင့် အင်ကြင်းနှင့်နှစ်ယောက် ကျောင်းမှ စတိုးဆိုင်သို့ထွက်ခဲ့ကြစဉ် လမ်းတွင် -

"ဗူး...ဟယ်..."

နန်းနန်းတို့ရှေ့တွင် ကားတစ်စီးသည်ရေခဲပုံးနှင့် အအေးထုပ်လိုက်ပြီးရောင်းနေသောကလေးတစ်ယောက်ကိုပွတ်ကာဆွဲသွားသဖြင့် ကလေးမှာ ဘေးသို့လဲကျသွားတာကို တွေ့လိုက်ရသည်။ ကားဆရာမှာ ကားရပ်ပေးခြင်းမပြုဘဲ မသိကျိုးကျွန်ပြု မောင်းထွက်သွားသည်။

"တောက်...မိုက်ရိုင်းလိုက်တာ"

လူလူချင်းလူမဆန်သော လုပ်ရပ်မြင်ကွင်းပေါ်တွင် နန်းနန်းမြင်တွေ့ရသည်။ လွန်စွာခါးသီးလှပေသည်။ ဒီလိုလူတန်းစားတွေကြောင့် နန်းနန်းနလုံးသားတွင် အမုန်းတရားတွေဖြစ်ပေါ်နေရခြင်းဖြစ်သည်။ လဲကျနေသောကလေးနားကို အပြေးကလေးသွားပြီးကြည့်တော့ ရေခဲထုပ်တွေမှာအောက်မှာလွင့်စင်နေသလိုရေခဲဘူးမှာလည်းကွဲသွားခဲ့ပြီဖြစ်သည်။

"ဟီး... အီး... အီး..."

"မောင်လေး ဘယ်ကိုထိသွားသေးလဲ"





"ခြေထောက်ကအရမ်းနာတယ်၊ မေမေ...မေမေရိုက်တော့မယ်"

"ဘာလို့ရိုက်မှာလဲ"

"ရေ...ရေခဲဘူးကြီးကွဲသွားပြီ...ဟီး...အီး...အီး..."

ကလေးမှာသူ့ဒဏ်ရာထက် ရေခဲဘူးကြီးကွဲသွားတာကို ပိုပြီးစိုးရိမ်ကြောက်နေပုံရသည်။

"မောင်လေးအိမ်ဘယ်မှာလဲ"

"ဟို...ဟိုရပ်ကွက်နားမှာပါ"

"အင်ကြင်း သူ့ကိုလိုက်ပြီးပို့ပေးရအောင်"

"ဆရာမဆူဦးမယ်"

"ဆူဆူပါ...ကလေးတစ်ယောက်ခုလိုဖြစ်နေတာကိုမဆိုင်သလိုတော့ ပစ်မသွားနိုင်ဘူး...နင်မလိုက်ချင်ရင်နေခဲ့"

"လိုက်ပါမယ်ဟာ"

ကလေးငယ်ကိုအင်ကြင်းနှင့်တစ်ဖက်စီဆွဲပြီး ခေါ်လာခဲ့ကြတော့သည်။ နန်းမျက်လုံးထဲမှာကလေးကိုပွတ်ဆွဲသွားသောကားနံပါတ်ကိုမှတ်မိလိုက်သည်။

"အင်ကြင်းနင်ဒီကားကို တွေ့ဘူးလား"

"ဟင့်အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်လူမဆန်တဲ့လူတွေ...တစ်ခါတည်းအရှုံးဖြစ်သွားအောင် နှင်းရေချပစ်လိုက်ချင်တယ်..."

"နန်းနန်းရယ်စိတ်ကို လျှော့လိုက်ပါဟာ..."

"ဒီလိုကိစ္စမျိုးက သည်းခံလို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူး"

"သည်းမခံလို့နှင်ဘာဆက်လုပ်လို့ရမှာလဲ"

"ရလုပ်လို့မရပေမဲ့လုပ်လို့ရနိုင်တဲ့အခါကျရင်လုပ်ပြမယ်"

"နှင်နဲ့ဟာ ကိုယ့်သွေးသားမှမဟုတ်တာ"

"အေး နှင်တို့လိုလူမျိုးတွေကြောင့် ရလိုရမ်းကားချင်တိုင်းရမ်းကားခွင့်ရနေကြတာ...မတရားမှုဆိုရင်ကိုယ့်သွေးသားမှမဟုတ်ဘူး လူလူချင်းကူညီပေးရမှာ လူ့ဝတ္တရားပဲဟဲ့"

"နှင့်စကားတွေက အရမ်းကိုမြင့်နေတယ်ဟာ ငါလိုက်မမီဘူး"

"မမီရင် မမီသလိုပဲနေလိုက်တော့"

နန်းနန်းတို့ရပ်ကွက်လမ်းကလေးတစ်ခုသို့ဝင်ခဲ့ကြပြီး သိပ်မကြာ...အိမ်ကလေးတစ်လုံးရှေ့ကို ရောက်ခဲ့ကြသည်။

"လှစိုး... နှင် နှင်ဘာဖြစ်လာတာလဲ... ဟယ် ကြည့်ပါဦးရေခဲဘူး ကွဲသွားပြီ...လာစမ်း"

မိခင်ဖြစ်သူမှာ ကိုယ့်ကလေးဘာဖြစ်သလဲဆိုတာကို အရင်မေးခြင်းမပြုဘဲ အပြစ်လုပ်ပြီးရိုက်နက်ဖို့ကိုသာ ပြင်နေတာကြောင့်-





"ဒီမှာအန်တီ မောင်လေးကဘာမှအပြစ်မလုပ်ဘူး လုပ်သွားတာ ကလူစိတ်မရှိတဲ့ ကားသမား"

"ညည်းတို့ကဘာတွေလဲ နှင်တို့ကြောင့်ဖြစ်တာလား"

နန်းနန်းစိတ်အတော့်ကိုပျက်မိသည်။ ဆင်ခြင်တုံတရားကင်းမဲ့သောလူတွေနှင့် လာပြီးတွေ့နေရပြီဖြစ်သည်။

"ကျွန်မတို့က ဘာမှမဟုတ်ဘူး ကလေးကိုအမြင်မတော်လို့ လာပြီးပို့ပေးတာ"

"နှင်နဲ့ငါ ကောင်းကောင်းတွေပြီ...လှစိုးလာခဲ့စမ်း"

"ဒီမှာအန်တီ ကလေးကိုမရိုက်ပါနဲ့"

"အဲမာ ငါ့သားကိုငါရိုက်တာ နှင်ကအမိန့်လာပြီးပေးရတယ်လို့"

"ကလေးမှာက အပြစ်မှမရှိတာ"

"ရှိရှိ...၊ မရှိရှိဒီကောင်ကြောင့် ငါ့ရဲ့မရှိမဲ့ရှိမဲ့ အရင်းအနှီးလေးတုန်ပြီ"

"အန်တီ့အရင်းအနှီးက ဘယ်လောက်ရှိလဲ"

"(၂၀၀၀)ကျော်ရင်းထားရတာဟဲ့"

"အန်တီ့ပိုက်ဆံကို မနက်ဖြန်မှာလာပြီးပေးမယ်၊ ကလေးကို မရိုက်ပါနဲ့"

"နန်းနန်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဆက်ဆက်လာပြီးပေးမှာလား"

"စိတ်ချ... စောင့်နေပါ၊ မောင်လေးသွားမယ်နော်"

"ဟုတ်ကဲ့မမ..."

နန်းနန်းတစ်ယောက်လှုစိတ်ကင်းမဲ့သော သူတွေကြောင့် သူ့အတွက်အရမ်းကို စံပြင်းခြင်းတွေ မုန်းတီးခြင်းတွေကို သနေ့တည် ပေးလိုက်သလိုပင် ဖြစ်နေတော့သည်။

"ကားသမားလွှတ်အောင်သာ ပြေးထားပေတော့"

♥♥♥



ကလေးငယ်အတွက်ရခဲ့ဘူးဗိုးငွေ (၂၀၀၀) ကိုနန်းနန်းကတိ အတိုင်းပေးပြီး အင်ကြွင်းနှင့်အတူပြန်ပြီးထွက်လာခဲ့ကြသည်။ ကလေး ငယ်၏မြေထောက်ဒဏ်ရာကိုပင် ဆေးလိမ်းပေးခဲ့ရသေးသည်။

"လူစုတ်တွေ"

"ဟဲ့... နန်းနန်းနင်ဘယ်သူ့ကိုပြောနေတာလဲ"

"ဘယ်သူ့ကိုပြောရမလဲ၊ ဟိုကားသမားရော၊ ကလေးအမေ ရော၊ ကလေးကို သနားလို့သာ၊ နို့မို့ဆိုရင် အရမ်းကိုပြောချင်နေတာ"

"နန်းနန်း နင်ကတော့ တကယ့်အံ့ဖွယ်လူသားပဲဟာ"

"အံမာ ငါက အံ့ဖွယ်လူသားဖြစ်ရအောင် ရျိုပေါ်ဒေနေလို့



www.burmeseclassic.com

www.burmeseclassic.com



လား၊ နင့်စကားက ဘာလဲအင်ကြင်း"

"နင့်ကို ရှုံ့ပေါက်နေတယ်လို့ပြောတာမဟုတ်ဘူး၊ နင့်စိတ်ဓာတ်နဲ့ နင့်လုပ်ရပ်ကိုပြောတာ"

"ဒါက ငါလုပ်ကြံပြီးဖြစ်ပေါ်လာတဲ့ စိတ်ဓာတ်မဟုတ်ဘူး၊ ငါ့ရဲ့မွေးရာပါစိတ်ဓာတ်ပဲ၊ စကားကြီး စကားကျယ်ပြောရရင် လူ့သားစိတ်အပြည့်ရှိတဲ့ စိတ်ဓာတ်ပဲ"

"နင် တကယ့်ကိုအကြောက်တရားမရှိဘူးနော်"

"အင်ကြင်း...လူဆိုတာ အကြောက်တရားကင်းတဲ့သူ မရှိသလို ကြောက်သင့်တာကို ကြောက်ရတယ်၊ မကြောက်သင့်တာကို မကြောက်ရဘူး၊ နင့်ကြည့်ရတာ ဆရာတော်ကြီးတွေ တရားခွေတွေ ဘာတွေ နားမထောင်ဘူးနဲ့တူတယ်"

"နင်ပြောရင်လည်းခံရမှာပဲဟာ၊ တရားခွေနာရမှာကို အရမ်းပျင်းတာ"

"တရားနာလို့ နိဗ္ဗာန်ရောက်တာ မရောက်တာထက် နင့်ရဲ့အသိစိတ်တွေကို ပွင့်လင်းစေတာကတော့ သေချာတယ်"

"အေးပါဟာ၊ နောက်နေ့ကျရင် နာကြည့်ပါ့မယ်"

"ဒီနေ့ နာတော့ရော ဘာဖြစ်မှာမို့လို့လဲ"

"ဒီနေ့ကကိုရီယားဇာတ်လမ်းတွဲဇာတ်သိမ်းခန်းလေ...ဟဲ...ဟဲ"





"ရှိုးရာပျက်မတွေ"

သူငယ်ချင်းနှစ်ယောက် စကားပြောရင်း ကျောင်းဘက်သို့ လျှောက်လာကြစဉ်...

"ဟင်...ဟို...ဟိုမှာ"

"ဘာ...ဘာလဲ နန်းနန်း"

"မနေ့က တလေးကို ဒုက္ခပေးသွားတဲ့ကား"

"အယ်...ဟုတ်တယ်"

လမ်းကျဉ်းမလွတ်မလပ်တွင် ကားရပ်ထားတာကို လှမ်းပြီးတွေ့လိုက်ရခြင်းဖြစ်သည်။ ကားရပ်ထားသောအိမ်မှာ တစ်ထပ်တိုက်အလေးဖြစ်ပြီး ထိုရပ်ကွက်အတွက်တော့ လူကုံထံတစ်ဦးဖြစ်နိုင်သည်။ ဒါပေမယ့် နန်းနန်း နေထိုင်သော အိမ်နှင့်နှိုင်းယှဉ်လိုက်ရင် ထိုအိမ်မှာ ကားဂိုဒေါင်သာသာလောက်သာရှိသည်။

"လာ...သွားမယ်"

"နန်းနန်း... ဘယ်သွားမှာလဲ"

"ကားသမားကိုသွားပြီး စာရင်းရှင်းမယ်"

"ဟယ်...နန်းရယ်၊ နင်ကတော့ပြဿနာပဲဟာ"

အင်ကြင်းတစ်ယောက် နေလည်းမနေခဲ့ဘဲ နန်းနန်းနောက်ကနေ ကပ်ပြီးလိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားနားကိုရောက်တော့ အိမ်ထဲမှ အသက် (၄၀) လောက်ရှိသော လူကြီးတစ်ယောက် ထွက်လာတာကိုတွေ့လိုက်ရသည်။ နန်းနန်း ကားကိုနောက်မှရှေ့ကို သေသေချာချာကြည့်ပြီး

"ဒီကားပဲ လွဲကိုမလွဲဘူး"

"ဟေ့..ငါ့ကားကို ဘာလို့ကြည့်နေတာလဲ"

"ကားကိုကြည့်နေတာမဟုတ်ဘူး၊ တရားခံကိုလာရှာတာ"

"ဘာကွ"

"ဦးလေးကြီး မနေ့က ဘာကျူးလွန်ခဲ့တယ်ဆိုတာ မှတ်မိမှာပေါ့"

"မင်းဘာတွေလာပြီးပြောနေတာလဲ၊ ရူးနေလား"

"ရူးနေတာက ကျွန်မ မဟုတ်ဘူး ဦးလေး... လူစိတ်မရှိဘဲ ကလေးတစ်ယောက်ကို ကားနဲ့ ပွတ်ဆွဲသွားပြီး မောင်းပြေးသွားတာလေ"

"နန်းနန်း"

အင်ကြင်း...နန်းနန်း လက်မောင်းကို အတင်းဆွဲပြီး တားနေပေမဲ့မရတော့ပေ၊ နန်းနန်း ဒေါသတွေက အမြင့်ဆုံးကိုရောက်နေပြီဖြစ်သည်။

"မင်း ခု ငါ့ရှေ့ကထွက်သွားစမ်း"





"ထွက်သွားဖို့လာတာမဟုတ်ဘူး၊ စာရင်းရှင်းဖို့လာတာ"

"အံမာ...မင်းက ကြီးကြီးကျယ်ကျယ်နဲ့ မင်းဘာလုပ်ချင်လဲပြော"

"ဦးလေးကြီးကို ရဲစခန်းကိုတိုင်မယ်"

"ဘာ.."

ထိုလူကြီးမျက်နှာတစ်ခုလုံး နီမြန်းသွားပြီ၊ နန်းနန်းကို စားတော့မလိုဝါးတော့မလို ကြည့်နေလေသည်။

"ဒါလက်ပါတော့မယ်..သွားကြစမ်း"

"မသွားဘူး၊ ကလေးအတွက် နစ်နာကြေးသွားပြီးပေးပါ"

"ဒီဟာမလေးတော့ နာချင်ပြီ"

"လုပ်ကြည့်လိုက်လေ၊ ဦးလေးကြီး ကျွန်မအသားကိုထိတာနဲ့ဘာဖြစ်သွားမယ်ဆိုတာ ချက်ချင်းသိသွားစေရမယ်"

"ဖယ်စမ်းဟာ"

"ဟယ်... နန်းနန်း"

နန်းနန်းကို ထိုလူကြီး အတင်းဆွဲဖယ်လိုက်တာကြောင့် ဘေးသို့လဲကျသွားသည်။

"တောက်..."

နန်းနန်း လဲကျနေသောဘေးတွင် အုတ်ခဲကျိုးတို့တွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ကောက်ယူပြီး ကားမှန်ကိုပစ်ပေါက်လိုက်သည်။

"ကဲဟာ.."

"ရွှမ်း..."

"ဟာ..နင်...နင်..."

ကားရှေ့မှန်ကြီးမှာ ကွဲအက်ကြေမွသွားတော့သည်။

"ကောင်မစုတ်..သေဖို့သာပြင်တော့"

"ဟော့လူ ရပ်လိုက်"

လူကြီး(၃)ယောက်ရောက်လာတာကြောင့်နန်းနန်းကိုရိုက်နက်ဖို့ပြင်နေသော ထိုလူကြီး ရပ်တန့်သွားသည်။

"ဒီကလေးတွေက ကျောင်းသူတွေနော်၊ ခင်ဗျားဒုက္ခရောက်သွားမယ်"

"ကျုပ်ကားကို ခဲနဲ့ထုတာကို ဒီအတိုင်းကြည့်နေရမလားဗျ"

"ဒါ...သူတို့ကျောင်းက ဆရာ၊ ဆရာမတွေနဲ့ရှင်းပေါ့၊ ခင်ဗျားလက်ပါမယ်ဆိုရင်တော့ ကျုပ်တို့က ဒီအတိုင်းလက်ပိုက်ကြည့်နေမှာမဟုတ်ဘူး၊ သမီးက ဘာလို့ ကားကိုခဲနဲ့ပေါက်တာလဲ"

"ဒီလူကြီး ကလေးတစ်ယောက်ကို ကားနဲ့ပွတ်တိုက်ပြီး မောင်းပြေးသွားတာကို လာပြီး ရှင်းနိုင်းတာကိုရန်မူလို့"

"ဟင်...ဟာ.."





"အဲဒီကလေးက သမီးနဲ့ဘာတော်လို့လဲ"

"ဘာမှမတော်ပါဘူး၊ မတရားလုပ်လို့ ဝင်ပြီးပြောတာ၊ သူ့ကား မှန်လောက် မပြောနဲ့ ကားတစ်စီးလုံးတောင်ဝယ်ပြီး မီးရှို့ပစ်လို့ရတယ်၊ အန်ကယ့်ဆီမှာ ဖုန်းပါရင် ခဏလောက်ငှားပါ"

"ရော့ရော့..ပါတယ်"

နန်းနန်း...လူကြီးဆီမှ ဟန်းဖုန်းကို ခဏတောင်းယူလိုက်ပြီး တရားရုံးချုပ်ရှေ့နေကြီး ဦးသာလွန်ဆီကို ဖုန်းဆက်ပြီးအကျိုးအကြောင်းကိုလှမ်းပြီးပြောပြလိုက်သည်။

"နောက် နာရီဝက်လောက်ကြာရင် ကျွန်မ ဦးလေးတစ်ယောက်ရောက်လာပါလိမ့်မယ်"

"အေးအေး...ကဲ..ဦးကောက်လု၊ ကလေးကျောင်းကိုသွားပြီး အကျိုးအကြောင်းသွားပြီးပြောဗျာ"

"အင်း...အင်း.."

ထိုနေ့အတွက် အင်ကြင်းရော၊ နန်းနန်းပါ ကျောင်းနောက်ကျပြီးပြဿနာကြီးတစ်ခုကို ရှင်းနေရပြီဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးခန်းတွင် ကျောင်းမှ ဆရာမရော ရှေ့နေကြီးဦးသာလွန်နှင့်ရပ်ကွက် လူကြီးတွေ ထိုအမှုကြီးကို ရှင်းလိုက်ကြရသည်။

ကားသမားကို အပြစ်ရှိတယ်လို့သတ်မှတ်ပြီး ဒဏ်ငွေ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရိုင်းခဲ့သည်။ နန်းနန်းကတော့ ကားမှန်ကို အုတ်ခဲကျိုးနှင့်ပစ်ခဲ့တာကြောင့် လျော်ကြေးပေးခဲ့ရသော်လည်း ကျောင်းတွင် နန်းနန်းသတင်းကတော့ကျော်ကြားသွားတော့၏။

သူမှန်တယ်ထင်ရင် ဘာကိုမှ ဂရုမစိုက်တတ်သော နန်းနန်းအတွက် ရှေ့ဆက်ရမည့်အနာဂတ်တွင် ဘာတွေကို ရင်ဆိုင်ရမည် မသိတော့ပါ။

●●●



## အခန်း ၊ ၂ ၊

ရက်စွဲပေါင်းတွေက ဘေးကိုဖယ်လိုက်၊ ရက်စွဲသစ်တွေက နေရာယူလိုက်နှင့် ရာသီပြက္ခဒိန်တွေ တစ်ရွက်ပြီးတစ်ရွက် ကျန်ခဲ့ရင်း နှင့် နန်းနန်း၏ ဘဝရေးသည်လည်း ဒီလိုနှင့်ပဲဖြတ်ကျော်ခဲ့ရပြီမဟုတ်လား။

(၁၀)တန်းကို (၅)ဘာသာ ဂုဏ်ထူးဖြင့်အောင်ပြီး နန်းနန်း ဖိတ်သနားပါသော ဆေးတက္ကသိုလ်သို့တက်ခွင့်ရခဲ့သည်။

သူငယ်ချင်းတွေကတော့ (၁၀)တန်းကို အတူတူအောင်ခဲ့ကြပေမဲ့ ရိုးရိုးသာ အောင်မြင်ခဲ့ကြတာမို့ တက္ကသိုလ်ပုံရိပ်တွင် လမ်းခွဲခဲ့ကြရသည်။ တစ်ယောက်နှင့်တစ်ယောက် ဆုံခဲ့ကြပေမဲ့ အရင်လိုတော့ အချိန်ပြည့်မတွေ့ကြရတော့ပါ။

နန်းနန်းဆေးတက္ကသိုလ်စပြီးတက်သောနှစ်တွင် အမေကြီး



www.burmeseclassic.com

www.burmeseclassic.com



မှ သူ့လုပ်ငန်းတွင် ထည့်ဝင်ထားသော အစုရှယ်ယာငွေတွေကို ပြန်ပြီး ဆပ်ခဲ့သည်။ ဒါဟာ အစ်ကိုကြီး၏ စီးပွားရေးပိုင်းပေါ်မှာထားရှိသော သဘောထားပင်ဖြစ်သည်။ ညီမတစ်ယောက်၏ တာဝန်ကို လုပ်ငန်း ငွေကြေးမပါဘဲ အလွတ်သဘောပဲ တာဝန်ယူခြင်းဖြစ်သည်။

နန်းနန်းအတွက် ဘာမှ မဖြစ်လောက်ပါဘူး၊ ဦးလေးဖြစ်သူ ဦးကောင်းမြတ်ဖေယျာကလည်း အစ်ကိုကြီးနှင့်ပတ်သက်ဆက်နွယ် နေတာကို လုံးလုံး သဘောမကျသူပင်ဖြစ်သည်။

နန်းနန်းသတိထားမိသလောက်ဦးလေးဦးကောင်းမြတ်ဖေယျ သည် အစ်ကိုကြီးပေါ်တွင် ဆက်ဆံရေး နွေးထွေးမှု သိပ်မရှိပေ၊

အစ်ကိုကြီးက လိုက်လိုက်လျောလျော ဆက်ဆံပေမဲ့ အရင် ငယ်စဉ်ကထက် ရနောက်ပိုင်းတွင် ခပ်တန်းတန်းပင်နေထိုင်ကြသည်။

ဦးလေး မြန်မာပြည်ကိုရောက်တဲ့အခါ နန်းနန်းတို့ အိမ်မှာ ရက် အနည်းငယ်သာ တည်းခိုနေထိုင်ပြီး နန်းနန်းနှင့် သွားစရာရှိတာ ကို သွားပြီး ဝယ်ခြမ်းပေးစရာရှိတာကို ဝယ်ပေးပြီး ပြန်သွားတတ် သည်။

တစ်ခါတစ်ခါ မန္တလေးက လုပ်ငန်းတွေ၊ ရှမ်းပြည်နယ်ဘက် က မြေတွေကို ကျောင်းပိတ်ရက်နှင့်တိုက်ဆိုင်သည့်အခါ ခေါ်သွားတတ် သည်။





"နောက်ဆိုဒီလုပ်ငန်းတွေ၊ ဒီမြေတွေကိုသမီးက အုပ်ချုပ်ရမှာ"

"ဦးလေးကရော..."

"ဦးလေးက လောကီဘဝကြီးကို အရမ်းငြီးငွေ့နေပြီ၊ ငါ့သမီး လေးပညာမစုံသေးလို့စောင့်နေရတာ"

"အစ်ကိုကြီးကိုဘာကြောင့်မလွှဲပေးတာလဲ"

"ဒီကောင်နဲ့ ဒါတွေဟာ မတိုက်တန်ဘူး"

နန်းနန်းမေးတိုင်း အစ်ကိုကြီးပေါ်မှာ စေတနာမရှိတာကို တွေ့တွေ့နေရသည်၊ တကယ်ဆို တူနဲ့တူမ နှစ်ယောက်တည်းရှိတာ ရှိပေပြီး ခွဲဝေပေးသင့်တယ်ဆိုပေမယ့် အစ်ကိုကြီးနဲ့ပတ်သက်ပြီး ထားပင် မဟခဲ့ပေ။ ဘာကြောင့်လဲဆိုသည်ကိုတော့ နန်းနန်း မသိခဲ့ရိုး ပါ။ နန်းနန်း သိနိုင်တာကတော့ သံဝေဂဇာတ်အခြေခံကြောင့်လို့ပဲ ထင် ခံလိုက်ပါသည်။

သံဝေဂဇာတ်၏ လျှို့ဝှက်ချက်အဖြေကိုတော့ နန်းနန်း မရှာ ချင်တော့ပါ။ နန်းနန်းဘဝအတွက် ဆန္ဒတွေနှင့်ထပ်တူဖြတ်သန်း နေခြင်းကိုပဲ နှစ်သက်သည်။ လူသားတွေကြားတွင် စာနာထောက် ထားမှုတွေ ကူညီရိုင်းပင်းနေခြင်းသည်က နန်းအတွက် ကျေနပ်ရဆုံး နေ့ရက်တွေပဲဖြစ်တော့သည်။

အစ်ကိုကြီးက နန်းနန်း ဆရာဝန်ဖြစ်တာကိုဂုဏ်ယူနေသော



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကတော့ ဂုဏ်ပကာသနပေါ်တွင် ယစ်မူးခြင်းဖြစ်သည်။ နန်းနန်း ခံယူချက်နဲ့ တကယ်ကိုတခြားစီပင်။ နန်းနန်း ဆရာဝန်ဖြစ်ချင်တာ ဂုဏ်သိက္ခာတရားအတွက် မဟုတ်၊ ဆင်းရဲနွမ်းပါးသူတွေကို ဆေးကုသပေးချင်လို့သာဖြစ်သည်။

ယနေ့ခေတ် ဆေးကုသမှုတွေဟာ သာမန်အခြေခံ လူ့အသိုင်းအဝိုင်းအတွက်အကုန်အကျများသဖြင့်ဆေးကုရန်ငွေကြေးအရမ်းကို ခက်ခဲစေခဲ့တာတော့အမှန်။ ဒါတောင် ခေတ်၏ တိုးတက်ပြောင်းလဲမှုကြောင့် စေတနာ ဆေးကုခန်းတွေ၊ အလှူရှင်တွေ ပေါ်ပေါက်ခဲ့ပေမဲ့ မြန်မာနိုင်ငံတွင် ဆင်းရဲသူများပြားသော တိုင်းပြည်ဖြစ်တာကြောင့် နန်းနန်းဘက်မှ တစ်ဦးချင်းစွမ်းနိုင်သလောက်ကို လုပ်ကိုင်ရန် ဆုံးဖြတ်ထားသူဖြစ်သည်။

နန်းနန်း အလုပ်သင်ဆရာဝန်ပင်ဖြစ်နေခဲ့ပါပြီ။ နောက်နှစ်ဆိုလျှင် ဆရာဝန်တစ်ဦး ဘဝကိုပိုင်ဆိုင်ရတော့မှာဖြစ်သည်။ ဒီအတွက် နန်းခေါင်းထဲတွင် မနက်ဖြန်များစွာကိုစိတ်ကူးနှင့်အစီအစဉ်တွေ ချထားခဲ့ရသည်။

"နန်းနန်း"

"အစ်ကိုကြီး"

နန်းနန်းဂျူတီနားရက်ဖြစ်တာကြောင့်အပြင်တွင် အင်ကြင်းပန်းပင်အောက်ကြိုရိုရှိန်းထားတာကြောင့်အပြင်သို့ထွက်မည်အပြုခည့်ခန်းထဲ၌ အစ်ကိုကြီး လှမ်းပြီးခေါ်လိုက်တာကြောင့် ဆိုဖာပေါ်တွင်ဝင်ပြီး နှုတ်ဆက်ချင်းဆိုင် ထိုင်လိုက်သည်။

"နန်းနန်းကိုပြောစရာရှိလို့လား"

"အင်း..."

"ဒါဆိုပြောလေ၊ သူငယ်ချင်းတွေနဲ့ ချိန်းထားတာရှိလို့"

"နင်နဲ့ငါက တစ်အိမ်တည်းမှာ အတူတူနေကြတာနော်"

"ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လို့လဲ"

"ညီမတစ်ယောက်ရဲ့အခြေအနေနဲ့ပတ်သက်ပြီးအစ်ကိုဖြစ်သူက ဘာမှမသိဘူးဆိုတာ မဖြစ်သင့်ဘူးထင်တယ်"

"နန်းနန်းက ထူးထူးခြားခြား ဘာတွေကိုများ မသိအောင်လုပ်ထားတာရှိလို့လဲ အစ်ကိုကြီး"

"မင်း ပညာရေးနဲ့ပတ်သက်ပြီးတော့ အစ်ကိုဖြစ်တဲ့ငါ့ကို ဆိုင်သလို ထားထားတာဟာ ဘယ်လိုသဘောလဲ"

"အဲ ...ဒါဆို ... နန်းနန်းဘက်ကလည်း မေးစရာရှိတယ်၊ အစ်ကိုကြီးကရော နန်းနန်းပညာရေးနဲ့ပတ်သက်ပြီး မေးခဲ့ဘူးတာ ရှိလို့လား"

"ငါက နင်မြင်တဲ့အတိုင်း အလုပ်နဲ့လူက စွာလို့ရတာမဟုတ်







www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ"

"အစ်ကိုကြီးနဲ့နန်းနန်းက အိမ်အဝေးကြီးမှာနေကြတာမှ မဟုတ်တာပဲ၊ မေးချင်ရင်မေးလို့ရပါတယ်၊ ခုဆို နန်းနန်း ကျောင်းပြီးလို့ အလုပ်သင်ဆရာဝန်တောင် ဝင်နေရပြီ၊ အစ်ကိုကြီး မေးမယ်ဆိုရင် တစ်နှစ်မှာ တစ်ခါလောက်တော့ မေးလို့ရတာပဲ၊ နန်းနန်းအနေနဲ့ တိုင်ပင်ပြောချင်တာတောင် အစ်ကိုကြီးအနေနဲ့ စိတ်ဝင်စားမှု ရှိ၊ မရှိ ဆိုတာရှိသေးတယ်လေ"

"ညီမတစ်ယောက်ရဲ့ပညာရေးကို အစ်ကိုတစ်ယောက် အနေနဲ့ စိတ်မဝင်စားဘူးဆိုတာ မရှိပါဘူး"

"ဒီစကားတွေက ခုမှကြားရတာပါ၊ ရှိပါစေလေ၊ ခု အစ်ကို ကြီး ဘာသိချင်တာလဲ"

"မင်းနောက်နှစ်ဆို ဆရာဝန်ဖြစ်ပြီဆိုတော့ ဘာလုပ်ဖို့စိတ် ကူးထားလဲ"

"စိတ်ကူးထားတာတွေက အများကြီးပါ၊ အခြေအနေနဲ့ အချိန်အခါပေါ်မှာပဲ ဆုံးဖြတ်မှာပါ"

"မင်း ဆရာဝန်ဖြစ်ရင် ငါ မင်းနဲ့တွဲပြီး အလုပ်တစ်ခုလုပ်ချင် တယ်"

"ဟယ်..."





အစ်ကိုကြီးဆီမှ ကြားလိုက်ရသောစကားကြောင့် နန်းနန်း အံ့ဩသွားသည်၊ ချက်ချင်းကြီး ကောက်ခါငင်ကာ မလုပ်ချင်ဘူးလို့ ငြင်းချင်ပေမဲ့ သူ့ဘက်က ဘာလုပ်ချင်သလဲဆိုတာကို သိချင်တာ ကြောင့်...

"အစ်ကိုကြီးက ဘာတွေစီစဉ်ထားလို့လဲ"

"ရန်ကုန်မြို့နေရာကောင်းကောင်းတစ်နေရာမှာ အထူးကု ဆေးခန်းတစ်ခန်းဆောက်မယ်...ပြီးတော့နိုင်ငံခြားပြန် ဆရာဝန်ကြီး တွေကိုခေါ်ပြီး ဆေးခန်းဖွင့်မယ်၊ အဲဒီမှာ နန်းနန်းလည်း ဝင်ပြီး ဆေး ခန်းထိုင်ပေါ့၊ အကျိုးအမြတ်ကိုတော့ နန်းနန်း မနစ်နာစေရပါဘူး၊ ဘာယ်လို့ အဆောက်အဦတည်ဆောက်ရေးမှာ ရှယ်ယာဝင်ချင် တယ်ဆိုရင်တော့ အကျိုးခံစားခွင့်ပိုပြီးရမယ်၊ ဘယ်လိုသဘောရလဲ"

နန်းနန်းနားထဲတွင် ခါးသက်သောစကားလုံးတွေကို ကြား လိုက်ရသလိုပင်၊

ငွေကြေးခြင်း ပညာရှင်တွေကိုအသုံးချပြီး ဘနဖူး သိုက် တူးချင်သော အစ်ကိုကြီးစကားကြောင့် ဆက်ပြီးတောင် စကားမပြော ချင်တော့ပါ၊ ဆက်ပြီးပြောလိုက်ရင် မောင်နှမကြားတွင် ပဋိပက္ခဖြစ်ရုံ သာမက ပြီး ဘာမှဖြစ်လာမှာတော့မဟုတ်၊

"နန်းနန်းအတွက် ဆေးခန်းထိုင်ပြီးဆေးကုသဖို့အဆင်



www.burmeseclassic.com

www.burmeseclassic.com



သင့်မဖြစ်သေးသလို ဆေးပညာနဲ့ပတ်သက်ပြီး နောက်ထပ်သင်ကြား စရာတွေ အများကြီးရှိနေသေးတာမို့ အစ်ကိုကြီးပြောတဲ့စကားကို အဖြေမပေးနိုင်သေးပါဘူး၊ အစ်ကိုကြီး မဖြစ်မနေ အကောင်အထည် ဖော်ချင်တယ်ဆိုရင် တခြားဆရာဝန်တွေနဲ့ ဆွေးနွေးလိုက်ပါ၊ နန်းနန်း ကို သွားခွင့်ပြုပါဦး"

"နန်းနန်း"

"ဟုတ်ကဲ့ပြောပါ"

"မိဘတွေ မရှိတော့ဘူးဆိုတာနဲ့ မင်းဟာ အုပ်ချုပ်မှုကင်းမဲ့ သွားတဲ့လူတစ်ယောက်မဟုတ်ဘူးဆိုတာတော့ သိထားပါ၊ မင်းလုပ် ချင်တာကို မင်းသဘောနဲ့ မင်းလုပ်ချင်းတိုင်းတော့ လုပ်ခွင့်မရှိဘူးရယ်လို့ ပြောနေတာတွေဟာ အများတွေ မတွေ့စေချင်လို့ သတိပေးနေတာ"

"အစ်ကိုကြီး...နန်းနန်းဟာ ခပ်ညံ့ညံ့မိန်းကလေးတစ်ဦး မဟုတ်ပါဘူး၊ မိဘနှစ်ပါးမရှိဘူးဆိုပြီး ထင်ရာစိုင်းနေတာမဟုတ်ပါ ဘူး၊ ဘဝကို ထိန်းသိမ်းနိုင်တဲ့အသိတရားတွေ မကင်းမဲ့ပါဘူး"

"ငါ့ဘက်က တခြားရွေးချယ်မှုတွေကို မစွက်ဖက်ချင်ဘူး ဝင်လည်းမစွက်ဖက်ခဲ့ဘူးဆိုတာ မင်းသိတယ်၊ ဒါပေမဲ့ မင်းအိမ်ထောင် ရေးကိုတော့ မင်းသဘောနဲ့ မင်းလုပ်လို့မရဘူး"

"ဘာလဲ...အစ်ကိုကြီးဆိုလိုတာက အစ်ကိုကြီး ပေးစားတာ





ကိုယူရမယ်ပေါ့"

"ဟုတ်တယ်၊ မင်းအတွက် အကောင်းဆုံးဖြစ်စေမယ့်သူကို ဒါကိုယ်တိုင်ရွေးချယ်ရလိမ့်မယ်"

"စိတ်မကောင်းပါဘူးအစ်ကိုကြီး၊ နန်းနန်းရဲ့ဘဝကြင်ဖော် ကိုကြားစံမလိုအပ်ပါဘူး၊ နန်းနန်းကိုယ်တိုင် ရွေးချယ်မှာပါ"

"ဘာ...ပြောတယ်"

"ရရှိန်မှာ မလိုအပ်ဘဲနဲ့ စကား မများချင်ဘူး၊ အစ်ကိုကြီး၊ နန်းနန်းမှာချစ်သူရှိလာတဲ့အခါကျရင် ဖွင့်ပြောပြပါမယ်"

နန်းနန်း စကားကိုဖြတ်ပြီး အိမ်ထဲမှထွက်လာခဲ့လေသည်၊ သူ့ကျတော့ တွဲချင်တဲ့သူနဲ့တွဲပြီး ဖြစ်ချင်တိုင်းဖြစ်နေတာ နန်းနန်း ကြည့်မရဆုံးသူကတော့ မေရီပင်ဖြစ်သည်၊ အထူးသဖြင့် အနောက် တိုင်းယဉ်ကျေးမှုပေါ်မှာ သူ့ယဉ်ကျေးမှုလို စံယူပြီး အရှက်တရား ကင်းမဲ့စွာ နေထိုင်၊ ပြောဆိုမှုတွေကို နန်းနန်း အော်ကာလီဆန်နေခဲ့တာ ကြာပြီဖြစ်သည်၊

အစ်ကိုကြီးနှင့်ပတ်သက်သူဖြစ်နေတာကြောင့် မသိကျိုး ကျွန်ပြုခဲ့တာတွေလည်းရှိသည်၊ ဒါပေမယ့် ထိပ်တိုက်တိုးမှာကို ရှောင် နေသည့်ကြားမှ မေရီနှင့်နန်းနန်း ထိပ်တိုက်တိုးဖြစ်အောင်တိုးပေ သည်၊ ထိုအဖြစ်အပျက်လေးက နန်းနန်း ဆေးတက္ကသိုလ်နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



နစ်ကိုစပြီးတက်သောနစ်ပင်။

"ဟင်..."

နန်းနန်း ကျောင်းမှ ပြန်လာ၍ခြံထဲကိုကားမောင်းပြီးအဝင် မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် ဒေါသတွေ ရင်ထဲကို ပြုံဆင်းလာသည်။ နန်းနန်း စိတ်တိုင်းကျ ပြင်ဆင်ထားသော နှင်းဆီပန်းအိုးတွေကို ခမရီသည် အိမ်မှ အလုပ်သမားတွေနှင့်ရွှေ့နေတာကိုတွေ့လိုက်ရခြင်းဖြစ်၏။

"ကြိုဟ်မတော့ ပြဿနာရှာပြီ ကောင်းကောင်းကြီးတွေ့ကြပြီပေါ့"

"ဝူး...ကျွီ..."

နန်းနန်း ကားထိုးရပ်လိုက်ကာ ကားပေါ်မှဆင်းလိုက်သည်နှင့်...

"ကိုကျော်အောင်"

"ဟာ...နန်းနန်း..."

"ဒီပန်းအိုးတွေကို သူ့နေရာ သူ့ပြန်ထားလိုက်"

"ဟို...ဟို..."

ကျော်အောင်...ပန်းအိုးကို ချရမလို၊ မ.ရမလိုဖြစ်နေသည်။

"ပြောနေတာမကြားဘူးလား"





"ဒီပန်းအိုးတွေကို ငါရွှေ့ခိုင်းတာ မိနန်း"

နန်းနန်း...မေရီကို စပ်ထေ့ထေ့လေးကြည့်လိုက်ပြီးမှ...

"ဒီခြံထဲက ပန်းအိုးတွေကို ကျွန်မ ခွင့်ပြုချက်မရဘဲနဲ့ ဘယ်သူမှရွှေ့ပိုင်ခွင့်မရှိဘူး"

"ငါက အကြောင်းမဲ့ရွှေ့ခိုင်းတာမဟုတ်ဘူး၊ ကိုကိုကြီးမွေးနေ့အတွက်ကြည့်မကောင်းလို့ရွှေ့နေတာ"

"ကြည့်မကောင်းရင် ကြည့်ကောင်းတဲ့နေရာမှာသွားပြီးလုပ်၊ ပိုင်စိုးပိုင်နင်းခွင့်မတောင်းဘဲ လုပ်တာတော့ ဆောရီးပဲ"

"ဒီခြံနဲ့ဒီအိမ်က ကိုကိုကြီးအိမ်လေ"

"သိပ်သေချာတဲ့စကားပဲ၊ ကိုခွန်နောင်ဦး အိမ်ဖြစ်သလို၊ နန်းနန်းရတီဦး အိမ်ဆိုတာလည်း ထည့်ပြီးပြောဖို့တော့လိုတယ်၊ ပြီးတော့ ကိုခွန်နောင်ဦးနဲ့သက်ဆိုင်တဲ့ပစ္စည်းတွေရှိသလို နန်းနန်းရတီဦး သက်ဆိုင်တဲ့ပစ္စည်းတွေလည်းရှိတယ်၊ ဒါကို သဘောပေါက်ဖို့တော့လိုအပ်တယ်"

"ဘာလဲ မင်းက မင်းအိမ်ဆိုပြီး မာန်တက်ပြတာလား"

"ရှင်ပြောတဲ့စကားက မလွဲပါဘူး၊ တစ်ခုတော့ရှိတယ်၊ ကျွန်မ အလွတ်တိုင်းကိုတော့ မာန်မတက်ပြတတ်ဘူး၊ လူ့စည်းကမ်းမသိတဲ့သူတွေကိုတော့ မာန်တက်ပြတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်...နင်စကားပြောတာ ရိုင်းလှချည်လား"

"ကျွန်မ စကားမှာ ရိုင်းစိုင်းတာဘာတစ်ခွန်းမှမပါဘူး။ လူ့ယဉ်ကျေးမှုမရှိတဲ့ သူတွေအတွက်တော့ ရိုင်းစိုင်းသလိုဖြစ်ချင်ဖြစ်သွားမယ်"

"နင့်ကိုကိုကြီးနဲ့ပြန်ပြောပြရမယ်၊ တောက်...ကျော်အောင်"

"ဗျာ..."

"ကျွန်မကိုလိုက်ပြီးပို့"

"ဟုတ်...ဟုတ်ကဲ့"

"မိနန်း...နင်နဲ့ငါတွေကြဦးမှာပါ"

"ဆန္ဒရှိတဲ့နေ့ကိုပြောလိုက်"

မေရီ မကျေနပ်ခြင်းများစွာနှင့်ကားပေါ်ကို တက်သွားလေသည်။

"ဒင်းကိုပြောချင်နေတာကြာပြီ...ဟင်း..."

နန်းနန်း... သူပြောချင်တာတွေကိုပြောလိုက်ရတာကြောင့် စိတ်ထဲမှာ ပေါ့သွားသည်။ ထိုသို့ဖြစ်ပျက်ခဲ့သော ပြဿနာပေါ်မှာ အစ်ကိုကြီး ဘာမှတော့မပြောခဲ့ပါ။ နန်းနန်း ဗီဇနှင့်စိတ်ခံတတ်ကို ကောင်းကောင်းသိထားသူဖြစ်တာကြောင့်ရယ်၊ ပြီးတော့ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး မောင်နှမဆိုပေမဲ့ သီးခြားစီ ရှိနေခြင်းကြောင့် မပြောတာ





သည်းဖြစ်နိုင်ပါသည်။

"ဗူး...ကျို..."

အင်ကြင်းတို့နှင့် ချိန်းဆိုထားသော ကော်ဖီဆိုင်ရှေ့တွင် ကားထိုးရပ်လိုက်ပြီး ဆင်းလာခဲ့သည်။

ထိုကော်ဖီဆိုင်လေးတွင် အင်ကြင်းတို့နှင့် မကြာခဏဆိုသလို ရောက်တတ်တာကြောင့် ဆိုင်အလုပ်သမားလေးတွေတောင် ရင်းနှီးနေကြပြီဖြစ်သည်။

"ဟိုကောင်မတွေမရောက်သေးဘူးနဲ့တူတယ်"

ဆိုင်ထဲကိုဝင်တော့ အထဲတွင် ကော်ဖီသောက်နေသူ (၃)ဦးလောက်သာရှိသည်။ နန်းနန်း လွတ်နေသော စားပွဲတစ်လုံးတွင် ဝင်ထိုင်ပြီး ကော်ဖီမှာသောက်ကာ အင်ကြင်းတို့ကိုစောင့်နေလိုက်သည်။ နာရီကြည့်တော့ ချိန်းဆိုထားသောအချိန်ထက် (၁၀)မိနစ်လောက်စောပြီးရောက်နေခြင်းဖြစ်သည်။

"ကိုယ် ထိုင်လို့ရမလား"

"ဟင်..."

နန်းနန်း...ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်နေတာကြောင့် မိမိဘေးတွင် ရောက်နေသူကိုပင် သတိမထားမိလိုက်... အသံကြားမှ ကြည့်လိုက်တော့ ရဲမင်းနောင်ဖြစ်နေသည်။ နန်းနန်း ဆေးတစ္ဆေသို့လ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ညာ ရှဉ်းကပ်နေသူဖြစ်သည်၊ အစ်ကိုကြီး [illegible]နှင့် တိုတယ်လုပ်ငန်းတွေတွင် အစုရှယ်ယာလုပ်ကိုင် [illegible]သည်၊

ရုပ်ရည်ချော၍ ချမ်းသာကြွယ်ဝပြီး ပညာတတ်တစ်ယောက်ဖြစ်ခြင်းကြောင့် မိန်းကလေးတစ်ယောက်အတွက် မက်မောစရာကောင်းသောလူတစ်ယောက်ဆိုရင် မမှားပေမဲ့ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တကတော့ နန်းနန်းအတွက် မနှစ်မြို့ဖွယ်ဖြစ်သည့်အပြင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသူလည်းဖြစ်သည်၊

လူ့လောကကြီးကို ငွေကြေးဖြင့်တည်ဆောက်ချင်သူတွေဖြစ်၍ လူလူချင်း စာနာမှုတရားကင်းပြီး သူတို့ကိုယ်သူတို့ မြေနှင်ကြီးတွေလို ဆိုက်နင့်ဂိုက်နင့်နေကြသူတွေဖြစ်သည်၊ ပေါင်းသင်းဆက်ဆံတာတောင် သူတို့နဲ့ တန်းတူရည်တူရှိသူတွေကိုသာ လူလို့သတ်မှတ်ထားချင်ကြသူတွေ၊ ဒီလိုလူမျိုးဆီက ရှေ့ထွက်နေတာတောင် စိတ်မဝင်စားဘူး၊

"ကိုယ်ပြောတာကြားပါတယ်နော်"

"ကြားပါတယ်၊ ဒီဆိုင်ပိုင်ရှင်က ကျွန်မ မဟုတ်ဘူး၊ ခွင့်တောင်းချင်ရင် ဆိုင်ရှင်ဆီမှာ သွားပြီးတောင်းပေါ့"

"မင်းထိုင်နေတဲ့နေရာဖြစ်နေလို့ပါ"





"အများသောက်သုံးနေတဲ့ဆိုင်ပဲ၊ ထိုင်ချင်ရင်ထိုင်လို့ရပါတယ်၊ တစ်ခုတော့ရှိတယ်၊ တစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်အောင်တော့ မလုပ်ပါနဲ့"

"ကိုယ်ပြောချင်တဲ့စကားတွေကို ကြိုပြီး ပိတ်တဲ့သဘောပေါ့"

"သဘောပေါက်လွယ်တာ ကောင်းပါကယ်"

"ကိုယ် မင်းပေါ်မှာထားခဲ့တဲ့ သံယောဇဉ်ကိုတော့ မင်းဘက်က ခုလိုတုံ့ပြန်တာ သိပ်ပြီး မမျှတဘူးလို့ထင်တယ်"

"ရှင်က ကျွန်မကို သံယောဇဉ်တန်းလာပြီးညှိနေတာလား တို့ရဲမင်းနောင်၊ ကျေးဇူးပြုပြီး ကျွန်မ အေးအေးဆေးဆေးနေပါရစေ"

"ကိုယ့်လိုလူကို မင်းငြင်းနေတာ သိပ်ပြီးအံ့ဩဖို့ကောင်းတယ်၊ ကိုယ်ထင်ပါတယ်၊ မင်းကိုယ်မင်း ဈေးကွက်တင်နေတာဖြစ်မှာပါ"

"ဘာ..."

ရဲမင်းနောင်စကားကြောင့် ဒေါသသံက နည်းနည်းလေး အသံကျယ်သွားသဖြင့် သတိပြန်ပြီးထားလိုက်ရသည်၊ ပြီးတော့မှ တစ်ချက်ပြုံးလိုက်ပြီး...

"ရှင့်ကိုယ်ရှင် သိပ်ပြီးအထင်ကြီးနေတာကိုး၊ ကောင်းပြီ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ကျွန်မဘက်ကလည်း နှိုင်းယှဉ်ပြရတာပေါ့၊ ရှင်ချမ်းသာသလို ကျွန်မ ချမ်းသာမှုကို ရှင်စုံစမ်းကြည့်လိုက်၊ ရှင် ချမ်းသာတာထက်မသာခဲ့ရင် ရှင့်ချမ်းသာမှုကို မက်မောလိုက်ဦးမယ်"

"မင်းဘယ်လောက်ချမ်းသာတယ်ဆိုတာကိုယ်သိပါတယ်"

"ကောင်းပြီ၊ ဒုတိယ ရှင် သင်ကြားခဲ့တဲ့ပညာနဲ့ ကျွန်မ သင်ကြားခဲ့ရတဲ့ပညာကို ယှဉ်လိုက်ဦးနော်၊ ကျွန်မက ဆရာဝန်တစ်ဦးပါ၊ ကပ်ပြီးတော့ ကြွားတာမဟုတ်ဘူးနော်၊ မကြာခင်ကာလမှာ ခွဲစိတ်အထူးကုပါရဂူဘွဲ့ကို ထပ်ပြီးယူဖို့ပြင်ဆင်နေပြီ၊ အဲ နောက်ဆုံးရုပ်ရည်ပိုင်းကို ပြောကြစတမ်းဆိုရင် ရှင့်ရုပ်ရည်နဲ့ မိန်းကလေးတွေကို ဆွဲဆောင်နိုင်သလို ကျွန်မရုပ်ရည်နဲ့လည်း ယောက်ျားတွေကိုဆွဲဆောင်နိုင်တဲ့သူပါ၊ ရှင့်လိုလူတစ်ယောက်ကိုမရလို့ ကျွန်မအတွက် နောင်တဆိုတာ ရယ်စရာအရမ်းကိုကောင်းနေပါတယ်"

"မင်းကိုယ်မင်း သိပ်ကိုအထင်ကြီးတယ်ပေါ့၊ တစ်နေ့ မင်းငါ့ကို ခေါင်းညိတ်ရမှာပါ"

"သေရှာတယ်လို့ ရှင်ထင်ထားရင် ကျွန်မ အကြံပြုလိုက်မယ်၊ ရှင် သာသနာ့ဘောင်ကို ဝင်လိုက်ပါ"

"မင်း...မင်းကွာ..."

ရဲမင်းနောင်ပေါက်ကွဲလုလုဖြစ်သွားသော သူ့ဒေါသကိုပြန်





ပြီးချုပ်တည်းကာ နန်းနန်းမျက်နှာကို စူးစူးရှရှစိုက်ကြည့်ပြီးမှ .

"မင်းရဲနောင်ဘဝမှာ မဖြစ်ဘူးဆိုတာ မရှိဘူး၊ မင်းဘယ်လောက် ခေါင်းမာနိုင်မလဲဆိုတာ စောင့်ကြည့်လိုက်ဦးမေပါ့ကွာ"

ရဲမင်းနောင်သူ့စကားကို အဆုံးသတ်သွားပြီး ထိုင်နေရာမှ ထပြီးထွက်သွားလေသည်။

ရဲမင်းနောင်ကျောပြင်ကို တစ်ချက်လှမ်းကြည့်ပြီး နန်းနန်း တျေနပ်စွာပြုံးလိုက်မိသည်။

တကယ်ရယ်စရာကောင်းတဲ့လူပါပဲ။

"နန်းနန်း"

"ကောင်မစုတ်တွေ၊ ဘယ်အချိန်ရှိပြီလဲ"

"ဒါတော့ အပြစ်မပြောနဲ့အမိ၊ ကျုပ်တို့က နင့်လို ကိုယ်ပိုင်ကားနဲ့လာရတာ မဟုတ်ဘူး၊ ပြီးတော့ လမ်းတွေမှာ ကားတွေပိတ်နဲ့နေတတ်ကျနေတာ"

အင်ကြင်းနှင့် ခိုင်ဇာတို့ ရေ့တွင် ဝင်ထိုင်လိုက်ကြသည်။ ဆိုင်အမှာ (၁၀)တန်းအောင်ပြီးနောက်ပိုင်းမှ အင်ကြင်းနဲ့ပတ်သက်ပြီး ခင်မင်ခဲ့ရသူဖြစ်သည်။ အင်ကြင်းနှင့်ခိုင်ဇာတို့က ဥပဒေဘွဲ့ယူပြီး ဆိုင်တာရားရုံးတွင် ရှေ့နေလုပ်နေကြပြီဖြစ်၏။

"နန်းနန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ"

"ငါတို့ဆိုင်ထဲကို မဝင်စင် ဟို...ဟို...မင်း"

"ရဲမင်းနောင်ကိုပြောတာလား"

"အေး...ဟုတ်တယ်၊ ဒီဆိုင်ကထွက်လာတာလား"

"ငါနဲ့ ပွဲကြမ်းသွားတယ်လေ"

"ဟယ်...ရန်တွေဘာတွေဖြစ်ကြသေးလား"

"နိုင်ဇာရယ်...ဒီအရွယ်တွေ ရောက်မှရန်ဖြစ်စရာလားဟ"

"နင်ကပြောရတာမဟုတ်ဘူး၊ ဖြစ်ချင်ဖြစ်မှာ၊ ဒါနဲ့ဘာတွေပွဲကြမ်းသွားတာလဲ"

"လုပ်စမ်းပါဦး၊ သတင်းစာ ရှင်းလင်းပွဲလေး"

"သိပ်ပြီး နားထောင်ချင်တယ်ပေါ့"

"နားထောင်ချင်လို့မဟုတ်ဘူး၊ ငါတို့က ဂျာနယ်လစ်တွေလေ သတင်းယူနေတာ၊ ရဲမင်းနောင်က ရုပ်ရှင်တို့ဗီဒီယို မင်းသားလုပ်ရင် သူ့ရုပ်ရည်နဲ့ဆို အောင်မြင်မှာ..."

"နိုင်ဇာ နင့်စိတ်တွေဖောက်ပြန်နေပြီလား"

"ငါက အမြင်ကို မြင်တဲ့အတိုင်းပြောတာပါ၊ ရင်ထဲကပါလို့ ပြောတာမဟုတ်ပါဘူး"

"ကဲပါဟာ နင့်ပွဲကြမ်းကိုပြောပါဦး"





"ဒီလိုဟ"

နန်းနန်း...ရဲမင်းနောင်နှင့်ဖြစ်စဉ်ကိုပြောပြလိုက်သည်။

"အယ့် ဒါဆို ရဲမင်းနောင်ကြီး အောင့်သက်သက်ဖြစ်သွားတာပေါ့"

"နန်းနန်း"

"ဘာလဲ နိုင်ဇာ"

"ခုအခြေအနေကိုသုံးသပ်ကြည့်ရင် သူ့ဘက်ကနင့်ကို မရအောင်ယူမယ်ဆိုတဲ့ သဘောမျိုးဖြစ်နေပြီ၊ ဒါဟာကောင်းတဲ့ကိစ္စ မဟုတ်ဘူးနော်"

"သူ့ဘက်က ဘာလုပ်နိုင်မယ်ဆိုတာ စောင့်ကြည့်ရမှာပေါ့"

"သူဘာလုပ်မယ်ဆိုတာကို နင်မြင်အောင်လုပ်ပြရင်တော့ ရှောင်လို့တိမ်းလို့ရနိုင်တာပေါ့၊ နင်မသိအောင် ကောက်ကျစ်တဲ့နည်းတွေကိုသုံးရင် ခက်မယ်"

"ဟင်း"

နိုင်ဇာ့စကားကြောင့် ထိုအတွေးသည် နန်းနန်းခေါင်းထဲသို့ ရောက်လာသည်။

"နိုင်ဇာ နင်ပြောတာ သဘာဝကျတယ်၊ ဒီလိုလူမျိုးက ငွေကြေးဆက်တွေသာရှိတာ ကောက်ကျစ်မယ့်ရုပ်မျိုးဟ...၊ ငါဘာလုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ စဉ်းစားပေးကြပါဦး"

"နင်ရွေးချယ်စရာတော့ရှိတယ်"

"ဘာလည်းအင်ကြင်း"

"ပထမရွေးချယ်ရမှာက နင်ယောကျ်ားယူလိုက်"

"ဟင်...မဟုတ်တာ"

"မဟုတ်တာမဟုတ်ဘူးဟုတ်တယ်၊သူ့လက်ထဲကလွတ်အောင် ရှောင်ပြေးနေရုံနဲ့မလွတ်နိုင်ဘူး၊ နင်ယောကျ်ားယူလိုက်ရင် ပြေးစရာ ရှောင်စရာမလိုဘဲ ပွဲသိမ်းသွားမယ်.."

"နင်ပြောသလိုဆိုရင် ယောကျ်ားတစ်ယောက်ကို ကြော်ငြာ ထည့်ပြီး အားရှင်းယူရမလိုဖြစ်နေပြီ"

"နန်းနန်းနင့်ကိုလိုက်နေတဲ့သူတွေထဲကတစ်ယောက်ယောက် ကိုရွေးချယ်လိုက်ပေါ့ဟာ"

"နိုင်ဇာရယ်.. ငါက တစ်ယောက်မှ ခံစားလို့မရဘူး၊ တခြား နည်းစဉ်းစားပါဦးဟာ"

"အင်း..နောက်တစ်နည်းကတော့ နင့်အတွက်အကောင်း ဆုံး ကိုယ်ရံတော်တပ်မှူးတစ်ယောက်လိုအပ်တယ်"

"ငါက ဝန်ကြီးချုပ်မှမဟုတ်တာ၊ ကိုယ်ရံတော်တွေ ဘာတွေ နဲ့ လူမြင်မကောင်းပါဘူးဟာ၊ ပြီးတော့ အဲဒီလောက်ကြီး လိုအပ်လို့





လား"

"ရဲမင်းနောင်ဘက်က နင့်ကို အနုနည်းနဲ့ချဉ်းကပ်လို့မရရင် နောက်ဆုံးအကြမ်းနည်းကိုသုံးခဲ့ရင်ရော"

"မြန်မာပြည်က ဥပဒေမဲ့နေတဲ့နိုင်ငံမှမဟုတ်တာ၊ သူ့ထင် တိုင်းကြဲလို့ရမလားဟ"

"ကိုယ့်ဘက်ကဖြစ်ပြီးမှ ရှင်းရတာထက် မဖြစ်ခင်ကြိုတင် တာကွယ်ထားတာ မမှားပါဘူး"

"ဟုတ်တယ်နန်းနန်း...အင်ကြင်းပြောတာတွေဟာ နင့် အတွက် မမှားဘူးနော်"

"အေးပါဟာ၊ ငါသေသေချာချာစဉ်းစားပါမယ်၊ တကယ်လို့ ငါ့ဘက်က ကိုယ်ရံတော်ရှာမယ်ဆို သတင်းစာထဲ၊ ဂျာနယ်ထဲ ကြော်ငြာ ထည့်ပြီးခေါ်ရမှာလား"

"ဒီလောက်ထိ မလိုအပ်ပါဘူးလေ၊ လက်သိပ်ထိုးရှာလို့ရပါ တယ်"

"လူကောင်းဟုတ်မဟုတ်ဆိုတာကို ဘယ်လိုလုပ်သိမလဲ"

"သူ့ရဲ့နောက်ကြောင်းကို စုံစမ်းပြီး ရွေးမှာပေါ့၊ ဒီအတွက် နင် မပူပါနဲ့ဟာ၊ ငါတို့တရားရုံးမှာ အလွတ်တန်း သတင်းသမားတွေအများ ကြီးရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ… ငါစဉ်းစားပြီးတဲ့အခါ နင်တို့နဲ့တိုင်ပင်ပြီးလုပ်မယ်"

"နင့်အစီအစဉ်ပြီးသွားရင် ငါတို့ဘာဆက်ပြီးလုပ်မှာလဲ၊ နန်းနန်း"

"ကားတစ်စီးနဲ့အပြင်လျှောက်မောင်းမယ်"

"အိုကေ…လစ်စို့"

ကော်ဖီဆိုင်ကလေးအတွင်းမှ ပြန်ထွက်လာခဲ့ပြီး ကားပေါ်သို့တက်ခဲ့ကြသည်။

"ဘယ်ကိုအရင်မောင်းမလဲ"

"မင်္ဂလာဒုံဘက်ကိုသွားမယ်ဟာ၊ ရန်ကုန်မြို့ထဲမှာက ကားတွေနဲ့နေရတာ မွန်းကျပ်တယ်၊ မင်္ဂလာဒုံဘက်ဆိုရင် လေကောင်းလေသန့်ရတယ်"

"ဒါဆို မင်္ဂလာဒုံရောက်မှပဲ ထမင်းစားကြတာပေါ့"

"အင်း…"

နန်းနန်းတို့သူငယ်ချင်းတွေ ကျောင်းသူတွေဘဝမဟုတ်ကြတော့တာကြောင့် တစ်လမှာ တစ်ခါစုလို စိတ်လွတ်၊ ကိုယ်လွတ် သွားချင်တာသွား၊ စားချင်တာစားကြရင်း မွန်းကျပ်မှုတွေကို အပန်းဖြေခဲ့ကြသည်။ နောက်ဆိုရင် နန်းနန်းလည်းအလုပ်ဝင်ရတော့မှာဖြစ်တာကြောင့် စုလို လွတ်လပ်မှုမျိုးကို မရနိုင်ဖို့က များနေလေပြီ။





လူ့လောကကြီးမှာ လူတွေဟာ ဘဝအတွက် ရုန်းကန်ကြရင်း လွတ်လပ်ခြင်းများစွာကို ဆုံးရှုံးခဲ့ကြရတယ် မဟုတ်လား၊ နန်းနန်းဘာဝရ လွတ်လပ်ခြင်းနောက်ကို လိုက်ချင်ပေမဲ့ ဒါဟာ အိပ်မက်တစ်ခုသာဖြစ်ပါသည်။

နန်းနန်းဘဝအတွက် နောင်ကြီးကောင်းစွာနေခွင့်ရထားသူ ဆိုပေမဲ့ လူဆိုတာ မိမိကိုယ်ကျိုးအတွက်တစ်ခုပေါ်မှာ ရပ်တည်၍ ဘဝကို အဆုံးသတ်တာမျိုးကို မနှစ်မြို့သူဖြစ်ပြီး…၊ မြင့်မြတ်သောစိတ်နှင့် မြင့်မြတ်သောအလုပ်တွေကို လုပ်ကိုင်ချင်သူဖြစ်သည်။ တချို့လူတွေဆိုရင်ဆင်းရဲနွမ်းပါးကြသော်လည်း အများအကျိုးလုပ်ကိုင်နေတာဟာ တကယ်ပင်ချီးကျူးထိုက်ပါသည်၊ ထိုသို့သော လူတွေကို ကြည့်မြင်မိလိုက်တိုင်း ငွေကြေးချမ်းသာပြီး အများအတွက် ဘာတစ်မှ စဉ်းစားဘဲ ကိုယ်ကျိုးတစ်ခုတည်းကိုကြည့်နေတတ် သောအစ်ကိုကြီး ခွန်နောင်ဦးနှင့် ရဲမင်းခနောင်တို့ကို နန်းနန်း အရမ်းပင်စိတ်ပျက်မိ၏။

"ဟူး…"

"နန်းနန်း… သက်ပြင်းတွေချလှချည်လား၊ ဘာတွေခေါင်းထဲကိုရောက်လာလို့လဲ၊ စောစောက ရဲမင်းနောင်ရောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါဟာ၊ ဒီလူ့အကြောင်းကို ခေါင်းရှုပ်ခံပြီး ဘယ် တော့မှမစဉ်းစားဘူး၊ ငါစဉ်းစားနေတာ အနာဂတ်ဘဝကို ဘယ်လို အကောင်းဆုံး တည်ဆောက်ရမလဲဆိုတာ"

"နင် ဆရာဝန်ဖြစ်ရင်ဘာလုပ်မလဲ"

"ဟဲ့..ခိုင်ဇာ ဆရာဝန်ဖြစ်မှတော့ လူနာတွေကိုဆေးထိုးမှာ ပေါ့ဟာ"

"ဒါတော့ နင်ပြောမှလား၊ ငါဆိုလိုတာက ဘဝအတွက် ကြီး ပွားတိုးတက်ဖို့ဆရာဝန်လုပ်မှာလား။ ဒါမှမဟုတ် လူသားတွေအတွက် ကောင်းကျိုးပြုမယ့်ဆရာဝန် လုပ်မှာလားဆိုတာကို မေးတာ ဘာကြောင့်လဲဆိုတော့ နန်းနန်းဘဝမှာက ကြွယ်ဝချမ်းသာမှုတွေ ဘာမှမလုပ်ဘဲ ထိုင်စားတာတောင် မကုန်နိုင်ဘူးမဟုတ်လား"

"နင်မေးတဲ့စကားအတွက်ပဲ ငါစဉ်းစားနေတာပါ၊ စဉ်းစားတဲ့ ထဲမှာ ငါကြီးပွားချမ်းသာရေး မပါဘူးနော်၊ ငါ တတ်မြောက်ခဲ့တဲ့ ဆေး ပညာနဲ့ လူသားတွေအတွက် ဘယ်နေရာကနေ ဘယ်လို အကျိုးပြု မလဲဆိုတာ စဉ်းစားနေတာ"

"နန်းနန်း ခုဒီမိုကရေစီခေတ်ကိုရောက်နေပြီ ပရဟိတလုပ် ငန်းတွေက အများကြီးလုပ်လို့ရပြီပဲ၊ နင့်စိတ်ကြိုက်လူမှုရေးအလုပ်ကို ရွေးချယ်ပြီး လုပ်လို့ရတယ်"





"ငါဟာ မဖြစ်မနေ လုပ်မှာပါ၊ ဒါနဲ့ နင်တို့က ငါ့ကိုတော့ မြှောက် ပေးပြီး နင်တို့ကရော ဘာလုပ်ကြမှာလဲ"

"ငါတို့ လုပ်ကိုင်နေတာ လူသားတွေကို ဥပဒေဘောင်ထဲက နေ ကာကွယ်ပေးနေတာ၊ မတရားမှုတွေကို တရားတဲ့ဘက်ကနေ ကာကွယ်ပေးနေတာ၊ လူသားအကျိုးကို လုပ်ဆောင်နေတာပဲ မဟုတ် ဘူးလား"

"မဟုတ်ဘူး"

"အဲ..ဘာ ရို့"

"နင်တို့ ရှေ့နေလုပ်နေတာ လူတစ်ဦးချင်းတစ်ယောက်ချင်းရဲ့ အမှုအခင်းတွေပေါ်မှာ ငွေကြေးနဲ့ လိုက်ပြီး ဆောင်ရွက်နေကြတာ၊ သေတနာ ဥပဒေအကျိုးဆောင်မှု မဟုတ်တာ"

"ဟဲဟဲ.. ဒါကတော့ နန်းနန်းရယ်၊ ဝမ်းရေးအတွက်တော့ ကြည်း ငွေကြေးပေါ်မှာ မှီခိုရတာပေါ့၊ ဒါပေမဲ့ ငွေကြေးတစ်ခုတည်းပေါ် မှာတည်ပြီးတော့ မလုပ်ဘူးနော်"

"ငါ နင်တို့နှစ်ယောက်ကို တောင်းဆိုချင်တာရှိတယ်"

"တောင်းဆိုလေ"

"ငါနဲ့အတူ ပရဟိတအလုပ်တွေပေါ်လာရင် ဝိုင်းပြီးလုပ်ပေး ကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရျ...နင့်ဘက်က ပေါ်လာခဲ့ရင်အကြောင်းကြားလိုက်"

"နန်းနန်း ဦးဆောင်လို့ကတော့ လိုက်ပြီးသားပဲ"

"စိတ်ချခေါ်သွားမယ်"

"ဘယ်ကိုလဲ"

"ငရဲပြည်"

"နင်ပဲသွား...ကောင်မစုတ်"

"ဟယ်...ရှေ့မှာ နန်းနန်း"

"ဟင်..."

"ကျွီ..."

ကားရှေ့ကို အမှတ်မထင် ဖြတ်ကူးလာသော ကလေးငယ်တစ်ယောက်ကြောင့် ဘရိတ်ကိုနင်းပေမယ့်မမီသလိုဖြစ်သွားစဉ်...

"ဝုန်း..."

"ဟယ်...သွားပြီ"

"ဘုရား...ဘုရား...ဘုရား"

နန်းနန်း ကားနှင့်တိုက်မိသွားသည်မှာ ကလေးမဟုတ်၊ လူတစ်ယောက်ပင်ဖြစ်သည်၊ ကလေးငယ်ကတော့ ထိုလူ တွန်းဖယ်လိုက်တာကြောင့် ဘေးဘက်သို့ရောက်သွားပြီး ဘာမှဖြစ်ဟန်မတူ နန်းနန်း ကားကိုထိုးရပ်ပြီး အောက်ကိုရျက်ချင်းဆင်းလိုက်သည်၊





"ဟယ်...သွေး...သွေးတွေ"

"သေ...သေပြီနဲ့တူတယ်"

ကားရှေ့သွေးအိုင်ထဲတွင် လဲနေသောအမျိုးသားတစ်ယောက်ကိုတွေ့လိုက်ရပြီး နန်းနန်း ဘာလုပ်ရမှန်းမသိဖြစ်သွားပြီး ဘေးပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ သူတို့(၃)ယောက်ကလွဲပြီး ဘယ်သူမှ မရှိကြ၊ သူတို့ရောက်နေသောနေရာက အိမ်ခြေကင်းပြီး လူသူရှင်းနေသော နေရာဖြစ်သလို ကားသွားကားလာပါ ကင်းနေသည်၊ ကလေးငယ်မှာ ကြောက်လန့်ပြီးထွက်ပြေးသွားသည်၊

"ဘယ်...ဘယ်လိုလုပ်ကြမလဲ"

"အင်ကြင်း...ကားပေါ်တင်ပြီးအနီးဆုံးဆေးရုံကိုသွားကြမယ်"

"အေး..."

နန်းနန်းတို့(၃)ယောက် ထိုလူကို ကားပေါ်သို့ဆွဲတင်ပြီး အနီးဆုံးဆေးရုံသို့မောင်းလာခဲ့ကြသည်၊

"အီး..."

ထိုလူထံမှ ညည်းသံကိုကြားလိုက်ရပြီးနောက်...

"ကျုပ်ကိုဘယ်ခေါ်သွားနေတာလဲ"

"ဆေးရုံ"



www.burmeseclassic.com

www.burmeseclassic.com



"အား...ကျွတ်ကျွတ်...ဒဏ်ရာက အရမ်းပြင်းနေလို့ လား"

"ခေါင်းကိုထိသွားတယ်"

"ဘာမှ မဖြစ်လောက်ပါဘူး၊ ဆေးခန်းတစ်ခုခုကိုသာ ပို့ပေးပါ၊ ဆေးရုံကိုပို့ရင် အမှုကကြီးနေမယ်"

"ဘယ်ဖြစ်မလဲရှင့်ဒဏ်ရာ ပြင်းမပြင်းဆိုတာဆေးရုံက ဆုံးဖြတ်ရမှာလေ"

"ရပါတယ်ဗျာ"

ထိုလူ ဘယ်လိုပင်ပြောပြော ဆေးရုံကိုပဲ ကားကိုမောင်းလာခဲ့တော့သည်။

"ဟယ်..."

"ဘာဖြစ်တာလဲနိုင်ဇာ"

"ဒီ...ဒီလူ သတိပြန်မေ့သွားပြီ"

နန်းနန်းတို့နှင့် ဘာမှမဖြစ်သလို စကားပြောပြီးခဏအတွင်းမှာ သတိပြန်ပြီးမေ့သွားလေသည်။

"သွေးထွက်များနေတယ်"

ကားကို စက်ရှိန်ထပ်မြှင့်ပြီး ဆေးရုံသို့မောင်းခဲ့ရသည်။ ဆေးရုံတွင် ထိုလူအတွက် လိုအပ်တာတွေ လုပ်ကိုင်ပေးပြီးအမှုကိစ္စအတွက်အင်ကြင်းနှင့်နိုင်ဇာတို့က သက်ဆိုင်ရာရဲတွေနှင့်လုပ်ကိုင်နေလေသည်။ ထိုလူကတော့ သတိလုံးလုံးမရသေးပေ။

"နန်းနန်း ဟိုလူအခြေအနေဘယ်လိုလဲ"

"သတိတော့မရသေးဘူး၊ ဒဏ်ရာက သိပ်တော့မကြီးပါဘူး၊ (၃)ချက်လောက်ပဲချုပ်ရတယ်၊ ဦးနှောက်နဲ့အာရုံကြော ထိမထိဆိုတာ စက်မှန်အဖြေပေါ်မှာ မူတည်တယ်၊ သတိမေ့နေတာက သွေးထွက်များသွားလို့ပါ၊ ဒါနဲ့ နင်တို့ဘက်ကရော"

"လောလောဆယ် လူနာအတွက် လုပ်ပေးစရာတွေရှိနေလို့ ခန်းမှာ အာမခံလုပ်ထားတယ်၊ လူနာသတိရလာမှ ဆက်ပြီးဆောင်ရွက်မှာ"

"အင်းလေ...ဖြစ်လာမှတော့ ဖြေရှင်းရမှာပဲလေ"

"နန်းနန်း နင်ဘာဆက်ပြီးလုပ်မလဲ"

"ဘာဆက်လုပ်ရမလဲ၊ လူနာသတိရလာတဲ့ထိတော့ စောင့်ကြည့်ရမှာပေါ့ဟာ"

"စပယ်ရှယ်နပ်(စ်)ငှားလိုက်ပါလား"

"မငှားချင်ဘူး၊ ငါကိုယ်တိုင်စောင့်ကြည့်ချင်တယ်၊ နင်တို့ပြန်ကြလေ"

"နင့်အိမ်ကိုရော အကြောင်းမကြားဘူးလား"

"အန်ကယ်ဦးသာလွန်ဆီကိုတော့ အကြောင်းကြားပေးပြီး





သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ"

"နင့်အစ်ကိုရော"

"အကြောင်းမကြားတော့ဘူး၊ ဘာမှဟုတ်မှာမဟုတ်ဘူး"

"ဒါဆို ငါတို့ပြန်နင့်မယ်၊ တစ်ခုခုထူးရင်အကြောင်းကြား လိုက်"

"အေးပါဟာ..ငါအတွက်ဘာမှမပူနဲ့"

"အေး..."

အင်ကြင်းနှင့်ခိုင်ဇာတို့ထွက်သွားပြီး နန်းနန်း ထိုလူရှိတင် ဘေးတွင် ထိုင်နေလိုက်သည်။

မျက်နှာတွင် သွေးစသွေးခြောက်တွေနှင့်ရှိနေပေမဲ့ ထိုလူ မျက်နှာသည် တည်တည်ငြိမ်ငြိမ်ရှိနေသည်။ ဝတ်စားဆင်ယင်ပုံကို ကြည့်ရင်လူရျမ်းသာတစ်ဦးတော့မဟုတ်၊ ထိုလူ့အိတ်ကပ်ထဲမှ မှတ်ပုံ တင်နှင့်ကားလိုင်စင်ကိုကြည့်တော့ အမည်မှာ အာရုံဦးဖြစ်သည်။ မှတ်ပုံ တင်ထဲက နေရပ်လိပ်စာက မန္တလေးမြို့ကဖြစ်နေတာကြောင့် ရန်ကုန်တွင် အကြောင်းကြားရမည့်နေရာကိုမသိဖြစ်နေသည်။

"နန်းနန်း"

"ဟာ..ဆရာ"

နန်းနန်းတို့ဆေးတက္ကသိုလ်မှ ဆရာဖြစ်သူ ဒေါက်တာ





ဦးအောင်မျိုးလတ်ကိုတွေ့လိုက်ရခြင်းဖြစ်သည်။

"ဆရာက ခုမှဂျူတီဝင်ရတာ၊ အကြောင်းစုံတော့ဆရာသိပြီး ပါပြီ၊ ခါတ်မှန်အဖြေလည်းထွက်ပါပြီ"

"သူ့ခေါင်းက အခြေအနေဘယ်လိုလဲဆရာ"

"အပေါ်ယံပိုင်းလောက်ပဲထိခိုက်သွားတာပါ၊ လူနာကိုကြည့် ရတာ အရမ်းအားနည်းနေပုံရတယ်"

"သွေးထွက်များလို့လားဆရာ"

"အင်း..ဒါလည်းပါတယ်၊ ပင်ကိုကိုယ်ခံအားနည်းနေတာ လည်းပါတယ်"

"ဟင်..."

"နန်းနန်းအတွက် ခုလို ဘာမှ မဖြစ်တာကိုက ကံကောင်းပါ တယ်၊ သူ သတိရလာရင် ဆွေးနွေးကြည့်ပေါ့၊ ဆရာ ဟိုဘက်က လူနာ တွေဆီသွားဦးမယ်"

"ဟုတ်ကဲ့"

ဆရာဦးအောင်မျိုးလတ်ထွက်သွားပြီး လူနာသတိရလာရင် အမှုနှင့်ပတ်သက်ပြီးတော့ သူ့ဘက်မှ သဘောထားကိုနားထောင်ရမှာ ဖြစ်သည်၊ တကယ်ဆို ထိုလူဟာ ကလေးငယ်ကို ကယ်တင်ရင်းနှင့် အကျိုးရာရခဲ့သူဖြစ်သည်။ ထိုလူနေရာတွင် ကလေးငယ်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



နန်းနန်း တကယ်မတွေးဝံ့အောင်ဖြစ်သွားသည်၊

သတိမေ့နေသော ထိုလူ့မျက်နှာကိုစိုက်ကြည့်ပြီး...

"ရှင့်ကိုအထူးကျေးဇူးတင်ပါတယ်"

"နန်းနန်း"

"ဟင်...အစ်ကိုကြီး"

အစ်ကိုကြီးစွန်နောင်ဦးနှင့်ရဲမင်းနောင်တို့ရောက်လာကြခြင်းဖြစ်သည်၊

"လူနာအခြေအနေ ဘယ်လိုနေလဲ"

"ဘာမှမဖြစ်တော့ပါဘူး၊ ခေါင်းကိုနည်းနည်းထိခိုက်သွားတာပါ"

"ဒါနဲ့များ ဘာလို့ ကိုယ်ကိုယ်တိုင်စောင့်နေရတာလဲ၊ နပ်စ်တစ်ယောက်ငှားပြီး ထားခဲ့ရင်ရတာပဲ"

ရဲမင်းနောင်ဝင်ပြီးပြောတာကို တုံ့ပြန်ချင်ပေမဲ့ ဆေးရုံပေါ်မှာ စကားမများချင်တာကြောင့်ဘာမှမပြောဘဲနေလိုက်မိသည်၊

"မင်းပြန်ချင်ရင်ပြန်တော့ ခုကိစ္စကိုကိုယ်ရှင်းလိုက်ပါ့မယ်"

"ရပါတယ်၊ ကျွန်မကိစ္စကို ကျွန်မ ရှင်းပါ့မယ်"

"နန်းနန်း ခုကိစ္စမှာ ငွေနဲ့အလျော်အစားလုပ်လိုက်တာနဲ့ ပြတ်ပါတယ်၊ထိုင်ပြီး အပိုလုပ်နေစရာမလိုပါဘူး"





"ရဲနောင်ပြောတာ ဟုတ်တယ်နန်းနန်း၊ ပြန်စရာရှိတာ ပြန်လိုက်"

"ဟင့်အင်း... သူသတိရလာတဲ့အထိ နန်းနန်းစောင့်ပြီး စကားပြောပြီးမှပဲ ပြန်မယ်၊ ခုလို လာပေးတာကိုကျေးဇူးတင်ပါတယ်"

"မင်းပြန်ချင်ရင်ပြန်ပါ"

"ဟင်..."

ခုတင်ပေါ်မှ အာရုံဦးဆိုသူ ဘယ်ချိန်က သတိရနေသလဲမသိလိုက်၊ သူ့စကားသံကိုကြားလိုက်ရမှာပဲ သတိပြုမိလိုက်ကြသည်။

"ရှင် သက်သာလားဟင်"

"သက်သာပါတယ်၊ ဘာမှဖြစ်လောက်တဲ့ဒဏ်ရာမဟုတ်ပါဘူး"

"ရှင့်အတွက် ဘာလုပ်ပေးရမလဲ...ပြောပါ"

"ဘာမှ လုပ်ပေးစရာမလိုတော့ပါဘူး၊ ခုဆေးရုံကိုပို့ပေးခဲ့ပြီပဲ၊ ခင်ဗျားဘက်က လုပ်ပေးသင့်တာကိုလုပ်ပေးခဲ့ပြီပဲ"

"နန်းနန်းရယ် သူ့ကျေနပ်အောင် နစ်နာကြေးတော့ပေးရမှာပေါ့"

ရဲမင်းနောင်မျက်နှာကို အာရုံဦး ခပ်ထေ့ထေ့လေးကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ငွေစကားအရမ်းပြောတဲ့သူပဲ၊ ငွေနဲ့ဖြေရှင်းလို့ရမယ်လို့ထင်ထားတယ်နဲ့တူတယ်"

"ခင်ဗျားအတွက် စဉ်းစားပေးတာပါ။ အမှုလုပ်နေလဲ ဘာမှအကျိုးမရှိနိုင်ပါဘူး၊ ထိုက်သင့်တဲ့ဆေးဝါးစရိတ်ကိုလက်ခံပြီး အမှုကိုရုပ်သိမ်းပေးစေချင်ပါတယ်"

"ကျုပ်အမှုဖွင့်မယ်လို့ တစ်ခွန်းမှမပြောခဲ့သေးဘူးနော်၊ ဒါတလျှော်ကြေးတောင်းနေတယ်လို့မထင်နဲ့၊ ခင်ဗျားတို့ထင်ထား၊ သတ်မှတ် ထားတဲ့ လူတွေထဲမှာ ကျုပ်မပါဘူး။ ဆေးရုံကနေ ကုချင်ကုမကုချင်နေ၊ ခင်ဗျားတို့ဆီက ဘာဆေးဖိုးဝါးခမှမယူဘူး၊ ပေးဖို့လည်းမစဉ်းစားနဲ့"

"အို... ကျွန်မတောင်းပန်ပါတယ်၊ အစ်ကိုကြီးနဲ့ ရဲမင်းနောင်တို့ပြန်ကြပါ၊ ကျွန်မကိစ္စ ကျွန်မ ရှင်းနိုင်တယ်"

နန်းနန်း အခြေအနေကို ကြားကနေဝင်ပြီး ထိန်းရင်း ခွန်နောင်ဦးနှင့် ရဲမင်းနောင်တို့ကိုပြန်ခိုင်းလိုက်ရသည်။ နန်းနန်းစိတ်ထဲမှ ထိုလူ၏မာနကိုကြိတ်၍ ချီးကျူးမိလိုက်သည်။

လူ့လောကကြီးတွင် ငွေကိုအန်တုရဲသော လူတစ်ယောက်ကိုတွေ့လိုက်ရခြင်းကြောင့်ပင်ဖြစ်သည်။

"မင်းဒီလူတွေနဲ့ဘယ်လိုပတ်သက်တယ်ဆိုတာ ငါမသိဘူး





အတွက် မင်းအနေနဲ့ ကြားက အားနာနေစရာမလိုပါဘူး၊ ပြီးတော့ အမှုအတွက် ငါ့ကိုတောင်းပန်နေစရာမလိုပါဘူး၊ ခုဖြစ်တဲ့ကိစ္စက ကိုယ်တိုင်ရွေးချယ်ခဲ့တဲ့ဖြစ်စဉ်ပါ"

"ရှင်..."

"ဟုတ်တယ်လေ၊ ကလေးငယ်ကို ငါကဝင်ပြီးကယ်ခဲ့တာ၊ အတွက် ငါသေသွားမယ်ဆိုရင်တောင် နောင်တမရဘူး၊ အမှုကိစ္စ တွက် ခေါင်းထဲမှာမထားပါနဲ့၊ ငါအမှုမလုပ်ဘူး။ စခန်းနဲ့မင်းတို့သာ ဖြတ်အောင်လုပ်ပါ"

"ကျွန်မ ရှင့်ဘေးမှာ ခုလိုနေနေတာ အမှုလျှော့အောင်လုပ် ဟုတ်ပါဘူး၊ ကိုယ့်တာဝန်ကိုကိုယ်ယူတာပါ"

"မင်းဆီက ဒီစကားကြားရတာ ကျေနပ်စရာကောင်းပါ ယ်၊ ဒီလောက်နဲ့တင် တာဝန်ကျေပါပြီ၊ ကျန်တာကို ဆေးရုံကဆက် တာဝန်မယူရင်လည်း ဆင်းဖို့ပဲရှိပါတယ်"

"ရှင့်ဒဏ်ရာ သက်သာမှဆင်းပါ"

"ဒီဒဏ်ရာလောက်နဲ့ ကျုပ်အတွက် မှတ်တမ်းမတင် သက်ပါဘူး၊ တစ်ခုတော့ ကျေးဇူးတင်ပါတယ်"

"ဘာကိုကျေးဇူးတင်တာလဲ"

"ဆေးရုံပေါ်မှာ နစ်မြုပ်ကြီးစွာအိပ်ခွင့်ရလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တဲ့ရက်တွေမှာ ရှင်မအိပ်ရဘူးလား"

"လမ်းပေါ်မှာဆိုတော့ ခုလို ခုတင်နဲ့ဘာနဲ့တော့ အိပ်လို

ခဲ့ဘူးပေါ့"

"ဟင်..."

"ကျုပ်ရဲ့အကြောင်းကိုပြောပြရတာ အားတော့နာတယ်

အတွက် ကျုပ်ဘက်က ဘာလုပ်ပေးရမလဲဆိုတာကိုပြောပါ"

"ရှင်ဆန္ဒရှိတဲ့အတိုင်းပဲ လုပ်ပါ၊ ကျွန်မဘက်က မတောင်း

ရက်ပါဘူး"

"တကယ်တော့ အားလုံးဟာ တမင်ကြံရွယ်ပြီးဖြစ်ခဲ့ကြ

မှ မဟုတ်တာ၊ နားလည်လို့ရပါတယ်ဗျာ"

"ရှင့်ကို ကျွန်မ အရမ်းကိုကျေးဇူးတင်ပါတယ်၊ ဘာကြော

လဲဆိုတော့ ကလေးငယ်ရဲ့အန္တရာယ်ကို ရှင်သာဝင်ပြီးမကယ်

ကျွန်မ ဘဝမှာ တစ်သက်လုံးဝမ်းနည်းကြေကွဲနေရမှာပါ"

"ကျုပ်ရယ်၊ ခင်ဗျားနဲ့ ကလေးတို့ရဲ့ကံကြမ္မာလေးတစ်ခု

အား...ကျွတ်...ကျွတ်..."

"ဟင်...ရှင်ဘာဖြစ်တာလဲ"

"ဘာ...ဘာမှမဖြစ်ပါဘူး"

နန်းနန်း ထိုလူကိုကြည့်လိုက်သည်နှင့်သဘောပေါက်လို





ည်၊ ထိုလူပြောသလို အိပ်ရေးပျက်ပြီး အားနည်းနေခြင်းဖြစ်သည်၊

ူကိုက်ဆံအိတ်ထဲကို နန်းနန်းကြည့်မိစဉ်က တစ်ရာတန် (၂) ရွက်နှင့်

ရာတန် (၁) ရွက်ကိုသာတွေ့လိုက်ရတာကြောင့် သူ့အခြေအနေကို

တဲစတ်မိလိုက်ပြီဖြစ်သည်၊

ထိုလူနဲ့ပတ်သက်ပြီး ငွေကြေးအကူအညီပေးလို့ရနိုင်မှာ

ဟုတ်ဘူးဆိုတာလည်း သဘောပေါက်လိုက်သည်၊ ဒီအတွက်

ကြောင့် သူ့အနေဖြင့် တစ်မုန့်ကိုစီစဉ်ပေးရတော့မည်ဖြစ်၏၊

"ကျွန်မ ရှင့်အတွက်တစ်ခုခုစီစဉ်ပေးချင်တယ်"

"ကောင်းပြီလေ၊ ကျုပ်ဘက်က စကားလုံးတွေ ဟိတ်ကြီး

ဟန်ကြီးသုံးပြီး မာနထောင်ပြနေတာတော့မဟုတ်ဘူး၊ မုန့်ကူညီချင်

တယ်ဆိုရင် ကျုပ်အတွက် အစားအသောက်ပဲစီစဉ်ပေးခဲ့ပါ"

"ကျွန်မ စီစဉ်ပေးခဲ့ပါမယ်၊ ကျွန်မ ရှင်နဲ့ပတ်သက်ပြီး ဘယ်

လိုအကြောင်းကြားပေးရမလဲပြောပါ"

နန်းနန်း စကားကြောင့် ထိုလူပြုံးလိုက်ပြီးနောက်...

"ခင်ဗျားအကြောင်းကြားမယ်ဆိုရင်တော့ အကြောင်းကြား

မယ့်သူတွေက အရမ်းများတယ်"

"ဘယ်လောက်များလို့လဲ"

"မြန်မာ တစ်ပြည်လုံးနီးပါးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ကျုပ်ပြောတာကို အံ့ဩသွားလား၊ ကျုပ်က မြန်မာပြည်
ချစ်တဲ့သူဆိုတော့ မြန်မာလူမျိုးအားလုံးက ကျုပ်ဆွေမျိုးတွေ
လေ၊ ထားလိုက်ပါဗျာ၊ ကျုပ်ဆိုတဲ့လူက ဆိုင်းဘုတ်မရှိတဲ့လူ
ယောက်ပါ၊ ကြုံရာနေ ကြုံရာစား ကြုံတဲ့အလုပ်ကိုလုပ်ကိုင်နေတာ"

တကယ်ဘဝကို ဦးတည်းမဲ့စွာဖြတ်သန်းနေသူတစ်ဦး
တာကိုသိလိုက်ရပြီ...

"ကျွန်မကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ"

"ရှင်ဆေးရုံမှာ လိုအပ်တာတွေအားလုံးကို ကျွန်မ စီစဉ်
ခဲ့ပါ့မယ်"

"ဒီအတွက် ကျေးဇူးတင်ပါတယ်"

"ရှင့်နာမည် အာရုံဦးနော်"

"ဟုတ်ပါတယ်၊ ဘယ်သောခါမှ နေဝင်ခြင်းမရှိတဲ့လူ
ယောက်ဆိုရင် ပိုပြီးမှန်ကန်ပါလိမ့်မယ်"

အာရုံဦးစကားလုံးတွေဟာ အထီးကျန်ဆန်လှပေမဲ့ အ
ငယ်အားလျော့ခြင်းတော့မရှိ၊ လောကကြီးကို ခေါင်းမာစွာ လျှော
နေသော လူတစ်ယောက်အားမာန်တွေကိုမြင်တွေ့နေရသလို ခံ





လိုက်ရသည်။

အာရုံဦးကို ကျောခိုင်းပြီးထွက်လာခဲ့သော နန်းနန်း ရင်ထဲ
တွင် ပုံရိပ်တစ်ခု ကပ်တွယ်တွင်ပြီး ပါလာသလို ထင်မိလိုက်၏။
ထိုပုံရိပ်ကိုတော့ အမျိုးအစား နန်းနန်း မခွဲခြားတတ်တာတော့ အမှန်
ပင်ဖြစ် သည်။ ဒါပေမယ့်လို့ နန်းနန်း အာရုံလမ်းကြောင်းပေါ်တွင်
အမည်လေးတစ်ခုကတော့ ထင်ကျန်နေပါသည်။ ထိုအမည်ကလေး
မှာတော့...

"အာရုံဦး..."

♥♥♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၄ ၊

"ဆေးရုံဆင်းသွားတာကို နင်မသိလိုက်ဘူးပေါ့၊ ဟုတ်လား နန်းနန်း"

"ဟုတ်တယ်၊ သူ့ဆီကို ဒုတိယနေ့ ငါဆေးရုံက ဂျူတီပြီးတာနဲ့ အပြန်ဝင်တုန်းကတော့ ရှိသေးတယ်၊ နောက်နေ့ထပ်ပြီးသွားတော့ မရှိတော့ဘူး"

"အင်း...သူ့ဘက်က ဘာအမှုမှမလုပ်ဘူးဆိုတော့ ကိစ္စ အစောကြီးပြတ်သွားတာပေါ့"

"ပြတ်သွားတယ်လုပ်မနေနဲ့၊ စခန်းက အမှုကိုသိပ်ပြီးပိတ်ပေးချင်တာမဟုတ်ဘူး၊ ပြီးတော့ ဘာကြေးညာကြေးလည်းမတောင်းတာနဲ့ မတောင်းတာ"





"ခေတ်က တောင်းတိုင်းမကောင်းတော့ဘူးလေ၊ အစားအသောက်တစ်လုတ်ဆိုတာ ခုခေတ်ကို ရောက်နေတာ"

"အေး...ဒါနင်တို့ဥပဒေဘက်တော်သားတွေကြုပ်ကြုပ်သတိထားကြနော်၊ မြန်မာနိုင်ငံမှာ တရားရေးမဏ္ဍိုင်ကြီးကို အရမ်းပြုပြင်နေပြီ"

"အေး...ဝါတို့ဥပဒေသားတွေကိုပဲ ပြောမနေနဲ့၊ နင်တို့ ကျန်းမာရေးဝန်ထမ်းတွေလည်း ကောင်းကောင်းသတိထားကြ၊ ဆေးရုံတွေမှာတောင်းကြေးတွေက အရမ်းကို သောင်းကျန်းနေတာနော်"

"အင်း...နင်ပြောတာ မမှားပါဘူးဟာ၊ တချို့ဆေးရုံတွေမှာဆို အတောင်းအရမ်းတွေက ရှိနေကြတုန်းပဲဟ"

"ငါ့အထင်ပြောရရင် ပေးတဲ့သူတွေရှိနေလို့ ယူတဲ့သူတွေရှိနေတာဟ၊ မပေးဘဲနေရင်ရော ဘာဖြစ်မလဲ"

"ဘာဖြစ်မလဲဟ၊ တံခါးပေါက်သမားက တံခါးပိတ်ပြီးရစ်မယ်၊ ဓာတ်လှေကားသမားက ဓာတ်လှေကားပိတ်ပြီးရစ်မယ်၊ နောက်ဆုံးတွန်းလှည်းသမားကအစ သူ့နည်းသူ့ဟန်နဲ့ ရစ်ကြတာကြီးက ရှောက်မှမသွားဘဲ၊ လူနာရှင်ဆိုတာ အပူသောကနဲ့လူတွေလေ၊ သူတို့အောင်းရမ်းမှုတွေကို သိပ်ပြီးစိတ်ရှုပ်မခံတော့ဘဲ ကိုယ့်လူနာ သောကနဲ့ပေးလိုက်ကြရတာ၊ ဒါဟာ ဆေးရုံမှာ အစွင့်ကောင်းတစ်ခုဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ နင်တို့ ဥပဒေအကျိုးဆောင်တွေလည်း ဒီပေါ်မှာအခွင့်ကောင်း စောင့်နေကြတာပဲ မဟုတ်လား"

"အံမာ..အံမာ...ငါတို့တောင်းတာ ခပ်မြင့်မြင့်ပါနော်၊ ဝင်ကြေး တောင်းတာမျိုး၊ သန့်ရှင်းရေးကြေးတောင်းတာမျိုးမရှိဘူးဟေ့"

"ကဲ...တော်ကြပါတော့၊ နိုင်ငံရေးတွေမပါနဲ့၊ ခုနက ဇာတ်လမ်းကိုဆက်ပါဦး"

"ဘယ်ဇာတ်လမ်းကိုဆက်ခိုင်းနေတာလဲဟ"

"အာရုံဦးဝတ္ထုကိုလေ"

"ပြီးသွားပြီလေ"

"နင့်ဇာတ်သိမ်းကြီးက ခံစားချက်ကင်းမဲ့လိုက်တာဟာ"

နန်းနန်း...အင်ကြင်းတို့နှင့် အာရုံဦးဆိုသူပေါ်မှာ အမှတ်တမဲ့ အသွင်ဖြင့်ပြောနေသော်လည်း နန်းနန်းရင်ထဲတွင် အစွန်းအထင်း လေးဖြစ်ပြီး ကျန်ခဲ့သလိုပါ။

"တစ်ခုတော့ ငါဝန်ခံပါတယ်"

"ဘာကို ဝန်ခံတာလဲ နန်းနန်း"

"ငါဖြတ်သန်းလာခဲ့တဲ့ဘဝတစ်လျှောက်မှာ တကယ်ကိုထူး ခြားတဲ့လူတစ်ယောက်ပါပဲ"

ထိုစကားမှာနန်းနန်း ရင်ထဲကနေ တိုက်ရိုက်စီးဆင်းခဲ့သော





စကားပင်ဖြစ်သည်။

"ဒါနဲ့ သူ့ပိုက်ဆံအိတ်ထဲမှာ ခုနစ်ရာပဲရှိတယ်ဆိုတော့ တစ်ကားလောက်ပဲရှိတာပေါ့နော်"

"ငါသူ့အတွက် လုပ်ပေးခဲ့နိုင်တာတစ်ခုရှိတယ်"

"ကဲ..ဘာကိုလဲ"

"သူ့ပိုက်ဆံအိတ်ကို သူမသိအောင် ငွေငါးထောင်းထည့်ပေး လိုက်ပါတယ်၊ တစ်သောင်းတန်ဆိုတော့ ခပ်ပါးပါးလေးပေါ့ဟာ"

"သူက တကယ်ပဲ လေလွင့်ငှက်တစ်ကောင်ဆိုရင်တော့ ကြွက်ခွဲစရာ၊ နာကျင်စရာကောင်းတဲ့ သမိုင်းကြောင်းတစ်ခုကတော့ ရှိနေမှာသေချာတယ်"

"နိုင်ဇာ..နင့်စကားတွေထဲမှာ ဇာတိပြနေတယ်နော်"

"မဟုတ်ပါဘူးဟာ၊ ကိုယ့်အသက်ကိုတောင်စွန့်ပြီး ကလေး ငယ်ရဲ့အသက်ကိုကယ်တင်ရဲတဲ့ သူ့စိတ်ဓာတ်ကိုလေးစားလို့ပါ"

"ဟုတ်တယ်၊ ဒါကတော့ တကယ့်ကို ဂုဏ်ပြုထိုက်တဲ့သတ္တိ ရှိတော်တော်များများဟာ အမျိုးအစား (၂) မျိုးပဲရှိကြတယ်"

"လုပ်စမ်းပါဦး အင်ကြင်း၊ နင့်ရဲ့ လူသားဒဿန"

"တစ်မျိုးက ကိုယ့်ကိုယ်ကို ချစ်ကြတဲ့သူ၊ နောက်တစ်မျိုးက ကိုယ့်ကိုယ်ထက် တခြားသူကို ချစ်ကြတဲ့သူ၊ ဒီလိုလူမျိုးကတော့ ရှား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကိုယ့်အကျိုးကို ဥပေက္ခာပြုပြီး တခြားသူအကျိုးတွေကို ဆောင်ရွက်လုပ်ကိုင်နေကြတဲ့သူတွေလေ၊ အာရုံဦးဆိုတဲ့လူဟာ ဒီထဲမှာပါဝင်နေတယ်"

"နင်က ဘာကြောင့်ပြုံးရတာလဲ"

"အင်ကြင်းဆိုတဲ့မိန်းမ အတွေးအခေါ်တွေ ကောင်းလာတာကို သဘောကျလို့ပါ"

"နန်းနန်း"

"ဘာလဲ ခိုင်ဇာ"

"နင့်ရဲ့ဒုတိယဇာတ်လမ်းကိုပြောဦး"

"လုပ်ပြန်ပြီ၊ ငါက ဘာဇာတ်လမ်းတွေရှိနေလို့လဲ"

"ရဲမင်းနောင် ဇာတ်လမ်းလေ"

"သွားစမ်းပါဟာ၊ မင်္ဂလာမဲ့တဲ့ နာမည်၊ ကြားရတာနဲ့တောင် အော်ကာလီဆန်တယ်"

"အော်ကာလီဆန်တယ် လုပ်မနေနဲ့၊ သူ့ဘက်က ခြေလှမ်းတွေကို နင်ဘာမှမသိသေးဘူးမဟုတ်လား"

"ဘာသိစရာရှိလို့လဲ၊ စိတ်ဝင်စားစရာမှမရှိတာ"

"နင်စိတ်မဝင်စားလို့မရဘူး"

"အယ်တော်... အတင်းကြီးပါလား ခိုင်ဇာ"





"ငါပြောတဲ့ စိတ်မဝင်စားလို့မရဘူးဆိုတာ တခြားကြောင့်မဟုတ်ဘူး၊ နင်နဲ့ပတ်သက်ပြီး သူ့ဘက်ကစိန်ခေါ်ထားတာလေ"

"ခိုင်ဇာပြောတာ ဟုတ်တယ်၊ နင့်ဘဝတစ်ခုလုံးကို သိမ်းပိုက်ဖို့ကြံစည်နေတဲ့ သူ့ကို နင့်ဘက်က ခပ်ပေါ့ပေါ့သဘောထားတာဟာ နင် သူ့ကို အခွင့်အရေးပေးတာနဲ့အတူတူဖြစ်သွားမယ်"

အင်ကြင်းနှင့်ခိုင်ဇာတို့စကားသည် အမှန်တကယ် သူ့ကို သတိပေးလိုက်ခြင်းဖြစ်သည်။ နန်းနန်း သတိထားမိတာကတော့ ရဲမင်းနောင်တစ်ယောက် ရုနောက်ပိုင်း အိမ်ကိုအဝင်အထွက်အရမ်းများနေခြင်းပင်ဖြစ်သည်။

သူ့ကြောင့်လား၊ တခြားသောကိစ္စတွေကြောင့်လားဆိုတာတော့ မသိပါ။ မနေ့က နန်းနန်းကြားလိုက်ရတဲ့ကိစ္စလေးတစ်ခုကတော့ နောက်ထပ်လုပ်ငန်းကြီးတစ်ခု ကို အကြီးကျယ်ဆုံးလုပ်ကိုင်ဖို့ ပြောဆိုသံတွေကို ခပ်ယဲ့ယဲ့ကြားလိုက်ရသည်။

"သူ့ဘက်က အိမ်ကို အဝင်အထွက်စိပ်တာကလွဲပြီး တခြား ထူးခြားချက်တော့ မရှိဘူး၊ ထူးခြားတာက ငါ့အစ်ကိုကြီး"

"ဘယ်လို ထူးခြားတာလဲ"

"ငါတို့ဦးလေး ဦးကောင်းမြတ်ဖေယျကိုတောင် စီးပွားရေး မိတ်ဘက်အဖြစ် ပြောဆိုဆက်ဆံနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အစ်ကိုကြီး စီးပွားရေးလုပ်ငန်းတွေက အရမ်းကိုအောင်မြင်နေတာနော်"

"ဟုတ်တယ်၊ သူ့ရဲ့အောင်မြင်မှုတွေက အထင်ကြီးစရာမရှိပါဘူး၊ ဘာကြောင့်လဲဆိုတော့ လူသားအကျိုးပြုလုပ်ငန်းတွေမှာ တစ်ပြားတစ်ချပ်တောင် အကုန်ခံတာမှ မဟုတ်တာ၊ ဒီလိုလူမျိုးနဲ့အစ်ကိုတော်စပ်ရတာ နာတယ်"

"သူ့ရဲ့မဟာမိဖုရားကြီး မေရီရော အိမ်ကိုလာသေးလား"

"အရှက်မရှိကြတဲ့လူတန်းစားတွေဆိုတော့ မျက်နှာပြောင်တိုက်ပြီးလာနေတာပဲ၊ အရင်လိုတော့ ရဲရဲတင်းတင်းတော့ မဟုတ်ဘူး"

"နင့်အစ်ကိုနဲ့ ယူမှာတော့ သေချာနေပြီပေါ့"

"သူတို့ယဉ်ကျေးမှုကို ငါနားမလည်ဘူး၊ ရိုးရာပျက်တွေ"

"နင်နဲ့အချိန်တန်ရင် ဆွေမျိုးတော်ရမယ့်သူနော်"

"တကယ်စိတ်ညစ်ရဆုံး စကားကိုကြားလိုက်ရသလိုပဲ၊ ဒင်းငါ့အိမ်ပေါ်ကိုမတက်ခင် တစ်ခုခုတော့ စီစဉ်ရမယ်"

"နင်က ဘယ်လိုစီစဉ်မှာမို့လို့လဲ"

"ဦးလေးနဲ့တိုင်ပင်ပြီး အိမ်ကိုခွဲမယ်၊ တကယ်လို့ အစ်ကိုကြီးဝယ်နိုင်ရင် ငါ့ကိုငွေအမ်း၊ မဝယ်ဘူးဆိုရင် ငါက ငွေပြန်အမ်းမယ်"

"အဲ..နင့်အစ်ကိုကြီးက လက်ခံပါ့မလား"





"ဒီဟာမနဲ့ ပတ်သက်ပြီး ငါသဘောထားကို ပြတ်ပြတ်သားသားပြောရမှာပဲ၊ ဒီလို စိတ်ဓာတ်ညံ့ဖျင်းတဲ့သူတွေနဲ့ တစ်မိုးတည်းအောက်မှာ နေဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ စုနောက်ပိုင်း အစ်ကိုကြီးရဲ့စိတ်ဓာတ်တွေကလည်း မကောင်းတော့ဘူး၊ ဦးလေးကောင်းမြတ် ဖေယျပြောသလို အစ်ကိုကြီးဟာ ချမ်းသာမှုအားလုံးကိုသိမ်းပိုက်ဖို့ထိ ကြံစည်နေတဲ့သူတဲ့"

"ဟယ်..ဟုတ်ရဲ့လား၊ သူ့မှာဒီလောက်ချမ်းသာနေတာပဲဟာ"

"ချမ်းသာတဲ့ သူအများစုဟာ ဘယ်တော့မှ လောဘကိုအတောမသတ်နိုင်ကြဘူး"

"ဟူး..နန်းနန်း.. နင့်အဖြစ်ကလည်း မလွယ်ပါလားဟာ၊ မောင်နှမ နှစ်ယောက်တည်းရှိတာ တစ်ယောက်နဲ့တစ်ယောက် ကြင်နာမှုမရှိလိုက်ကြတာ"

"မေတ္တာတရားဆိုတာ လုပ်ယူဖန်တီးလို့မရဘူး၊ သူ့ကိုယ့်အပေါ်မှာထားရှိတဲ့ မေတ္တာပေါ်မှာ ရောင်ပြန်တာပဲလေ၊ အစ်ကိုတစ်ယောက်ရဲ့ မေတ္တာဆိုတာ ငါ့ဘဝမှာ တစ်ဖွဲ့လောက်အောင် မရှိခဲ့ဘူး၊ သူ့လို လူမျိုးဘဝမှာ ငွေကြေးတွေ၊ ဂုဏ်ပကာသနတွေနဲ့သာ အဓိကနေရာယူထားကြတာ"

"ငါတစ်ခု မြင်မိတာရှိတယ် နန်းနန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါဦး အင်ကြင်း"

"နင်နဲ့နင့်အစ်ကိုက မောင်နှမသာဆိုတယ် ရုပ်ချင်းကျတော့ လုံးဝမတူဘူးနော်"

"ဟုတ်တယ်"

"ရုပ်ချင်းမတူတာထက် စိတ်ချင်းကျတော့လည်း မိုးနဲ့မြေလောက်ကွာတယ်၊ အလကား "ငါ" ဆိုတဲ့လူတန်းစားတွေ၊ ငါ့အမေကိုတစ်ခါတစ်ခါစိတ်နာတယ်"

"အသားလွတ်ကြီးပါလား"

"နင်စဉ်းစားကြည့်၊ ဒီလိုဘာမှ မတူတဲ့ လူနှစ်ယောက်ကို ဘာလို့ဗိုက်တစ်ခုတည်းမှာမွေးခဲ့ရတာလဲ"

"ဒါကတော့ဟော နင့်အမေကြောင့်မဟုတ်ပါဘူး"

"အမေ့ကြောင့်မဟုတ်ရင် ဘယ်သူ့ကြောင့်လဲ"

"နင့်အဖေကြောင့်လည်းပါပါတယ်"

"ကောင်မစုတ်တွေ စကားကိုအကောင်းပြောနော်"

"အယ်တော့.. ငါတို့က မကောင်းတာဘာများပြောမိလို့လဲ၊ အမှန်တရားကိုပြောတာ"

"တော်ပြီ..နာဘူးမတွေ"

"ဟား..ဟား..ဟား.."





သူငယ်ချင်း(၃)ယောက်ရယ်မောသံကလေးတွေလွင့်ပျံလျက်။

"ဒီနေ့ အကျွေးမွေးကိုဘယ်သူတာဝန်ယူမှာလဲ"

"အင်ကြင်း..ဒီနေ့အမှုဖိုင်တစ်ခုရထားတယ်"

"ဘာလဲဟ အမှုဖိုင်ဆိုတာ"

"နန်းနန်းကလည်း အမှုသစ်တစ်ခုကိုရထားတယ်လို့ပြောတာ၊ တရားမမှုကြီးနော်၊ ရှေ့နေနန်းကြီးတယ်"

"ဟုတ်လား အင်ကြင်း"

"အင်း..မောင်နှမတွေ အမွေလုကြတဲ့အမှုပါ၊ တစ်ခါတစ်ခါ လူ့ဘဝ လူ့လောကကြီးဟာ တကယ့်ကို တရားရစရာတွေက များတယ်၊ ငွေကြေးနဲ့ပတ်သက်လာရင် သွေးရင်းသားရင်း ဆိုတာ မရှိကြတော့ဘူးလေ"

"ငွေဆိုတာ ကိုင်တွယ်ရခက်တဲ့ မြွေဆိုးတစ်ကောင်ပဲဆိုတာကို သိထားရင်ပြီးတာပါပဲဟာ၊ ကဲ ဒါဆိုလစ်ကြစို့၊ ဗိုက်ထဲမှာ ဟာနေပြီ"

"သွားစို့"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၄ ၊

နန်းနန်း ဂျူတီထွက်တော့ ည ၁၀း၀၀ နာရီထိုးနေလေပြီ

အနားယူခန်းတွင် ဂျူတီကုတ်ကိုချွတ်ပြီး ယူဆောင်ရမည့်ပစ္စည်းတွေ

ကို ယူကာ ဂျူတီရှိန်းသည့် ဒေါက်တာကိုဇော်နိုင်ကို နှုတ်ဆက်ပြီး

ကားပါကင်ရှိရာသို့ထွက်လာခဲ့သည်။

ဆေးရုံဝင်းထဲရှိမာကျူရီမီးရောင်တွေနှင့်မြင်တွေ့နေရသော

ဆေးရုံပတ်ဝန်းကျင် မြင်ကွင်းလေးမှာ အေးချမ်းသလိုရှိနေပေမဲ့

ဆေးရုံကြီးပေါ်တွင်ဝေဒနာကြောင့်ခံစားနေရသူတွေအော်ဟစ်ညည်းညူ

သံတွေကို ဟန်ဆောင်ဖုံးဖိပေးထားသလိုပါပင်။

ကားလေးပေါ်သို့တက်ပြီး ဆေးရုံဝင်းထဲမှ မောင်းထွက်လ

ခဲ့ရင်းရင်ထဲမှာ မရည်ရွယ်ထားသော လူတစ်ယောက်ကိုသတိရမိလိုက်

သည်။



www.burmeseclassic.com



"အာရုံဦး"

တစ်ယောက်နှင့်တစ်ယောက် ဆုံခဲ့ကြတာ (၂)ရက်ပင်မပြည့်ခဲ့ကြသလို .... စကားပြောဖြစ်ခဲ့ကြတာတစ်နာရီပြည့်အောင် မရှိခဲ့ကြပေမဲ့အာရုံထဲတွင်ပုံရိပ်တွေကရှိနေသည်မှာ အံ့သြဖွယ်ကောင်းသည်။

"သူဘယ်ကိုရောက်ပြီး ဘာတွေလုပ်နေသလဲ...၊ အို...သူ့အကြောင်းတွေကို ဘာလို့ငါ့ခေါင်းထဲရောက်နေတာလဲ"

စိတ်အာရုံတွေကိုဖျောက်ဖျက်ပစ်ပြီး ကားပေါ်မှာသာစိတ်ကိုပြောင်းလိုက်ပေမဲ့နန်းနန်းမျက်လုံးတွေလမ်းဘေးပလက်ဖောင်းဆီကိုရောက်နေသည်။ အာရုံဦးနှင့်သဏ္ဍာန်တူသော သူတွေကိုတွေ့လျှင်ဟုတ်လေမလားဆိုပြီးကြည့်မိခဲ့သောအကြိမ်တွေကမနည်းလှပေ။

"အင်း ငါကတော့သူ့ကိုသတိရနေမိတာ သူ့ဘက်ကရောငါ့ကိုသတိရနိုင်ပါ့မလားအမှတ်တမဲ့လေးကနေ အမှတ်တရမဖြစ်ချင်တော့ပါဘူး..."

"ဟယ်..."

နန်းနန်းကားလေး...၊ ရပ်ကွက်လမ်းမကြီးတစ်ခုကိုဖြတ်ပြီးမောင်းနေစဉ်ကလေးငယ်တစ်ယောက်ကိုပုန်းပေါ်သို့တင်ပြီး ကားကိုတားနေတာကြောင့်...

"ဝူး... ကျို..."



www.burmeseclassic.com

www.burmeseclassic.com



နန်းနန်းကားကိုရပ်ပေးလိုက်ပြီး အပြင်ကိုကြည့်လိုက်သော အခါ...

"ဟင်...အာရုံဦး..."

"ကျွန်တော့်ကိုအကူအညီပေးပါ..."

"ကျွန်မဘာအကူအညီပေးရမှာလဲ"

"ဒီကလေး အဖျားတွေကြီးပြီး သတိလစ်နေလို့ဆေးရုံကိုပို့ [illegible] ဇစေချင်ပါတယ်"

"ဟုတ်ကဲ့....ကားပေါ်ကိုတက်ပါ"

"ကျိုင်း"

နန်းနန်းကားနောက်တံခါးကို ဖွင့်ပေးလိုက်သည်နှင့် အာရုံဦး ကလေးငယ်နှင့်ကားပေါ်သို့တက်ခဲ့သည်။ နန်းနန်းကားကို နောက်ပြန် ကွေ့ပြီး ဆေးရုံသို့မောင်းလာခဲ့လေသည်။ တကယ့်ကိုတိုက်ဆိုင်မှုကြီး ဖြစ်နေပြန်သည်။

ကားပေါ်တွင် တစ်ယောက်နှင့်တစ်ယောက် စကားလုံးဝမ [illegible] ဖြစ်တော့ဘဲ တိတ်ဆိတ်စွာနှင့် ဆေးရုံသို့ရောက်လာခဲ့ကြသည် ဆေးရုံကိုရောက်တော့ နန်းနန်းမှာကလေးအတွက် လိုအပ်တာအား [illegible] ကို သူကိုယ်တိုင်ဆောင်ရွက်ပေးပြီး ကလေးအတွက်ဝယ်ခြမ်းရမည့် ဆေးစာကိုယူပြီး အပြင်သို့အထွက်...





"နန်းနန်း"

"ဪ...ကိုအာရုံဦး"

အာရုံဦးလက်ထဲတွင် တစ်သောင်းတန် (၃) ရွက်ကိုတွေ့လိုက် ရသည်။

"ကျွန်တော်ဆီမှာ ခင်ဗျားပေးခဲ့တဲ့ငွေထဲက ဒါနောက်ဆုံးကျန် ငွေပါ... ကလေးအတွက် လိုအပ်တဲ့ဆေးကို ဝယ်ပေးပါဗျာ..."

"ဒီပိုက်ဆံကို ပြန်ပြီးသိမ်းထားလိုက်ပါ၊ ကူညီလက်စနဲ့ အစ အဆုံးပဲကူညီလိုက်တော့မယ် ကလေးရတင်ကပဲ စောင့်နေပါနော်"

"ဪ...ဟုတ်ကဲ့"

နန်းနန်းတာဝန်ယူမည့်ဆေးအတွက် ဆိုင်ဘက်ကိုဆင်းလာ ပြီး အာရုံဦးကိုထားခဲ့သည်။ လမ်းပေါ်မှာ နေထိုင်နေတဲ့သူတစ်ယောက် က ဒီကလေးနဲ့ဘယ်လိုပတ်သက်သလဲဆိုတာကို စဉ်းစားမိလိုက်သည်။ အာရုံဦးဟာ လှိုက်ရှက်များစွာနှင့် လမ်းလျှောက်နေသူလေ...။

"မနက်ဖြန်လောက်ဆို သက်သာသွားမှာပါ၊ စိုးရိမ်စရာမရှိ တော့ပါဘူး"

"ဟုတ်ကဲ့....ကျေးဇူးတင်ပါတယ် နန်းနန်း"

"ကိုအာရုံက နန်းနန်းနာမည်တောင် သိနေတာကိုး"

"ဆေးရုံပေါ်မှာ သူနာပြုဆရာမတွေ ခေါ်နေတာကို သတိပြုမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ပါ”

“စပ်စုတာတော့မဟုတ်ဘူးနော်၊ကလေးနဲ့ဘယ်လိုပတ်သတ်လဲ”

“ဘာမှမပတ်သက်ပါဘူး၊ ကျွန်တော်နေတဲ့ဘုန်းကြီးကျောင်းမှာအတူတူကပ်ပြီးနေကြတဲ့ရဲဘော်၊ရဲဘက်တွေပါ”

“သြော်…”

အာရုံဦးအခြေချနေထိုင်သောနေရာလေးကိုနန်းနန်းသတိပြုမိလိုက်ပြီဖြစ်သည်။

“ကျွန်မ ဘာဆက်ပြီးကူညီရဦးမလဲ ကိုအာရုံဦး”

“ဒီလောက်နဲ့တင် အရမ်းကိုပြည့်စုံနေပါပြီ”

“လိုအပ်တာရှိရင် ကူညီပေးဖို့ ကျွန်မစီစဉ်ထားခဲ့ပါတယ်”

“နန်းနန်း”

“ဟုတ်ကဲ့ပြောပါ”

“ကျေးဇူးတင်ရမှာတွေ အရမ်းများနေရင် လူတစ်ယောက်အတွက် သိပ်တော့မကောင်းဘူးဗျာ”

“ဒါဆိုလည်းကျေးဇူးမတင်နဲ့ပေါ့ရှင်”

“ဒါဆိုရင် ရိုင်းစိုင်းတဲ့ ယဉ်ကျေးမှုဖြစ်သွားမှာပေါ့ဗျာ”

“ကိုအာရုံဦး စိတ်ချစွာနဲ့ အနားယူလိုက်ပါ၊ ကျွန်မကူညီတာ





ကျေးဇူးတရားကြောင့်မဟုတ်ပါဘူး၊ လူသားတွေရဲ့လူ့ကျင့်ဝတ်တစ်ခုကိုဆောင်ရွက်တာပါ”

“ဒီလိုပဲနားလည်ပေးလိုက်ပါ့မယ်”

“နန်းနန်းကို ပြန်ခွင့်ပြုပါဦး၊ အရမ်းညဉ့်နက်နေပြီ”

“ဟုတ်ကဲ့”

ဒေါက်တာစောနိုင်က ဆေးရုံမှာအိပ်ပြီးမှပြန်ခိုင်းပေမဲ့နန်းနန်းစိတ်ရောလူရော နွမ်းနယ်နေတာကြောင့် ကိုယ့်အိမ်မှာပဲ လွတ်လွတ်လပ်လပ်အနားယူချင်တာမို့ အိမ်ကိုပဲပြန်လာခဲ့တော့သည်။

“ရှူး… ဟင်”

နန်းနန်းတို့ရပ်ကွက်ကိုဝင်သောလမ်းမဟာ တစ်နေ့လုံးလှုပ်ရှားနေသော လမ်းဖြစ်ပြီး ခုလိုညဘက်ဆိုရင် ပိုပြီးတောင်လှသူကင်းမဲ့ခြင်းတွေ သစ်ပင်ကြီးတွေနှင့် ခြံဝန်းအကျယ်ကြီးတွေနှင့် နေထိုင်ကြသော လူကုံထံရပ်ကွက်တစ်ခုလည်းဖြစ်သည်။

ထိုရပ်ကွက်များတွင် လူမှုရေးဆိုတာ အလွန်ပင်ရှားပါးလေသည်၊ တစ်ခြံနှင့်တစ်ခြံကပ်ပြီးနေကြပေမဲ့ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ပြောဆိုခြင်းမျိုးတွေ မရှိကြ၊ အရေးအကြောင်းဖြစ်ခဲ့ရင်တောင် အကူအညီတောင်းဖို့မဖြစ်နိုင်သော ရပ်ကွက်မျိုး…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

နန်းနန်းအိမ်ဆီကိုရောက်ဖို့အတွက် လမ်းကွေ့တစ်ကွေ့ကို အရောက်တွင် ကားတစ်စီးက လမ်းကိုပိတ်ဆို့ပြီး ရပ်ထားတာကိုတွေ့ လိုက်ရတာကြောင့်…

"တီ…တီ…တီ…"

ကားဟွန်းသံကိုအကြိမ်ကြိမ်နှိပ်ပြီး အသံပြုပေမဲ့တစ်ယောက် မှထွက်လာခြင်းမရှိသောကြောင့် ကားပေါ်မှဆင်းလိုက်၍ ကားနားသို့ သွားပြီးကြည့်တော့….

"မအော်နဲ့နော်"

"ရှင်"

နန်းနန်းရှေ့နောက်တွေမှာ အရုပ်မျက်နှာဖုံးအုပ်ထားသော လူ(၃)ယောက်လက်ထဲတွင် ဓားမြှောင်ကိုယ်စီကိုင်ထားလျက်…

"ရှင်တို့ဓားပြတိုက်ချင်တာလား၊ လုချင်တာလား"

"တစ်ခုမှမဟုတ်ဘူး၊ မင်းကိုပင့်သွားချင်လို့"

"ဘာ…"

"မင်းဘက်က လိမ္မာရေးခြားရှိရင်တော့ အသားနုလေးတွေ မပွန်းပဲ့ဘဲ ခေါ်ဆောင်သွားရမှာပေါ့ကွာ"

"တစ်ခုတော့ ရှင်တို့ကိုပြောပြထားမယ်၊ ကျွန်မအစ်ကိုနဲ့ပတ်





သက်ပြီး ငွေညှစ်ဖို့ဆိုရင် စိတ်လျှော့လိုက် သူ့ဆီက တစ်ပြားမှရမှာ မဟုတ်ဘူး"

"ဒါငါတို့အပိုင်းမဟုတ်ဘူး၊ ငါတို့အပိုင်းက မင်းကိုခေါ်သွားဖို့ပဲ"

"ကောင်းပြီး…လိုက်ခဲ့တာပေါ့"

နန်းနန်းစိတ်ကိုအတည်ငြိမ်ဆုံးထားလိုက်ပြီး ရန်သူကိုရင် ဆိုင်ရမည့် လမ်းကြောင်းကို ရှာကြံလိုက်တော့ …နန်းနန်းညာဘက် မှလူသည် ခေါင်းငိုက်စိုက်ကျနေတဲ့အထိ မူးနေပုံပေါက်သဖြင့်…

"ဖြောင်း အီ…"

"ဟာ…ဟိုက်"

နန်းနန်းလို မိန်းကလေးတစ်ယောက်က အမှတ်မထင်တိုက် ခိုက်မယ်လို့မထင်ထားသောကြောင့် လူဆိုးတစ်ယောက်ကတော့ ရှေ့ တိုးကိုကျသွားလေသည်၊ ရှေ့မှလူနှင့်နောက်မှလူဆိုးနှစ်ယောက်လည်း ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ နန်းနန်းကိုဖမ်းချုပ်ဖို့ပြင်ပေမဲ့ နန်းနန်း ခြေဖြင့်ဆောင့်ကန်ကာ ပြေးထွက်ဖို့ကြိုးစားလိုက်သည်၊

"မ…မလွှတ်စေနဲ့…"

"ဟာ…ရှေ့မှာမီးရောင်တွေ…၊ ရဲ…ရဲတွေနဲ့တူတယ်"

"ပြေး…ပြေး… ကားမောင်းတော့"

ကားပေါ်တွင်အသင့်စောင့်နေသော ကားသမားက ကားကို



www.burmeseclassic.com

www.burmeseclassic.com



မောင်းပြေးတော့သည်၊ လူဆိုးတစ်ယောက်မှတော့ မကျန်ခဲ့…

“ခုနက ဘာဖြစ်တာလဲ ညီမ”

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ရောက်လာကြခြင်းဖြစ်သည်။

“ကျွန်မကိုပြန်ပေးဆွဲဖို့ကြိုးစားကြတာပါ”

“အဲ့ဒီလူတွေကို ညီမမှတ်မိလိုက်လား”

“ဟင့်အင်း …မျက်နှာမှာအရုပ်မျက်နှာဖုံးတွေကို စွပ်ထားတာ”

“ကားနံပါတ်ရော”

“ကားနံပါတ်ကိုလည်းဖြုတ်ထားကြတယ်”

နန်းနန်းအမည်၊ လိပ်စာတွေကိုမှတ်ယူပြီး အိမ်အထိလိုက်ပို့ပေးခဲ့ကြသည်။ အိမ်တွင် အစ်ကိုကြီး ခွန်နောင်ဦးကတော့ မရှိ…။





“ဒီကိစ္စလုံးဝ မရိုးသားဘူး”

“ခိုင်ဇာ မရိုးသားလို့ပြန်ပေးဆွဲတာပေါ့ဟ”

အင်ကြင်းနှင့်ခိုင်ဇာကို မနေ့ညကအဖြစ်အပျက် အကျိုးအကြောင်းကို ပြောပြလိုက်၍ပြန်တုံ့ပြန်သံဖြစ်၏။

“ငါပြောတဲ့မရိုးသားဘူးဆိုတာ ရဲမင်းနောင်ကိုပြောတာ”

“ဟင်…”

“နင်ပြောသလို ငါ့စိတ်ထဲမှာတော့ တွေးမိတယ်၊ ဒါပေမယ့် ကိုယ့်ဘက်က ပိုင်ပိုင်နိုင်နိုင် သက်သေမပြနိုင်ဘဲ ထင်ကြေးနဲ့ စွပ်စွဲလို့မရဘူး”



www.burmeseclassic.com

www.burmeseclassic.com

နှင့်အတွက် ဒီအန္တရာယ်ကနေ လွတ်မြောက်ခဲ့ပေမဲ့ တခြား ဘယ်လို
အန္တရာယ်တွေ ကြုံရမယ်ဆိုတာကို ပြောလို့မရသေးဘူး"

"ဟုတ်တယ်နန်းနန်း။ ခုလုပ်ရပ်ဟာ နင့်ကို ပထမဦးဆုံး
သတိပေးလိုက်တာပဲ"

အင်ကြင်းနှင့် နိုင်ဇာပြောနေသော စကားတွေကို နန်းနန်း
သေသေချာချာနားထောင်ပြီး နောက်တစ်ကြိမ်ဟာ သူ့အတွက် ဒီ
တစ်ကြိမ်လို ကံကောင်းနိုင်မှာမဟုတ်ဘူး။ တရားခံကို ဖော်ထုတ်ဖို့ဆို
တာကလည်း ဘယ်သူဘယ်ဝါမှန်း အရိပ်အငွေ့တောင် ပြောလို့မရတဲ့
အခြေအနေ...

"ငါဘာလုပ်ရမလဲဟာ"

"ဘော်ဒီဂတ်"

"အဲ..."

အထက်တန်းကျောင်းသူဘဝကတည်းက ယောကျ်ားလေး
အပေါင်းအသင်းနည်းခဲ့သလို၊ ဆေးတက္ကသိုလ်တက်စဉ်ကလည်း
ယောကျ်ားလေး မိတ်ဆွေ သူငယ်ချင်းမရှိခဲ့တာကြောင့် နန်းနန်း ရွေး
ချယ်ရန် အခက်ကြုံနေရလေသည်။

"ဟင်..."





နန်းနန်းခေါင်းထဲတွင် လူတစ်ယောက်ကို မြင်ယောင်လိုက်
သည်။ ထိုလူမှာ အာရုံဦးပင်ဖြစ်သည်။

"နင်တို့ကောက်ဗီသောက်ပြီးပြီလား"

"ပြီးတာဖြင့်ကြာလှပြီ"

"အပြင်သွားကြရအောင်"

"ဘယ်ကိုလဲ"

"× × × × × ဘုန်းကြီးကျောင်း"

"နန်းနန်း"

"ဘာလဲဟ"

"ပေဒင် သွားပြီးမေးမလို့လား"

"နိုင်ဇာက တကယ့်ဝေတုံး၊ ဘုန်းကြီးကျောင်းကိုသွားပါတယ်
ဆိုမှ အဆောင်လက်ဖွဲ့လေးဘာလေး လုပ်မလို့ပေါ့ဟ"

"နင်တို့ပြောတာ တစ်ခုမှမဟုတ်ဘူး"

"ဒါဖြင့် ဘာသွားလုပ်မှာလဲ"

"ဘော်ဒီဂတ် သွားရှာမလို့"

"ဗုဒ္ဓေါ"

"အဲတော့...နန်းနန်းရယ်... ဘော်ဒီဂတ် ရှာစရာရှားလို့ ဘုန်း
ကြီးကျောင်းမှာမှ သွားပြီး ရှာရတယ်လို့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်သွားမဲ့ ဘုန်းကြီးကျောင်းက ရှောင်လင်ကျောင်းမို့လို့လား"

"နင်တို့ စကားအရမ်းများတယ်၊ လိုက်မှာသာ လိုက်ခဲ့ကြ၊ ဟိုရောက်တော့ သိရမှာပေါ့"

"လိုက်ဆိုလည်း လိုက်ရမှာပေါ့ဟ"

ကော်ဖီဆိုင်လေးထဲမှ ထွက်လာကြပြီး နန်းနန်းကားလေးဖြင့် ဘုန်းကြီးကျောင်းသို့မောင်းထွက်ခဲ့ကြသည်၊ ထိုဘုန်းကြီးကျောင်းမှာ အာရုံဦး ခိုကပ်ပြီးနေရသော ဘုန်းကြီးကျောင်းပင်ဖြစ်သည်။ ကော်ဖီဆိုင်မှ နာရီဝက်နီးပါးလောက် မောင်းပြီးသည်နှင့် ဘုန်းကြီးကျောင်း ဆိုင်းဘုတ်ကြီးကိုမြင်လိုက်ရသည်။

ကားကို ဘုန်းကြီးကျောင်းရှေ့မှာပင် ရပ်လိုက်ပြီး ကျောင်းထဲသို့ဝင်လာခဲ့ကြသည်။

"နန်း…နင်ဒီကျောင်းကို ရောက်ဘူးလို့လား"

"ဟင့်အင်း…ဒါပထမဆုံးအခေါက်ပဲ"

"နန်းနန်း ဂေါက်တောက်တောက်ဖြစ်သွားပြီလား"

"ငါက ဘာကိုဂေါက်ရမှာလဲ"

"မသိဘူးလေ၊ ကိုယ်တစ်ခေါက်မှမရောက်ဘူးတဲ့ ဘုန်းကြီးကျောင်းကိုလာပြီး ဘော်ဒီဂတ်လာရှာတာကို အံ့ဩစရာပဲ"





"အင်ကြင်း နှင့်ပါးစပ်ပေါက်ကြီးကို ပိတ်ပြီးလိုက်ခဲ့"

ဘုန်းကြီးကျောင်းထဲကိုလှမ်းပြီး ဝင်လိုက်တော့ အရင်ဆုံး ကိုရင်လေးတစ်ပါးနှင့် ကျောင်းသားလေး နှစ်ယောက် ထင်းခြမ်းတွေ သယ်နေတာကို စပြီးတွေ့လိုက်ရသည်၊ ကျောင်းဝန်းကြီးမှာ ကျယ်ဝန်းပြီး ကျောင်းဆောင်တွေက များနေတာကြောင့် ဓာရပ်ပြီး…

"ကိုရင်လေး"

"ဘာများလဲ ဒကာမကြီး"

"ဟိုဟို… ဒီကျောင်းမှာ ကိုအာရုံဦးဆိုတာ ရှိလား"

"ဒကာကြီး အာရုံဦးလား"

"တင်ပါ့"

"ရှိတယ် ဒကာမကြီး၊ ဟိုဘက်မှာ ထင်းတွေခွဲနေတယ်"

"ကျေးဇူးပဲ ကိုရင်လေး"

"ဒင်းက အာရုံဦးနဲ့ ရှိတ်ဆက်ထားတာကိုး၊ နန်းနန်း ဒါ နင့်လျှို့ဝှက်ချက်လား"

"မဟုတ်ရပါဘူးဟာ၊ နင်တို့နဲ့ စကားမစပ်မိလို့ပါ"

"တွေ့ဆုံခဲ့ကြတာ ကြာပြီပေါ့"

"အင်း (၁၀)ရက်လောက်ရှိပြီ၊ သူ့ဆီကိုတော့ ခုမှရောက်ဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်လမ်းကြီးကတော့ စပြီ"

"နိုင်ဇာ စကားကိုကြည့်ပြော၊ ဘာဇာတ်လမ်းမှ မစဘူး၊ ရိုးရိုးလေးကတွဲ့ မြန်မာရိုးရာဇာတ်ပေါ့"

"ထားလိုက်တော့၊ အခုတစ်ခါတည်း တန်းသွားမှာလား"

"ဟုတ်တယ်လေ"

"နင်.. ဘုန်းကြီးကျောင်းကို မရောက်ဖူးဘူးလား"

"ဘာဖြစ်လို့လဲ အင်ကြင်း"

"ဘုန်းကြီးကျောင်းကို ရောက်ပြီဆိုတာနဲ့ အရင်ဆုံး ဘုရားဝတ်ပြုပြီးတာနဲ့ ကျောင်းထိုင်ဆရာတော်ကို ဦးချရတာဟဲ့"

"ငါက ကျောင်းထိုင်ဆရာတော် ဘယ်မှာ သီတင်းသုံးတယ်ဆိုတာ သိမှမသိတာ၊ သူ့ကိုမေးပြီးမှပဲ သွားပြီးဦးချတော့မယ်"

ကိုရင်လေး လမ်းညွှန်သည့်အတိုင်း လာခဲ့ကြရင်း ပုဆိုးတိုတို၊ စွပ်ကျယ်လေးနှင့်ထင်းတွေကို ပုဆိန်နှင့်ခွဲနေသော အာရုံဦးကို နောက်ကျောဘက်မှ လှမ်းပြီးတွေ့နေရသည်။ ယောကျ်ားကောင်းတစ်ယောက် ရှိသင့်ရှိအပ်သော ခန္ဓာကိုယ်ဖွဲ့စည်းပုံတွေကိုပိုင်ဆိုင်ထားသူပင်ဖြစ်သည်။

အာရုံဦးကို နန်းနန်း ရွေးချယ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ စိတ်ဓာတ်ပိုင်းပင်ဖြစ်၏။ လူလူချင်း စာနာမှုတရား အပြည့်ထား





တတ်သူပင်ဖြစ်သည်။

ဆေးရုံတွင် နန်းနန်းနှင့် ရက်ပိုင်းကြာအောင် ဆုံခဲ့ရစဉ်က အာရုံဦး၏စိတ်ဓာတ်ပိုင်းကို တီးခေါက်လေ့လာမိခဲ့ခြင်းဖြစ်သည်။

"ကိုအာရုံဦး"

"ဪ...နန်းနန်း"

နန်းနန်းကို အာရုံဦးမြင်လိုက်တော့ အံ့အားသင့်သလို ဖြစ်သွားပေမဲ့ မျက်နှာတွင် တည်ငြိမ်မှုအပြည့်နှင့်

"အကြောင်းကိစ္စရှိလို့လား နန်းနန်း"

"ဟုတ်တယ် ကိုအာရုံဦးနဲ့ စကားပြောစရာလေးရှိလို့"

"ဒါဆို ဆရာတော်ကို သွားပြီး အရင်ဝတ်ပြုပြီးမှ စကားပြောကြတာပေါ့"

"ဟုတ်ကဲ့"

အရှေ့ဘက် ကျောင်းဆောင်ကြီးဆီသို့ တက်ခဲ့ကြပြီး ကျောင်းထိုင်ဆရာတော်ကြီးကိုဝတ်ပြုဦးချခဲ့ကြသည်။

"မောင်အာရုံဦး ဧည့်သည်တွေလား"

"တင်ပါ့၊ မောင်လှိုင်ကို ကယ်ခဲ့တဲ့ ဆရာဝန်ပါဘုရား"

"ဪ...သာဓု..သာဓု..သာဓုပါကွယ်၊ အဲဒီနေ့က ကားမှော်အရမ်းကို ခက်ခဲနေတာ၊ ဒကာမလေးကျေးဇူးကြောင့် မောင်လှိုင်



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်ရတာပဲလို့ ဆိုရမှာပေါ့"

"ကူညီခွင့်ရလို့ပါဘုရား"

"ကိစ္စရှိလို့လား"

"တင်ပါ့၊ ကိုအာရုံဦးနဲ့ စကားပြောစရာရှိလို့ပါ၊ အချိန်ရမယ်ဆိုရင် အပြင်ခဏ ခေါ်သွားချင်ပါတယ်ဘုရား"

"ရပါတယ်… မောင်အာရုံဦး၊ ပြန်လာမှပဲဆက်ပြီး လုပ်စရာရှိတာလုပ်"

"တင်ပါ့… ဒါဆို ခဏလေးစောင့်နော်"

"ဟုတ်ကဲ့"

အာရုံဦးထွက်သွားပြီး ကျောင်းကြီးအပေါ်ထပ်တွင် နန်းနန်းတို့သူငယ်ချင်းသုံးယောက်နှင့်ဆရာတော်ပဲ ကျန်ရစ်ခဲ့ကြသည်။

"မောင်အာရုံဦးနဲ့ ရင်းနှီးတာကြာပြီလား"

"မကြာသေးပါဘူး ဘုရား"

"တကယ်စိတ်ဓာတ်ကောင်းတဲ့လူတစ်ယောက်ပါ၊ သူ့ဇာတိက မန္တလေးကလေ၊ မိဘတွေက ချမ်းသာကြတယ်၊ ပြီးတော့ ပညာတတ်တစ်ယောက်၊ ကျောင်းမှာနေကြတဲ့ မိဘမဲ့ကလေးတွေကို သူပဲစောင့်ရှောက်ပညာသင်ပေးနေတာ"

ဆရာတော်ကြီးဆီက အာရုံဦးနှင့်ပတ်သက်ပြီး သူ့၏ဘဝကို





အတိုချုပ်သာ သိခဲ့ရတာကြောင့် ပြည့်ပြည့်စုံစုံ ကို မေးချင်သောဆန္ဒတွေရှိပေမဲ့ စောသေးတယ်လို့ထင်မိတာကြောင့် ဘာမှ မမေးဘဲ နှုတ်ဆိတ်ပြီးနေလိုက်သည်။ ခဏကြာတော့ အာရုံဦးပြန်ရောက်လာပြီး

"သွားကြရအောင်"

"ခွင့်ပြုပါဦး ဘုရား"

"ကောင်းပါပြီကွယ်"

ဆရာတော်ကြီးကို ဦးချပြီး ကျောင်းအောက်ကိုဆင်းလာခဲ့ကြသည်။

"ကိုအာရုံဦး…ရော့"

"ဟာင်…"

နန်းနန်း…သူ့ကို ကားသော့ပေးလိုက်သဖြင့် အံ့ဩသောမျက်လုံးနှင့်ကြည့်နေသဖြင့်…

"နန်းနန်းကို ကားမောင်းပေးပါ"

"ကောင်းပြီလေ"

နန်းနန်းလက်ထဲက ကားသော့ကိုယူလိုက်ပြီး…

"ရန်ကုန် ကားလမ်းတွေကို မမောင်းဖူးဘူးနော်၊ လမ်းကိုတော့ပြော၊ ဘယ်ကိုမောင်းပေးရမလဲ"

"ကော်ဖီဆိုင် တစ်ဆိုင်ကိုမောင်းပါ"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးတော့ မထင်နဲ့နော်၊ ရန်ကုန် ကော်ဖီဆိုင်ဆို တစ်ဆိုင်မှမထိုင်ဖူးဘူး"

"နန်းနန်း လမ်းပြမှာပါ"

နန်းနန်းနှင့်အာရုံဦးကို အင်ကြင်းနှင့် ခိုင်ဇာတို့က လှေလာအကဲခတ်၍ ဘာမှပြောဆိုခြင်းမရှိဘဲ လိုက်လာခဲ့ကြသည်။ အာရုံဦးကတော့ နန်းနန်းပြောသည့်အတိုင်း ကားကိုမောင်းနေတာကို မသိမသာအကဲခတ်တော့ အာရုံဦးသည် ကားကို ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်သူပင်ဖြစ်သည်။

"ဟာ..."

"ကိုအာရုံ ဘာဖြစ်တာလဲ"

"ကား ဘာရိတ်ပေါက်သွားပြီ"

"ရှင်...ဟယ်...အဲ..."

ကားမှာ တံတားပေါ်မှဆင်းနေချိန်ဖြစ်တာကြောင့် အရှိန်ကပါနေသည်၊ အာရုံဦး ကား စတီယာရင်ကို နိုင်နင်းစွာကိုင်တွယ်ပြီး ရှပ်ထွေးနေသောကားတွေကြားမှာ လွတ်အောင်မောင်းရင်းဘေးဘက်ပလက်ဖောင်းနားသို့ရအောင်ကပ်ရပ်လိုက်သည်၊

"ဟူး...ဟင်း..."

ကားဘီးလေးဘီးလုံးရပ်တော့မှ သက်ပြင်းချနိုင်သည်။





အာရုံဦး ကားအောက်ကိုဆင်းပြီး ဘာရိတ်ကိုဆင်းကြည့်ပြီး...

"နန်းနန်း ဒီကာပဲစောင့်ကြဦး"

"ကိုအာရုံဦး ဘယ်ကိုသွားမလို့လဲ"

"အနီးအနားမှာ ဘာရိတ်ပစ္စည်းဆိုင်ကိုရှာပြီးတော့ ပြန်ပြင်မယ်"

"ဝပ်ရှော့ကို ဖုန်းဆက်ပြီးအကြောင်းကြားလိုက်မယ်လေ"

"ကြားမနေပါနဲ့၊ ကိုယ့်ဘာသာကိုယ် လုပ်တော့ ပိုပြီးစိတ်ချရတယ်"

"ပိုက်ဆံယူသွားဦးလေ"

"ကျွန်တော့်မှာ ပါပါတယ်"

နန်းနန်း အတင်းကြီးဖွတ်ပေးလို့ မကောင်းတာကြောင့် ဆက်ပြီးမပေးတော့ဘဲ နေလိုက်သည်။

"နန်းနန်းရေ...နင်တင်မဟုတ်ဘူး၊ ငါတို့ပါ အနိစ္စသဘောနဲ့ ကိစ္စရောဟော့မလို့"

"ငါ့အပေါ်ယုတ်မာမှုတွေကတော့ ကြမ်းသထက် ကြမ်းလာပြီ"

"ဟုတ်တယ်၊ အသက်ကိုတောင် အန္တရာယ်ပြုနေပြီနော်၊ ဒါက သာမန်အခြေအနေတော့မဟုတ်ဘူး၊ အကြီးမားဆုံးလုပ်ကြံမှု



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုလုပ်တာ"

"ငါ့ကို သေစေချင်တာ လူပုဂ္ဂိုလ်မုန်းတီးမှုလား၊ ဒါမှ မဟုတ် ငါ့ဥစ္စာ စည်းစိမ်တွေအတွက် လုပ်ကြံတာလား"

"နင့်ကို မုန်းတီးတဲ့သူဆိုလို့ ရဲမင်းနောင်နဲ့ နင့်ဥစ္စာပစ္စည်းတွေနဲ့ပတ်သက်ပြီး လုပ်ကြံတာဆိုလို့ နင့်အစ်ကိုပဲရှိတာ"

"အင်ကြွင်းရယ်… သူများမောင်နှမကြားမှာဟာ"

"ငါစကားက သွေးကွဲအောင်ပြောနေတာမဟုတ်ဘူး၊ လမ်းကြောင်းမှန်တစ်ခုကို ချပြပြောဆိုနေတာ၊ တကယ်လို့ နန်းနန်း တစ်ခုံ တစ်ခုဖြစ်သွားမယ်ဆိုရင် ကျန်ရစ်ခဲ့တဲ့ ဥစ္စာနေ၊ ငွေကြေးတွေကို ဆက်ခံမယ့်သူက နန်းနန်းအစ်ကိုပဲရှိတာ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ သူမှာလည်း ချမ်းသာကြွယ်ဝနေသူပဲဟာ"

အင်ကြွင်းနှင့်မိုင်ဇာတို့ပြောဆိုတဲ့စကားတွေကို နန်းနန်းနား ထောင်ရင်း သူ့မျက်လုံးထဲတွင် တစ်စုံတစ်ယောက်ကိုမြင်ယောင်လိုက် မိသည်။ ထိုသူမှာ မေရီပင်ဖြစ်သည်။

"နင်တို့ပြောတဲ့ထဲမှာ တစ်ယောက်ကျန်နေသေးတယ်"

"ဘယ်သူလဲ နန်းနန်း"

"မေရီ"





"ဟယ်…"

"အင်း…ဟုတ်တယ်၊ သူက နန်းနန်းကို မုန်းတီးနေတဲ့သူပဲ"

"မုန်းတီးမှုတစ်ခုတည်းတင် မဟုတ်ဘူး အင်ကြွင်း၊ နင်ပြောတဲ့နောက်ဆက်တွဲဥစ္စာနေတွေပေါ်မှာလည်း ပါဝင်ပတ်သက်နေလိမ့်မယ်"

"ဟူး…ချမ်းသာမှုနောက်ကွယ်မှာ ကြောက်စရာကောင်းတာတွေလည်းရှိနေတာပဲ"

"ဆင်းရဲခြင်းကြောင့် ကြုံရတဲ့ဒုက္ခ၊ ချမ်းသာခြင်းကြောင့်ကြုံရတဲ့ဒုက္ခ၊ ဘယ်ဟာမှ မကောင်းပါလားနော်"

"ဟိုမှာ ကိုအာရုံဦး ပြန်လာပြီ"

သူတို့ စကားတွေကိုရပ်ပြီး အာရုံဦးကို စောင့်နေလိုက်ကြသည်၊ အနားကိုရောက်တော့မှ…

"အဆင်ပြေလား ကိုအာရုံဦး"

"အဆင်ပြေတယ်၊ ကားပစ္စည်းဆိုင်က ဒီနားတင်ရှိနေတာ၊ အထဲမှာ ကားပြင်ပစ္စည်းဇောက်(စ်) ပါတယ်မဟုတ်လား"

"အင်း…ပါတယ်"

အာရုံဦး ကားပြင်ရာတွင် သုံးရမည့်ကိရိယာတွေကိုယူပြီး ဘရိတ်ကို ပြန်ပြီးပြင်နေသည်။ အာရုံဦးလုပ်ကိုင်နေသော အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားကိုကြည့်ကာ ကျွမ်းကျင်မှု အဆင့်ကိုအကဲခတ်နိုင်သည်။ သိပ်ကြာကြာ ပင်မလုပ်ကိုင်လိုက်ရပဲ အားလုံးပြီးစီးသွားသည်။

"စိတ်ချရပါပြီ၊ သွားကြစို့"

ကားပေါ်သို့ပြန်တက်ပြီး ကော်ဖီဆိုင်သို့ ခရီးဆက်ခဲ့ကြသည်။ ကော်ဖီဆိုင်သို့ရောက်ခဲ့ကြပြီးမှ...

"နန်းနန်း ကျွန်တော့်ကို ပြောချင်တာဘာများလဲ"

"နန်းနန်း အကူအညီတောင်းချင်လို့"

"ကျွန်တော် ဘာအကူအညီပေးရမလဲ ပြောပါ"

"ခုကိုအာရုံဦး လက်တွေ့အမြင်ပဲလေ၊ နန်းနန်းအတွက် ရင်အနှုရာယ်တွေက အနီးဆုံးနေရာမှာ ရောက်နေတာပါ"

"ကျွန်တော်က နန်းနန်းကို ကာကွယ်ပေးဖို့ပေါ့"

"ကာကွယ်ပေးဖို့တင်မဟုတ်ပါဘူး၊ စောင့်ရှောက်ပေးဖို့ တောင်းဆိုချင်တာ"

"နန်းနန်းမှာ မိသားစုမရှိဘူးလား"

"အစ်ကိုတစ်ယောက်တော့ရှိပါတယ်၊ မိဘတွေကတော့ ဆုံးပါးသွားပြီ"

"နန်းနန်းအစ်ကိုကရော မစောင့်ရှောက်နိုင်ဘူးလား"

"သူနဲ့နန်းနန်းက ကမ္ဘာကြီးတစ်ဖက်စီမှာ နေနေရသလိုပဲ"





"ကောင်းပြီ၊ ကျွန်တော် ကူညီနိုင်ပါတယ်၊ ကျွန်တော့်အမြဲ အနေကိုတော့ နန်းနန်းအမြင်ပဲနော်၊ နောက်တစ်ခုက နန်းနန်းအစ်ကို အခနေနဲ့ ခုလိုကိစ္စပေါ်မှာ ခွင့်ပြုပါ့မလား"

"နန်းနန်းတို့နှစ်ယောက်ကြားမှာ ကိုယ်ပိုင်ဥပဒေတွေနဲ့နေ ထိုင်ကြတာပါ"

"ဒါဆိုရင်တော့ သိပ်ပြီးပြောစရာမရှိပါဘူး၊ နေဖို့ထိုင်ဖို့ကရော"

"နန်းနန်းဆီမှာလိုက်ပြီးနေပါ၊ ပြော်... မေ့နေလို့ နန်းနန်း သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သူက အင်ကြင်း၊ ဒီဘက်က နှင်းဆာ၊ ဗဟိုတရားရုံးရှေ့နေတွေပါ"

"ကျွန်တော် အာရုံဦးပါ"

တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှု သင်္ကေတ အပြုံးပွင့်နှင့်အသိအမှတ်ပြုလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၅ ၊

ကျွန်မ၏အတွေ့ရနံ့သက်တွေ ပျံ့လွင့်နေသော နယ်နိမိတ်ထဲ

ကို အာရုံဦးဆိုသော လူတစ်ယောက်ကို ဆွဲခေါ်ခဲ့မိပြီဖြစ်သည်။ နန်းနန်း

အိမ်ကြီးတွင် ပထမဦးဆုံး အာရုံဦးနှင့်ထိပ်တိုက်တွေ့ဆုံသူက အစ်

ခွန်နောင်ဦးပင်ဖြစ်သည်။ ဒါက အာရုံဦး ပထမဆုံးနေ့ နန်းနန်းအိမ်သို့

ရောက်သည့်မနက်... နန်းနန်းဆီကို မနက် (၉း၀၀) နာရီအရောက်လာ

ခဲ့ဖို့မှာလိုက်တာကြောင့် အာရုံဦး ကျောပိုးအိတ်အဟောင်းတစ်လုံး

ကိုလွယ်ပြီးရောက်လာခဲ့သည်။

ခြံစောင့် ကိုခင်မောင်ကို "နန်း" မှာထားတာကြောင့် ခြံတံခါး

အတွက် အာရုံဦးနာမည်ပြောလိုက်သည်နှင့် ခြံထဲကို ဝင်လာနိုင်ခဲ့

သည်။ နန်းနန်း သူရောက်ရှိန်ကို ကြိုပြီးစောင့်နေတာမို့ အာရုံဦး ဝင်လာ





တာကို အပေါ်ထပ် နန်းနန်းအခန်းပြတင်းပေါက်ကနေ လှမ်းပြီးတွေ့

နေရသည်။ မှန်တင်ခုံရှေ့တွင် ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြင်လိုက်ပြီး

အောက်သို့ ဆင်းလာခဲ့ပြီးနောက်...

"ဟော့လူ ရပ်ဦး"

ခွန်နောင်ဦး ကုမ္ပဏီကို သွားခါနီး အာရုံဦးနှင့်မျက်နှာချင်း

ဆိုင် ခြံထဲတွင် တွေ့လိုက်ရခြင်းဖြစ်သည်။ နန်းနန်း မျက်ချင်းအပြင်

ထွက်ဖို့ပြင်ပြီးမှ အာရုံဦးနှင့် ထိပ်တိုက်တွေ့မှုကို သိချင်တာကြောင့်

စောင့်ကြည့်နေလိုက်သည်။

"ကျုပ်ကိုခေါ်တာလား"

"ဟုတ်တယ်၊ မင်းဘာကိစ္စနဲ့ခြံထဲကိုဝင်လာတာလဲ"

"ကျုပ်ဘာကြောင့်ဝင်လာတာလဲဆိုတာကို ခင်ဗျားညီမက

ပြောမပြထားဘူးနဲ့တူတယ်"

"မင်းကို နန်းနန်း ခေါ်ထားတာပေါ့"

"သိပ်သေချာတာပေါ့"

"ဘာကိစ္စလဲ"

"ဒါက သူပြောရမယ့်အပိုင်း ကျုပ်မှာပြောဆိုပိုင်ခွင့်မရှိဘူး"

"ဘာကွ.. မင်း ငါဘယ်သူဆိုတာရော သိလား"

"ကျုပ်က ခင်ဗျားအကြောင်းလေ့လာစုံစမ်းဖို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်လို့ကျုပ်အတွက်မလိုအပ်တဲ့ကိစ္စပါ"

"မင်းမိုက်ရိုင်းတဲ့အရိုင်းအစိုင်းကောင်ပဲ၊ စရိုက်ချင်းငါ့ခြံ

ကထွက်သွားစမ်း"

"ဆောရီးပဲ၊ နန်းနန်းနဲ့ သက်ဆိုင်တာမို့ သူကထွက်သွား

ရင်ထွက်သွားမယ်"

"ကျော်အောင်...ခင်မောင်...ကျားကြီး"

"ဗျာ..ဆရာ"

အခြေအနေမှာ မကောင်းတော့ဘူးဆိုတာကို နန်းနန်

သဘောပေါက်လိုက်ပေမဲ့ကျော်အောင်၊ ခင်မောင်တို့ထက် ကျားကြ

ဆိုသူက အစ်ကိုကြီး ခွန်နောင်ဦး၏ လက်ရုံးတစ်ဆူပင်ဖြစ်သည

အသားညိုညို အရပ်အမောင်းကောင်းပြီး လူမိုက်အင်္ဂါရပ်နှင့်ညီသ

ဖြစ်သည်။

"ဒီကောင့်ကိုအပြင်ရောက်အောင်ပြန်ပြီးပို့လိုက်"

အာရုံဦး အေးဆေးတည်ငြိမ်စွာပဲ ဘာမှမဖြစ်သလို ရပ်နေ

တာကြောင့်...

"မင်းအသားတွေက ကျောက်တွေထုထားတာမဟုတ်ရ

ကိုယ့်ခြေထောက်အားကိုးနဲ့ပြန်ထွက်သွားလိုက်"

"ကျုပ်ခြေထောက်ကိုအားကိုးလို့မရဘူးဆိုရင်မင်းတို့ကျ





ပို့ပြီးလိုက်ပို့မယ်ဆိုတဲ့သဘောပေါ့၊ အားနာစရာတော့ကောင်းနေပြီ"

"အေး... ကုန်းပိုးပြီးလိုက်ပို့မှာကွ"

ကျားကြီးက သူ့ဆရာရှေ့တွင် အစွမ်းအစပြချင်တာကြောင့် အာရုံဦးကိုပြေးပြီးဝင်တိုက်ခိုက်တော့သည်။

"ဖြောင်း...ဒုတ်...အီး..."

"ဟ...အယ်.."

နန်းနန်း မျက်လုံးထဲတွင် လျှပ်တစ်ပြက်ပင် ဆိုရမည်။ ကျားကြီး မျက်နှာဆီသို့ အာရုံဦးခြေကန်ချက်မှာအရမ်းကိုမြန်ဆန်လွန်းပြီးသေးမှ ပန်းအိုးထဲသို့မှောက်ရက်ကြီးကျသွားလေသည်။ နောက်တစ်ကြိမ်ဆိုတာကျားကြီးမဖြစ်နိုင်တော့။

"ကျော်အောင်..ခင်မောင်"

"ဗျာ...ဗျာ...ဆ...ဆရာ.."

ထိုအခြေအနေရောက်တော့မှ နန်းနန်းအပြင်ကိုအမြန်ဆုံးထွက်လိုက်ရတော့သည်။

"ကိုအာရုံဦးကို နန်းနန်းခေါ်ထားတာ"

"နန်းနန်းမင်းဘာကိစ္စနဲ့ခေါ်ထားတာလဲ"

"နန်းနန်း အသက်အန္တရာယ်ကို ကာကွယ်ပေးဖို့ပါ"

"ဘာပြောတယ်...မင်းကိုဘယ်သူကအသက်အန္တရာယ်ပြု



www.burmeseclassic.com

www.burmeseclassic.com



နေလို့လဲ"

"ဒါတော့ ခုထိ ဘယ်သူဘယ်ဝါဆိုတာ မသိရသေးဘူး။ ဒီ အတွက် နန်းနန်း အသက်လုံခြုံရေးအတွက် ကိုအာရုံဦးကို အကူ အညီတောင်းထားတာ"

"နန်းနန်း...မင်း ငါ့ကိုတိုင်ပင်သင့်တယ်၊ ငါစီစဉ်ပေးမှာပေါ့"

"နန်းနန်းအသက် လုံခြုံရေးအတွက် နန်းနန်း စိတ်ချယုံ ကြည်သူကိုပဲ ရွေးချယ်ချင်တယ်"

"မင်းစကားက ငါရွေးချယ်ပေးတာကို မယုံကြည်ဘူးပေါ့"

"နန်းနန်း...ဘယ်သူ့ကိုမှ မယုံဘူးလို့ပြောတာမဟုတ်ဘူး ကိုယ်ယုံကြည်တဲ့သူကိုရွေးချယ်ချင်တယ်လို့ပဲပြောတာပါ"

"နန်းနန်း... မင်းက ဦးကောင်းမြတ်ဖေယျအားကိုးနဲ့ ထင် တိုင်းကြဲနေတာပေါ့"

"ဦးကောင်းမြတ်ဖေယျဟာ ဖေဖေ၊ မေမေတို့မရှိတော့တဲ့ နောက်ပိုင်းမှာ နန်းနန်းအတွက် စိတ်အချရဆုံးရင်ခွင်အိမ်တစ်ခုပါပဲ"

"ငါက နင့်အစ်ကိုပါ"

"နန်းနန်း အစ်ကိုကြီးဟာ အလုပ်တွေအရမ်းများတဲ့လူဖြစ် နေလို့အားနာတာပါ...ကိုအာရုံဦး အိမ်ထဲကိုဝင်ကြရအောင်"

"အင်း..."





"ခဏနေဦး"

အာရုံဦးရေ့တွင် ခွန်နောင်ဦး ပိတ်ရပ်လိုက်ပြီး တင်းမာသော မျက်နှာနှင့်...

"မင်းနဲ့ငါ့ပွဲက မပြီးသေးဘူးဆိုတာ မင်းမှတ်ထားပါ"

"စိတ်ချ၊ နာရီ၊ ရက်စွဲ၊ အတိအကျနဲ့မှတ်ထားပါမယ်၊ ခင်ဗျား ကိုလည်း သိထားသင့်တာလေးတစ်ခုကိုပြောထားခဲ့မယ်၊ အကြောက် တရားနဲ့ပတ်သက်ပြီး ကျုပ်အတွက် သိပ်နားမလည်တဲ့ကိစ္စတစ်ခုပါ၊ သွားခွင့်ပြုပါဦး"

အာရုံဦးမထိတထိလေးပြုံးလိုက်တာကြောင့် ခွန်နောင်ဦး ပို ပြီး ခံပြင်းစေခဲ့သည်။

"တောက်...ဘာမှ အသုံးမကျတဲ့ကောင်တွေ"

ခွန်နောင်ဦး သူ့လူတွေကို ကြိမ်းမောင်းနေသော အသံကို ကြားလိုက်သည်။ အိမ်ကြီး၏ဧည့်ခန်းသို့နန်းနန်း ခေါ်ဆောင်လာပြီး

"ကိုအာရုံဦးအတွက် ပထမဆုံးနေ့မှာ တကယ့်ကိုပွဲကြမ်း ကြီးနဲ့ကြုံလိုက်ရတယ်နော်၊ တောင်းပန်ပါတယ်"

"ပြဿနာမရှိပါဘူးနန်းနန်း၊ အရေးကြီးတာက နန်းနန်း အတွက် အင်တာဗျူးတစ်ခုကိုအောင်မြင်တယ်ဆိုရင် ကျေနပ်ပါပြီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဖြစ်သင့်တဲ့ကိစ္စတစ်ရပ်ပါ၊ ကိုယ်ရွေးချယ်တဲ့ဘော်ဒီဂတ်ရဲ့လက်ရုံးရည်က ဘယ်လိုလဲဆိုတာတော့ သိသင့်ပါတယ်"

"နန်းနန်းအခင်တာဗျူးလို့ဘာကြောင့်ပြောနိုင်တာလဲ"

နန်းနန်းစကားကို အာရုံဦးဖြူးလိုက်ပြီးမှ...

"ကျွန်တော် မြို့ကြီးထဲကို စပြီးဝင်လာကတည်းက နန်းနန်းပြတင်းပေါက်ကနေ လှမ်းပြီးမြင်နေတာပဲ၊ နန်းနန်းအစ်ကိုကြီးနဲ့ စကားများတဲ့အချိန်မှာ နန်းနန်း အောက်ထပ်ကို ရောက်နေလောက်ပါပြီ တမင်ပွဲအခြေအနေကိုကြည့်ချင်လို့ အပြင်ကိုမထွက်ဘဲနေတာ မဟုတ်လား"

အာရုံဦး ထင်မြင်ချက်ကို နန်းနန်း မငြင်းနိုင်ခဲ့ပါ။

"ကိုအာရုံဦးတွေးခဲ့တာ မမှားပါဘူး"

"ကျွန်တော်က ဘယ်မှာနေရမှာလဲ"

"နန်းနန်းအားလုံး စီစဉ်ပြီးပါပြီ၊ အိမ်ထဲမှာပဲနေရမှာပါ"

"ဟာ...အိမ်ထဲမှာ"

"ကိုအာရုံဦး ဘာမှ စိတ်မပူပါနဲ့၊ ဒီအိမ်ကြီးထဲမှာ အခန်းပေါင်း ရှစ်ခန်းရှိပါတယ်၊ နန်းနန်းတို့မောင်နမနှစ်ယောက် တစ်ယောက်ကို လေးခန်းစီပိုင်ကြတယ်၊ ဒီလောက်ဆို သဘောပေါက်မှာပါ"

"ကျွန်တော့်အမြင်တစ်ခု ပြောရရင် အိမ်ကြီးထဲမှာ ပြဿနာတွေ ဒီနေ့ကစပြီး ကြီးထွားလာနိုင်တယ်၊ ဒီအတွက် နန်းနန်း စိတ်ညစ်စရာဖြစ်မှာတော့ မလိုလားပါဘူး"

"ကိုအာရုံဦး ဒါတွေကို ခေါင်းထဲက ထုတ်ထားလိုက်ပါ၊ နန်းနန်းအတွက် ပြဿနာတွေကာ ခုမှကြီးထွားတာမဟုတ်ပါဘူး၊ ကြီးထွားနေတာ ကြာပါပြီ၊ ကဲ...ကိုအာရုံဦးနေရမယ့်အခန်းကို သွားကြရအောင်"

"အင်း..."

အောက်ထပ် ထမင်းစားခန်းနှင့်ကပ်လျက် သီးသန့်အခန်းလေးကိုခေါ်လာခဲ့သည်။

"ဒီအခန်းမှာ ရေချိုးခန်း၊ အိမ်သာ အားလုံးအဆင်သင့်ရှိတယ်၊ ပြီးရင် ရေချိုးထားတော့ အပြင်ကိုသွားစရာရှိတယ်"

• • •







www.burmeseclassic.com

www.burmeseclassic.com

နန်းနန်းလည်း အဝတ်အစားလဲပြီး အပြင်ကိုထွက်လာတော့ အာရုံဦးအသင့်စောင့်နေတာကိုတွေ့လိုက်ရသည်။

"မြန်လှချည်လား ကိုအာရုံဦး"

"ကျွန်တော့်အဲလုပ်က ဝီရိယ ရှိရမယ်လေ"

"ရော့ ကားသော့၊ ဒီကားသော့ကို ဒီနေ့ကစပြီး ကိုအာရုံဦးပဲ ကိုင်ထားပါ"

"ကောင်းပါပြီ၊ ခု ဘယ်ကိုသွားမလဲ"

"နန်းနန်း ဦးလေးဆီကိုသွားမှာ၊ သူက ဟိုတယ်မှာ စောင့်နေတယ်"

"ဟုတ်ကဲ့"

နန်းနန်းတို့နှစ်ယောက် အပြင်ကိုကားနဲ့မထွက်ခင်ကတည်းက အစ်ကိုကြီးခွန်နောင်ဦး သူ့ဆောက်လုပ်ရေးကုမ္ပဏီကိုထွက်သွား





ပြီဖြစ်သည်။

အာရုံဦးနဲ့ပတ်သက်ပြီး နန်းနန်း...အစ်ကိုကြီးခွန်နောင်ဦးကို ဖွင့်ဟ တိုင်ပင်ခြင်းမရှိပေမဲ့ ဦးလေးဖြစ်သူ ဦးကောင်းမြတ်ဇေယျကို တိုင်ပင်ထားတာကြောင့် လူကိုတွေ့နိုင်ရန် ချိန်းဆိုထားခြင်းပင်ဖြစ်သည်။

"နန်းနန်းနဲ့ ကိုအာရုံဦးကြားမှာ ဆက်ဆံရေးတော့ နည်းနည်း ပြောင်းလဲစေချင်တယ်"

"အလုပ်ရှင်နဲ့အလုပ်သမားဆက်ဆံရေးမျိုးလား"

"အဲဒီလိုမဟုတ်ပါဘူး၊ ဒီထက်ပိုပြီး ရင်းနှီးတဲ့ဆက်ဆံရေးပါ၊ ပြီးတော့ ရင်းနှီးမှုတွေဟာ ယုံကြည်မှုတွေအတွက် အကောင်းဆုံး အခြေခံတွေလို့ထင်လို့ပါ"

"နန်းနန်းဘက်က ခုလို ရင်းနှီးမှုအတွက် ကြိုးဆိုတာကို ဝမ်းသာပါတယ်"

"ခုကစပြီး ကျွန်တော်၊ ကျွန်တော် ဆိုတာကို မသုံးနဲ့တော့"

"ကောင်းပါပြီ နန်းနန်း၊ ကိုယ်လို့ပဲ သုံးမယ်နော်"

"အင်း...အာရုံဦးက နန်းနန်းထက်အသက်ကြီးတာပဲဟာ"

"သေသေချာချာ တွက်ချက်ထားရဲ့လား တစ်ခုတော့မှားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ မှတ်ပုံတင်ထဲက နာမည်နဲ့ နေ့နဲ့ မကိုက်ဘူးလား"

"ဒီလောက်ကြီးထိတော့ မဟုတ်ရပါဘူး အာရုံဦး"

"နုဘယ်ဟိုတယ်ကို မောင်းရမှာလဲ"

"ကန်တော်ကြီးဟိုတယ်၊ လမ်းကြောသိတယ်နော်"

"ရန်ကုန်ကို ရောက်နေတာကြာပါပြီ"

နန်းနန်း စကားပြောနေရင်း အိတ်ထဲမှ ဟန်းဖုန်း အသစ်တစ်လုံးကို ထုတ်ပေးလိုက်သည်။

"အာရုံဦး ယူထားရမယ့် ပစ္စည်းပါ"

"ဒါက အရေးပါတဲ့ ပစ္စည်းပါ"

နန်းနန်းပေးလိုက်တဲ့ ဖုန်းလေးကို အာရုံဦးကားမောင်းရင်း လှမ်းယူပြီး...

"နန်းနန်းကို ပြောထားရမယ်"

"ဘာများလဲ"

"နောက် ကိုယ်မောင်းတဲ့ကားကို စီးရင် ကားနောက်ခန်းက စီးပါ"

"ဩော်...အင်း.."

"တခြားကြောင့် မဟုတ်ပါဘူး၊ အန္တရာယ်နဲ့ကြုံတဲ့အခါမျိုး ကျရင် လှုပ်ရှားရတာ လွယ်အောင်လို့ပါ"





"ကောင်းပါပြီ၊ လုံခြုံရေးမှူး"

နန်းနန်းတို့ကားလေးမှာ ကန်တော်ကြီးဟိုတယ်သွားရာ လမ်းမပေါ်သို့ရောက်ရှိလာပြီဖြစ်သည်။

ကားပါကင်နေရာတွင် ကားထားပြီးဟိုတယ်ထဲသို့ဝင်လာတော့ ဦးလေးဖြစ်သူကို ဟိုတယ်စားသောက်ခန်းတွင်တွေ့လိုက်သည်။

"လာကြပေါ့"

ဦးလေးကောင်းမြတ်ဇေယျ လှမ်းပြီးခေါ်သော စားပွဲတွင် ဝင်ထိုင်လိုက်ကြသည်။

"ဦးလေး...ဒါ နန်းနန်းပြောတဲ့ အာရုံဦး"

"ဟုတ်ကဲ့"

ဦးကောင်းမြတ်ဇေယျ... အာရုံဦးကို လက်ဆွဲနှုတ်ဆက်လိုက်ပြီး သေသေချာချာ လူကိုအကဲခတ်လိုက်သည်။

"ဌါတူမ ရွေးချယ်တဲ့သူဆိုတော့ လူရွေးမမှားနိုင်ပါဘူး၊ မောင်ရင့်ကို အန်ကယ့်အနေနဲ့ ထပ်ပြီး အကူအညီတောင်းတယ်လို့ သဘောထားပါ"

"ဟုတ်ကဲ့ ပြောပါ အန်ကယ်"

"အန်ကယ့်တူမလေးကို ကာကွယ်ပေးပါကွာ"

"စိတ်ချပါ အန်ကယ်၊ စကားအဖြစ်နဲ့ ပြောတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသက်နဲ့ထပ်တူ ကာကွယ်ပေးပါ့မယ်"

"ကျေးဇူးတင်တယ်ကွာ၊ တူမလေးဘေးမှာ ကြောက်စရာကောင်းတဲ့အန္တရာယ်တွေ ရှိနေကြပြီ၊ အန်ကယ့်အနေနဲ့ ခေါ်ထားမယ်ဆိုရင် ဖြစ်ပေမဲ့ သူတို့ကို အခွင့်အရေး ပေးလိုက်သလိုဖြစ်မှာကြောင့် မခေါ်ထားတာ"

"နန်းနန်းကလည်း ရှောင်ပြေးတာမျိုးကိုမကြိုက်ဘူး၊ ဘယ်လိုရန်မျိုးပဲဖြစ်ဖြစ် ထိပ်တိုက်ပဲတွေ့လိုက်ချင်တာ၊ မိန်းကလေး ဖြစ်နေလို့"

ဦးလေးဖြစ်သူ ကြိုတင်မှာယူထားသော စားသောက်စရာတွေကို စားသောက်နေရင်းနှင့်...

"သမီးကို သတင်းတစ်ခုပြောရဦးမယ်"

"ဘာသတင်းများလဲ အန်ကယ်"

"ဟိုကောင့်ဟာမ မေရီ စက်ာပူမှာ ငွေအလွဲသုံးစားလုပ်မှုနဲ့ ထောင်ကျမလိုဖြစ်နေတာကို ဟိုကောင်လျော်ပေးလိုက်ရတယ်၊ မြန်မာငွေနဲ့ဆိုရင် သိန်း (၃၀၀) နီးပါးလောက်ရှိမယ်"

"တော်တော်ကိုအီသွားမှာပေါ့၊ ဒီဟာမနဲ့ ပတ်သက်ရင် အစ်ကိုကြီးက အရူပ်တစ်ရုပ်ပဲနော်၊ အပြင်မှာ မိန်းမရှုပ်ပွေတာတောင် ဒီဟာမဆိုရင် ခြေတွေ လက်တွေကို ကြိုးနဲ့တုတ်ထားသလားလို့





တောင် ထင်ရတယ်"

"ဟိုဟာမက ဘာတွေစွမ်းနေသလဲမှ မသိတာ၊ ခြော်...ဒါနဲ့ မောင်အာရုံဦးက မန္တလေးဇာတိနော်"

"ဟုတ်ပါတယ်"

"မန္တလေး ဘယ်အပိုင်းမှာနေလဲ"

"မြို့မဘက်အပိုင်းမှာပါ အန်ကယ်"

"ဟာ...ဒါဆို ဦးကျော်မောင်နဲ့ ဒေါ်နှင်းရီတို့ကိုသိမှာပေါ့"

"သိပါတယ်၊ သူတို့က ကျွန်တော့်မိဘတွေပါ"

"ဟေ...ငါ...သိလိုက်ပြီ၊ မင်းက တကယ့်အာဂကောင်ပဲဟေ့"

"အန်ကယ်က အာရုံဦးကို သိနေတယ်ပေါ့"

"ဒီကောင် ခပ်ငယ်ငယ်ကတော့တွေ့ဘူးတယ်၊ ဒီနောက်ပိုင်း မနှစ်က မန္တလေးကိုရောက်တော့ သူ့မိဘတွေနဲ့ပဲ တွေ့ခဲ့တာ၊ သူ့သတင်းကိုတော့ ကြားခဲ့ရတယ်"

"ကောင်းသတင်းတော့ ဟုတ်မယ်မထင်ဘူး"

"မိဘဆိုတာ မိဘအမြင်ပဲ ရှိတာပေါ့ကွာ၊ အင်း...ဒါက တိုက်ဆိုင်မှုတစ်ခုပါပဲ၊ မင်းလို လူတစ်ယောက် အန်ကယ့် တူမဘေးမှာ ရောက်နေတာဟာ အရမ်းကံကောင်းပါတယ်၊ တစ်ခုတော့ အန်ကယ် ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပြောပါ"

"မင်းမိဘတွေဘက်ကပြန်ပြီး ခေါ်တဲ့အခါပြန်သွားလိုက်ပါ။ သားသမီးနဲ့မိဘကြားမှာ မာနဆိုတာ ရှိကောင်းတာမဟုတ်ပါဘူး"

"ကျွန်တော်က သူတို့ဆုံးဖြတ်ချက်ပေါ်မှာ နေထိုင်ခဲ့တာပါ"

"အေးပါကွာ၊ မင်းတို့နှစ်ယောက်ကတော့ တကယ့်ကိုအတွဲမိတယ်"

"ရှင်..."

"ဗျာ..."

"အတွဲမိတယ်ဆိုတာ စိတ်ဓာတ်ချင်းတူတာရယ်၊ ခေါင်းကြော မာတာချင်းတူတယ်လို့ပြောတာ၊ ဒါကြောင့်လည်းကြံဖန်ပြီးဆုံကြတာကိုး၊ စားသောက်ပြီး ပြောစရာတွေက ကုန်သွားပြီဆိုတော့ပြန်ကြရအောင်"

"ဟုတ်ကဲ့အန်ကယ် မန္တလေးကိုတစ်ခါတည်းဆင်းမှာလား"

"မန္တလေးကနေ ရှမ်းပြည်နယ်ဘက်ကို ဆက်ပြီးသွားရမှာ၊ သမီးမြေးတွေကို သမီးက မဦးစီးနိုင်သေးတော့ အန်ကယ့်လူယုံတွေနဲ့ လုပ်ကိုင်သင့်တာတွေကို လုပ်နေရဦးမယ်"

"သမီးလည်း ဦးစီးနိုင်အောင် ကြိုးစားနေပါတယ်"

"ရန်ကုန်က ကိစ္စတွေကို အရင်ပြတ်အောင်ရှင်းပါဦး၊ သွားကြမယ်"

ကန်တော်ကြီး ဟိုတယ်ထဲမှ အပြင်ကိုပြန်ထွက်လာစဉ် နန်းနန်းအာရုံထဲတွင် အာရုံဦး၏ဘဝလေးကို သိချင်သောဆန္ဒလေး တွယ်ကပ်နေသည်။

"အင်းလေ တစ်နေ့နေ့တော့မေးရမှာပေါ့၊ ဦးလေးက ငါနဲ့ စိတ်ဓာတ်ချင်းတူတယ်လို့ပြောတယ်"

နန်းနန်းကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်နေမိသည်။

♥ ♥ ♥







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၊ ၆ ၊

အရေးပေါ်လူနာခန်းသို့နန်းနန်းအပြေးကလေးလာခဲ့ရသည်။ ကားတိုက်ခံရသောလူနာတစ်ယောက်ကိုကုသရေးအတွက်ဖြစ်သည်။

"ဒေါက်တာ အားလုံးအဆင်သင့်ပဲ၊ လူနာအခြေအနေတော့ သိပ်တော့မကောင်းတော့ဘူး"

"အင်းလေ...ကြိုးစားကြည့်တာပေါ့"

အရေးပေါ်ခန်းတွင် သွေးသံရဲရဲနှင့်လူနာအတွက် အရေးပေါ်ကုသနိုင်ရေးကို နန်းနန်းကြိုးစားနေရတော့သည်။ နာရီဝက်နီးပါး ကြိုးစားပေမယ့် အခြေအနေမှာ ပြောင်းလဲလာခြင်းတော့မရှိခဲ့ပေ၊ ကားဖြင့်တိုက်ခံထားရသော ဒဏ်ရာမှာ အရမ်းကိုပြင်းထန်တာကြောင့် နောက်ဆုံးအသက်ငွေ့ငွေ့သာ ကျန်တော့သည်။

အခန်းထဲတွင်လူနာနှင့် နန်းနန်း နှစ်ယောက်တည်းသာကျန်ခဲ့တော့သည်။ လူနာ့မျက်နှာကိုစိတ်မကောင်းခြင်းများစွာနှင့်ကြည့်နေ





မိ၏၊ ဆရာဝန်တစ်ယောက်အတွက် မိမိ ကုသသောလူနာ၏နောက်ဆုံးထွက်သက်ကို စိတ်မကောင်းခြင်းများစွာနှင့်ကြည့်နေခြင်းပင်ဖြစ်သည်။

"အီး...အီး..."

"ဟင်.."

သတိလစ်နေသောလူနာထံမှ ညည်းသံကိုကြားလိုက်ရပြီး နှုတ်ဖျားမှာ လှုပ်လာနေသည်ကိုသတိပြုမိလိုက်သည်၊

"ရှင်..ဘာပြောချင်လို့လဲ"

"ခွန်နောင်ဦး..လူ..လူ..ယုတ်...မာ.."

"ဟင်..."

လူနာမှာ ထိုစကားပြောဆိုပြီးသည်နှင့် ခေါင်းကျိုးကျသွားလေသည်၊ ထိုအခါမှ သူ့မျက်နှာကို နန်းနန်း သေသေချာချာ ကြည့်မိလိုက်ရာ..

"ဒါ...သူ...သူ...ဟုတ်ပါတယ်...သူ..ပါ"

လွန်ခဲ့သော (၃)ရက်လောက်ကအိမ်ကိုရောက်လာသောသူပင်ဖြစ်သည်။ ထိုနေ့က အစ်ကိုကြီးဆီကိုရောက်လာသူဖြစ်ပြီး အစ်ကိုကြီးအလုပ်မှ ပြန်ပြီးမရောက်သေးသဖြင့် နန်းနန်းနှင့်အရင်ဆုံးတွေ့ကာ စောင့်ခိုင်းထားသူပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်လောက်ကြာတော့ အစ်ကိုကြီးပြန်ရောက်လာပြီး အောက်ထပ်တွင် စကားပြောဆိုနေကြသည်၊ စကားပြောဆိုမှုထဲတွင် အစ်ကိုကြီး၏ ဒေါသသံတွေ ပါနေသလို နုလိုလိုက်လာခြင်းကို မနှစ်သက်သောသဘော ပြောဆိုမှုတွေကိုပင် ကြားနေသည်၊ နန်းနန်းနှင့် မသက်ဆိုင်တာကြောင့် မသိချင်ယောင်ဆောင်နေလိုက်သည်။

ထိုသို့ မသိချင်ယောင်ဆောင်နေသော ကိစ္စမှာ ယခု နန်းနန်းဆီကို တိုက်ရိုက်ရောက်ရှိခဲ့လေပြီ။

အရေးပေါ်ခန်းထဲမှအလောင်းကိုထုတ်ယူလာစဉ် သက်ဆိုင်ရာရဲအရာရှိများနှင့် တာဝန်ရှိသူတွေရောက်လာပြီး ဆေးစစ်ချက်ယူကြသည်။

"သေဆုံးသူဟာ ဦးခေါင်းဒဏ်ရာထက် အစာအိမ်ပေါက်ပြီး တက်ကြိတ်သွားခြင်းကြောင့် အဓိက သေဆုံးရတာပါ"

"အေးဗျာ...တိုက်တဲ့ကားနောက်ကိုတော့ စုံစမ်းနေပါပြီ၊ ညအချိန်မတော်ဆိုတော့ တွေ့လိုက်တဲ့သူက ရှားသလို အတိုက်ခံရတဲ့ နေရာက လူသူကင်းရှင်းတဲ့နေရာဖြစ်နေတယ်လေ"

"ဘယ်သူဘယ်ဝါဆိုတာရော မသိသေးဘူးပေါ့"

"သေဆုံးသွားသူဆီက အဝတ်အစားအိတ်နဲ့ ပိုက်ဆံ(၃) သောင်းကျော်ကိုပဲ သက်သေရလိုက်ပြီး တခြားဘာမှ မရခဲ့ပါဘူး





ရပ်ဝေးကလာတဲ့လူတစ်ယောက်ဖြစ်နိုင်တယ်"

စခန်းမှူးနှင့် အမှုအခင်းကိစ္စတွေကို စကားပြောပြီးသည်နှင့် နန်းနန်း ဂျူတီထွက်ရတော့မှာမို့ ဂျူတီကုတ်ကိုချွတ်ပြီး ကားဆီသို့ ထွက်လာခဲ့တော့သည်။ ကားပေါ်တွင် အာရုံဦး အသင့်စောင့်နေလျက်

"ပြန်ကြမလား"

"အာရုံ...နန်းနန်း တစ်နေရာကိုသွားချင်တယ်"

"သွားလေ...ဘယ်နေရာ လဲ"

"လူတစ်ယောက် ကားတိုက်ခံရတဲ့နေရာ"

"အကြောင်းကိစ္စရှိလို့လား"

"ရှိနေတယ် အာရုံ"

ကားမောင်းထွက်လာစဉ် နန်းနန်း စကားသံ တိတ်ဆိတ်စွာနှင့် ဖြစ်ပျက်မှုအပေါ်တွင် စဉ်းစားပြီး အာရုံဦးကို ဖွင့်ပြောသင့်၊ မပြောသင့် ချင့်ချိန်နေသည်။ ပြီးတော့မှ...

"သူက ငါ့အတွက် စိတ်ချရဆုံးလူတစ်ယောက်ပဲ၊ ဖွင့်ဟ တိုင်ပင်တာ အကောင်းဆုံးပါပဲ"

နန်းနန်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး....

"အာရုံ"

"နန်းနန်း တစ်ခုခုပြောချင်နေတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဘာလဲ၊ ပြောသင့် မပြောသင့် စဉ်းစားနေလို့လား"

"အယ်..."

နန်းနန်း၏အတွင်းစိတ်ကို အာရုံဦးသိနေသလိုဖြစ် နေတာကြောင့် အံ့အားသင့်သွားမိသည်။

"အာရုံပြောတာ မလွဲပါဘူး၊ မိသားစုနဲ့တိုက်ရိုက်ပတ်သက်နေတဲ့ကိစ္စ ဖြစ်နေလို့ပါ"

"ယုံကြည်မှုပေါ်မှာပဲ ဆုံးဖြတ်ပါ၊ ကိုယ်က ရကိစ္စအတွက်လိုအပ်မယ် မလိုအပ်ဘူးဆိုတာလည်း ထည့်ပြီးစဉ်းစားပါ"

"အာရုံလိုအပ်ပါတယ်... နန်းနန်းပြောတာကိုအလေးအနက် စဉ်းစားပေးပါ × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×"

နန်းနန်း အခြေအနေအားလုံးကို အသေးစိတ်ပြောပြလိုက်တော့သည်။

"အင်း...အရမ်းကို စိတ်ဝင်စားဖို့ကောင်းတဲ့ကိစ္စတစ်ခုပါပဲ နန်းနန်း"

"ခုသေဆုံးသွားတဲ့သူဟာ ရိုးရိုးစင်းစင်းသေဆုံးတာလား လုပ်ကြံမှုလားဆိုတာကိုတော့ စဉ်းစားစရာဖြစ်နေတယ်၊ အာရုံရော ဘယ်လိုတွေးမိလဲ"





"ကိုယ်တွေးတာမမှားဘူးဆိုရင်ဒါဟာ လုပ်ကြံမှုတစ်ခုပဲ"

"ဟင်...ဒါဆို...အစ်ကိုကြီးနဲ့ပတ်သက်နေမှာပေါ့"

"ပတ်သက်နိုင်တယ် နန်းနန်း၊ ဘာကြောင့် လုပ်ကြံရသလဲဆိုတာဟာ သိပ်ကိုအရေးကြီးတဲ့ လျှို့ဝှက်ချက်ကြီးတစ်ခုတော့ရှိနေပြီ၊ ကားတိုက်ခံရတဲ့နေရာကိုသေသေချာချာ သိခဲ့တယ် မဟုတ်လား"

"အင်း...သိခဲ့တယ်"

"ဒဂုံမြို့သစ်အရှေ့ပိုင်း၊ × × × ရပ်ကွက်ကိုသွားတဲ့လမ်းမပေါ်မှာနေရာတောင်မေးခဲ့သေးတယ်"

အာရုံဦး ကားတိုက်ခံရသောနေရာဆီသို့ မောင်းခဲ့ရင်း ည (၁၀း၀၀) နာရီနီးပါးလောက်ဖြစ်နေခဲ့လေပြီဖြစ်သည်။ လမ်းမီးတွေရှိနေပေမဲ့ တချို့ခါတ်တိုင်တွေမှာ မီးမလာတော့တာကြောင့် အမှောင်ရိပ်သန်းနေသောနေရာတွေက များပြားနေသည်။

"ဒီလိုလမ်းမမျိုးမှာ ဒုစရိုက်ကျူးလွန်မယ်ဆိုရင် အကောင်းဆုံးနေရာပဲ"

"ဟုတ်တယ်နော်၊ လမ်းကမှောင်နေပြီး လူသူကလည်းကင်းဆိတ်လိုက်တာ"

"ဟင်...ရှေ့မှာ သွေးကွက်တွေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ..ဟုတ်တယ်၊ ဒီနေရာဖြစ်မယ်"

အာရုံဦး ကားကိုထိုးရပ်လိုက်ပြီး ကားအောက်သို့ဆင်းခဲ့ရင်း ဓာတ်မီးတစ်လက်ကိုယူလာသည်။

"အာရုံက ဓာတ်မီးဆောင်ထားတာလား"

"ဟုတ်တယ် ညဘက်ဆိုတော့ အကြောင်းတစ်ခုကြုံရင် သုံးနိုင်အောင်ဆောင်ထားတာ"

အာရုံဦး သွေးကွက် သွေးစတွေကို ဓာတ်မီးနှင့်ကြည့်ပြီး နောက်ဘက်ခပ်လှမ်းလှမ်းကိုပြန်ပြီးလျှောက်သွားသဖြင့် နန်းနန်း နောက်မှလိုက်ခဲ့သည်။

"ဘာထူးခြားလို့လဲ အာရုံ"

"ကားတိုက်ခံရသူဟာ အမှတ်မထင် အတိုက်ခံရတာမဟုတ်ဘူး၊ ပြေးလွှားရင်း နောက်ကနေ တိုက်ခံရတာ"

"ဟင်.."

"ဟိုမှာဖိနပ်တစ်ဖက်"

ကားတိုက်ခံရသည့်နေရာနှင့်ဝေးသောနေရာတွင် ဖိနပ် နှစ်ဖက်စလုံးကိုတွေ့ရသလို ပိုက်ဆံအိတ်အဟောင်းလေးကိုလည်း တွေ့လိုက်ရပြန်သည်။ အာရုံဦး ကောက်ယူပြီးကြည့်လိုက်တော့ မှတ်ပုံ တင်ကတ်လေးနှင့်ပိုက်ဆံ (၅၀၀၀ိ/)ကိုတွေ့လိုက်ရသည်။ ပြီးတော့





စာခေါက်လေးတစ်ခု... စာကို မဖတ်သေးဘဲ ဘေးပတ်ဝန်းကျင်ကို ဆက်ပြီးရှာဖွေတော့ ဘာမှမတွေ့သဖြင့် ကားဆီသို့ပြန်ခဲ့သည်။

"မှတ်ပုံတင်ထဲကလူပဲ အာရုံ၊ နာမည်က ဦးသာဆိုင်၊ မော်လမြိုင် နဲ့ဘက်မှာနေတာ"

"စာခေါက်လေးကိုဖတ်ကြည့်လိုက်ဦး"

ဦးသာ

မင်းဖနီးသည်နဲ့မင်းသားအတွက် မင်းစုလိုဆက်ပြီး မသိ ကျိုးကျွန်လုပ်နေမယ်ဆိုရင်၊ ငါသည်းမခံနိုင်တော့ဘူး။ မင်းရွာကို အမြန်ပြန်လာပြီး ရှင်းစရာရှိတာကိုရှင်းပါ။

ဘတင့်မောင်

စာမှာ ဘယ်သူရေးထားသည်ကိုမသိတာကြောင့် စဉ်းစားရ ကျပ်သွားသည်။

"ဦးသာဆိုတာဘယ်သူလဲ၊ အစ်ကိုကြီး မိတ်ဆွေအပေါင်း အသင်းထဲမှာတော့ ဒီနာမည်မျိုး မကြားဖူးဘူး"

"ဒီစာဟာ ဆက်နွယ်မှုတစ်ခုခုတော့ရှိနေမှာပါ နန်းနန်း၊ သဲလွန်စတွေကို သက်ဆိုင်ရာကို အပ်မှာလား"

"မိတ္တူယူထားပြီး အပ်လိုက်မယ်"

ည၏လမ်းမပေါ်မှာ တိတ်ဆိတ်ခြင်းတွေနှင့် ကားလေး

www.burmeseclassic.com



မောင်းလာခဲ့သည်။ အိမ်ကိုပြန်ပြီးရောက်တော့ (၁၂း၀၀)နာရီထိုးရန်လုပင်ရှိနေပြီ။ ကားကို ဂိုဒေါင်တွင် အာရုံဦးသိမ်းနေစဉ် နန်းနန်းအိမ်ထဲသို့ဝင်လာသည်။ အစ်ကိုကြီး မအိပ်သေးပေ။ ဧည့်ခန်းတွင် တဖတ်နေတာကိုတွေ့လိုက်ရသည်။

"နန်းနန်း ဂျူတီထွက်နောက်ကျတယ်နော်"

"ဟုတ်ကဲ့၊ အရေးပေါ်လူနာတစ်ယောက်ကို ကုသနေလို့ပါ"

"ဩော်..ဟုတ်လား...လူနာက သက်သာရဲ့လား"

"ဟင်.."

အစ်ကိုကြီးခွန်နောင်ဦးနှင့် နန်းနန်းကြားတွင် ခုလိုမေးမြန်းပြောဆိုတာမျိုး တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဘူးပေ။ ဒီနေ့ မေးမြန်းနေမှုကို အံ့ဩမိသည်။

"လူနာက အသက်ရှင်မှာပါ"

"အဲ...ဟုတ်လား"

နန်းနန်း..အစ်ကိုကြီးမျက်နှာကို မသိမသာ အကဲခတ်လိုက်တော့ မျက်နှာပျက်သလိုဖြစ်သွားပေမယ့် ပြန်ဟန်ဆောင်လိုက်သည်။ နန်းနန်းဆက်ပြီး ပြောစရာစကားမရှိတာကြောင့် အပေါ်ထပ်ကိုတက်လာခဲ့တော့သည်။ နန်းနန်းစိတ်ထဲတွင် ယခုလူသတ်မှုသည် အစ်ကိုကြီးနှင့်ဆက်နွယ်ပတ်သက်မှုရှိနေသည်မှာ သေချာသလောက်ပင်





နေပြီဖြစ်သည်။

ဦးသာဆိုတဲ့လူကို အမြေရှာပြီးတွေ့ရင် အမြေမှန်တစ်ခုကို သေချာပေါက်တွေ့နိုင်မှာပဲ၊ ပြီးတော့ မုဒ်ဘက်..ဟယ်..ဟုတ်ပြီ၊ အစ်ကိုကြီးမော်လမြိုင် မုဒုံဘက်ကို ဟိုတယ်တစ်လုံးဆောက်ဖို့အတွက် သွားခဲ့တာ တစ်လနီးပါးလောက်ကြာခဲ့ဖူးတယ်။ မှတ်မှတ်ရရ ထိုစဉ်က မွန်တဘီလေးတစ်ထည်ကိုလက်ဆောင်ပေးခဲ့ဖူးသည်။ ခုသေဆုံးသူမှာ မော်လမြိုင် မုဒုံဘက်မှဖြစ်နေတာကြောင့် ဆက်စပ်မှုတွေရှိနေပြီ။

နန်းနန်း ညဝတ်အကျီကိုလဲပြီး ခုတင်ပေါ်တွင် အတွေးများ ရှာ ရှုံ့နေမိသည်။

"ငါ ဘာဆက်ပြီးလုပ်ရင်ကောင်းမလဲ၊ ကိုယ်နဲ့မသက်ဆိုင်သလိုနေရင်ရော၊ ဘာဖြစ်မလဲ၊ အို...လူတစ်ယောက် ရက်ရက်စက်စက် အသတ်ခံရတာကို ငါ့ဘက်ကတာဝန်မဲ့တဲ့အလုပ်မျိုးကို ငါမလုပ်သင့်ဘူး၊ ခုကိစ္စကို ငါကိုယ်တိုင်ဖော်ထုတ်မယ်"

"ချောက်.."

မီးမှိတ်ပြီး အိပ်မယ်အပြု...

"ဒေါက်..ဒေါက်...နန်းနန်း.."

အခန်းအပြင်မှ ခေါ်သံမှာအစ်ကိုကြီး ခွန်နောင်ဦးအသံဖြစ်နေတာကြောင့် အခန်းတံခါးကိုဖွင့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ အစ်ကိုကြီး"

"အစ်ကိုကြီး အပြင်ကို အရေးတကြီးသွားစရာရှိတယ်၊ မနက်လောက်မှ ပြန်ပြီးရောက်မှာနော်"

"ဟုတ်ကဲ့"

နန်းနန်း အခန်းတံခါးပြန်ပိတ်ပြီး ခုတင်ပေါ်သို့လှဲပြီး စောစောက ပင်ခြံထဲမှ ကားစက်သံလိုလိုကြားလိုက်ရသည်၊ အစ်ကိုကြီးအပြင်သို့ ထွက်သွားပြီဖြစ်သည်၊

"ဝါး.....ရှောက်"

မျက်လုံးတွေ စင်းလာပြီဖြစ်တာကြောင့် မီးခလုတ်ကိုပိတ်လိုက်ကာ မျက်လုံးကိုစုံမှိတ်လိုက်သည်၊

"ဖြောင်း...ခွပ်...ဒုတ်"

"ဟင်...အာရုံ"

အခန်းအပြင်ဘက်မှ အသံတွေကြောင့် မီးခလုတ်ကိုဖွင့်လိုက်ပြီး အခန်းတံခါးကိုဖွင့်လိုက်တော့ လှေကားပေါ်မှ လူတစ်ယောက် လိမ့်ဆင်းသွားပြီး အပေါ်မှာ ရပ်နေသူက အာရုံဦးပင်ဖြစ်သည်၊ အာရုံဦးအောက်ဘက်သို့ ပြေးဆင်းပြီး လိမ့်ကျသူကို ဖမ်းမို့လုပ်တော့...

"ရှီး...အ...ဒုတ်..."





အမှတ်မထင် မားမြောင်တစ်ချောင်းရောက်လာပြီး အာရုံဦး၏ ပခုံးကို ထိုးစိုက်သွားသည်၊ လှေကားရင်းတွင် လဲကျနေသူလည်း နောက်ဖေးဘက်ပေါက်ကို ထပြေးသွားသဖြင့် အာရုံဦး လိုက်လို့မမီတော့ပေ...

"အာရုံဦး"

"ရတယ် နန်းနန်း"

"ရတယ်လုပ်မနေနဲ့၊ သွေးထွက်များမယ်"

နန်းနန်း မားအက်ရာကိုဆေးထည့်၊ ပတ်တီးစည်းပေးလိုက်သည်၊

"ဆေးတော့ထိုးရမယ်"

"မထိုးရင် မရဘူးလား"

"ဘာဖြစ်လို့လဲ အာရုံ"

"ဆေးထိုးအပ်ကိုကြောက်လို့"

"ဖြစ်မှ ဖြစ်ရလေရှင့်၊ ကဲပါ မနာအောင်ထိုးပေးမယ်"

အာရုံဦးအတွက် ဆေးတစ်လုံးထိုးပေးပြီး ဆေးသောက်ခိုင်းရသည်၊ ပြီးမှ အိမ်ရှေ့ဧည့်ခန်းတွင်ထိုင်လိုက်ကြသည်၊

"အရမ်းကို အတင့်ရဲတယ်နော်၊ အာရုံ လက်ဦးလို့ပေါ့"

"ဒီကောင် အိမ်ထဲကို အစောကြီးတည်းက ရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်၊ ခွန်နောင်ဦးထွက်သွားပြီး အိမ်ရှေ့တံခါးကို ကိုယ်ကိုယ်တိုင်ပိတ်တာ၊ မီးမှိတ်ပြီး နောက်ဖေးပေါက်ကို သံသယဖြစ်တာနဲ့ စောင့်ကြည့်တော့မှ နန်းနန်းအခန်းဘက်ကိုတက်သွားတာတွေ့လို့လိုက်ပြီးရှင်းတာ၊ ဒီကောင်တွေတစ်ယောက်တည်းမဟုတ်ဘူး တစ်ယောက်ရှိသေးတယ်"

"အာရုံကိုဓားမြှောင်နဲ့ပစ်တဲ့သူလား"

"ဟုတ်တယ်၊ အပြင်လူတော့မဟုတ်နိုင်ဘူး၊ အတွင်းလူပါနေတယ်"

"အစ်ကိုကြီး တမင်ရှောင်သွားတာလား"

"ပြောလို့မရသေးဘူးနန်းနန်းရေ၊ အခြေအနေတွေက ရှုပ်ထွေးနေတယ်၊ ကဲပါ ပြန်ပြီးအိပ်တော့ ညဦးအရမ်းနက်နေပြီ"

"အာရုံလည်း အိပ်တော့လေ"

"ဆေးရှိန်ကြောင့်လားမသိဘူး၊ မျက်လုံးတွေမှေးလာတယ်"

"ကဲ…အိပ်ကြရအောင်"

●●●



"နင်ဘာဆက်ပြီးလုပ်ဖို့စိတ်ကူးထားလဲ နန်းနန်း"

အင်ကြင်းအမေးစကားကို ချက်ချင်းမဖြေသေးဘဲ နန်းနန်းဦးစားနေခြင်းဖြစ်သည်။ ဒီနေ့ကော်ဖီဆိုင်တွင် နန်းနန်းတို့(၄)ယောက် ဆုံကြပြီး အခြေအနေတွေကိုဆွေးနွေးနေကြခြင်းဖြစ်သည်။

"ငါ မော်လမြိုင်ကိုလိုက်သွားမလားလို့"

"ဟင်…ဟိုကိုလိုက်သွားပြီးနင်ဘာလုပ်မှာလဲ"

"အဖြေတစ်ခုတော့ထွက်လာမှာပေါ့ဟ၊ အာရုံရော ဘယ်လိုသဘောရလဲ"

"ရာဇဝတ်မှုနဲ့ပတ်သက်ပြီးသက်ဆိုင်ရာကတော့ဖော်ထုတ်မှာပဲ၊ ဒါပေမယ့် အဓိက လျှို့ဝှက်ချက်က ရန်ကုန်မှာမဟုတ်ဘူး၊ မော်လမြိုင် မှာဘက်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအာရုံဦးဆိုလိုတာက လိုက်သွားသင့်တယ်ပေါ့"

"စွန်နောင်ဦးနဲ့ပတ်သက်မှုအခြေခံကို သိချင်တယ်ဆိုရင် မုဒ္ဒဘက်ကို လိုက်သွားတာဟာ အရမ်းကို သဘာဝကျတယ်၊ ရန်ကုန်မြို့ပေါ်က အမှုနဲ့ပတ်သက်ပြီး သူ့ဘက်က အလွဲလွဲအချော်ချော်ဖြစ်ရင်တောင် ပြင်ဆင်ထားပြီးလောက်ပြီ"

"အာရုံဦးပြောတာဟုတ်တယ်၊ အစ်ကိုကြီးဟာ သူ့ထွက်ပေါက်အတွက် သူ့ဘက်က လုပ်သင့်တာကို လုပ်ထားပြီးလောက်ပြီဟာ"

"ငါတို့ တစ်ခုထည့်ပြီးစဉ်းစားရမှာက နင့်ကိုလုပ်ကြံနေမှုနဲ့ ရကီစွက ဆက်နွှယ်ပတ်သက်နေမလား၊ ဘယ်လိုမှ ဆက်စပ်ပြီး စဉ်းစားလို့မရတာတော့ အမှန်ပဲ"

"ငါ့ကို လုပ်ကြံနေတဲ့ပေါ်မှာ အစ်ကိုကြီး ပါဝင်နေတယ်ဆိုတာကတော့ သေချာသလောက်ဖြစ်နေပြီ"

"ဟယ်...ဟာင်..."

"အာရုံပြောပြတဲ့အချက်နဲ့ဆက်စပ်တွေးကြည့်လိုက်ရင်လုံး လုံးသေချာသလောက်ကိုဖြစ်နေတာ"

"ကိုအာရုံဦး ပြောပြပါဦး"

"ဒီလိုအင်ကြင်း၊ နန်းနန်းကိုလုပ်ကြံပြီးနောက်နေ့ညဆိုရင်





ပေါ့ × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × "

အချိန်ည (၁၂း၀၀) နာရီကျော်နေပြီဖြစ်သည်။ အာရုံဦး အိပ်ရေးကတစ်ကြောင်း၊ နန်းနန်းအတွက် စိတ်မချတာကြောင့်အခန်း တံခါးကိုပိတ်ပြီး ရေချိုးခန်းပြတင်းပေါက်ကနေ အပြင်ဘက်ကိုထွက်ခဲ့သည်။ ဒါက အတွင်းရန်သူရှိနေတာကြောင့် ပြတင်းပေါက်သံတိုင်တွေကို ဖြတ်လို့ရအောင် အာရုံဦး စီစဉ်ထားခြင်းဖြစ်သည်။ အခန်းအပြင်ဘက်ကနေထွက်လျှင် အဝင်ထွက်ကိုစောင့်ကြည့်နေသူရှိကောင်းရှိနိုင်တာကြောင့် ယခုလိုစီစဉ်ထားခြင်းပင်ဖြစ်၏။

ပြတင်းပေါက်မှ အောက်ကိုရောက်၍ ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်တော့ လှုပ်ရှားမှုအရိပ်အယောင်ပင် မတွေ့ရတာကြောင့် ခြံထဲမှ သစ်ပင်မှောင်ရိပ်တွေကို အကာအကွယ်ယူပြီးအပြင်အခြေအနေကို စုံစမ်းနေခြင်းဖြစ်သည်။ ယခင်နေ့ရက်တွေကလည်း သည်နည်းတူ အပြင်ကိုထွက်ခဲ့ပေမဲ့ ထူးထူးခြားခြား ဘာမှမတွေ့ခဲ့ရ။

"ဟာင်..."

ခြံဝန်းကြီးနောက်ဘက်ရှိပစ္စည်းဟောင်းများထားသော စတိုခန်းကြီးထဲတွင် မီးအလင်းရောင်ကိုလှမ်းပြီးတွေ့နေရသောကြောင့် ခြေသံလုံစွာဖြင့် စတိုခန်းနားကိုကပ်လိုက်သည်။ စတိုခန်းထဲတွင် စကားပြောသံတွေကိုကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျားကြီး မင်း ခုကိစ္စကို ဒီတစ်ခါပြတ်အောင်လုပ်နော်"

"စိတ်ချပါ ဆရာ၊ ဒီကောင် အောင်မောင်းက အရင်ကောင်တွေနဲ့ တခြားစီပါ"

"အောင်မောင်း"

"ပြောပါ ကိုစွန်နေဒွန်ဦး"

"ကျုပ် ကိစ္စ ဖြတ်ချင်ပြီ၊ နောက်တစ်ကြိမ်ဆိုတာ မကြုံချင်တော့ဘူး"

"ကိုစွန်နေဒွန်ဦးစိတ်ချပြီးစောင့်နေပါတော့"

"မင်း အိမ်အဝင်အထွက်အားလုံးကိုလေ့လာပြီးပြီနော်"

"လေ့လာပြီးပါပြီ၊ (၃)ရက်အတွင်း သတင်းကောင်းတို့ စောင့်ပါ"

"ရော့... ဒါလောလောဆယ် မင်းသုံးဖို့ငွေ၊ ကိစ္စအောင်မြင်သွားရင် ဒီထက် (၂)ဆ ထပ်ပြီးရမယ်၊ ငါသွားမယ်"

"ဟုတ်ကဲ့"

အခန်းထဲမှ ထွက်လာတဲ့ စွန်နေဒွန်ဦးကို အာရုံဦး ကောင်ကောင်းကြီး တွေ့မြင်နေရသည်။ စတိုခန်းထဲတွင် ကျားကြီးနှင့် အောင်မောင်းဆိုသူသာ ကျန်ရစ်ခဲ့သည်၊ သူတို့ဘာတွေဆက်ပြီးပြောမလဲဆိုတာကိုနားစွင့်နေလိုက်သည်။





"အောင်မောင်း.. ခုပွဲက မအောင်မြင်ရင် ငါပါ အိုးစားကွဲမှာနော်"

"ကျားကြီး..မင်းက ငါ့ကိုအထင်သေးတာလား"

"အထင်သေးတာမဟုတ်ဘူး၊ တစ်ဖက်က လုံးလုံးလျားလျား တွက်လို့မရတဲ့လူတွေဆိုတာ မင်းသဘောပေါက်ထားဖို့ပြောနေတာ"

"ကျားကြီးရာ ထိပ်တိုက်ကြီး ရှင်းရတာမှမဟုတ်တာ၊ ချောင်းပြီးလုပ်ကြံရတဲ့ကိစ္စ၊ ကိုယ့်ဘက်က အပိုင်ကြီးပါကွာ"

"မင်းဘယ်နေ့ လုပ်ရှားမှာလဲ"

"သန်ဘက်ခါ"

"အိုကေ...အောင်ပွဲဖြစ်ပါစေ၊ ရှုလိုက်ကြရအောင်"

"ဝှတ်..."

အာရုံဦး သူ့အခန်းသို့ မောင်ရိပ်ကြားမှပြန်လာခဲ့တော့သည်။

"အဖြစ်အပျက်ကတော့ ဒါပဲ"

"ဟင်..ဒါဆို လုပ်ကြံမှာက သန်ဘက်ခါဆိုတော့ မနက်ဖြန်ပေါ့"

"ဟုတ်တယ်"

"နန်းနန်း..မင်းဘယ်လိုစီစဉ်ထားလဲ"

"လူသတ်သမားကို အမိဖမ်းနိုင်အောင် ကြိုးစားရမှာပဲ၊ ဒီတစ်ခါဒီကောင်တွေ အိမ်ထဲကတော့ ဝင်မှာမဟုတ်ဘူး၊ အပြင်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကဝင်ပြီး ရှင်းမယ့်သဘောရှိတယ်"

"ပြတင်းပေါက်ပေါ်မတက်ခင် ဖမ်းမှာလား"

"ဟင့်အင်း…အခန်းထဲကိုရောက်မှဖမ်းမှာ"

"ဒါဆို အာရုံဦးကို အခန်းထဲကိုထည့်ထားမယ်ပေါ့"

"ဟုတ်တယ်"

"ဒီလိုကြီးထည့်ထားမှတော့ သိသွားမှာပေါ့"

"ဒီအတွက် အကောင်းဆုံးကို စီစဉ်ထားရမှာပေါ့"

"မော်လမြိုင်ရဲ့ စီစဉ်ကရော"

"ခုကိစ္စရှင်းပြီးတာနဲ့ သွားကြမှာ"

"နန်းနန်း…နန်းနန်း…"

"ဘာလဲ ဟ… အင်ကြင်း"

"နင့်အတွက် ရင်မောလွန်းလို့ပါ"

"ဒါကတော့ ကိုယ်ကပြုတာမှမဟုတ်တာ၊ သူတို့ဘက်ကပြုကြတဲ့အပေါ်မှာ တုံ့ပြန်ရတာပေါ့၊ ဒီနေ့ ငါနဲ့ အာရုံဦး တခြားကိစ္စလေးတွေရှိလို့ စောစောလမ်းခွဲကြမယ်"

"နန်းနန်း… ငါတို့နဲ့အဆက်အသွယ်မပြတ်စေနဲ့နော်"

"အေးပါ…ဟာ"

●●●



## ညှော်ခြေသံ

အာရုံဦး သူ့အခန်းထဲကိုဝင်တော့ ညှော်ခန်းတွင် ခွန်နောင်ဦး ဘွန်ပျူတာတစ်လုံးနှင့်အလုပ်ရှုပ်နေသည်။ ဒါကလည်း အလုပ်လုပ်ချင်ယောင်ဆောင်ပြီး အာရုံဦးအခြေအနေကို စောင့်ကြည့်နေခြင်းဖြစ်မည်။

လုပ်ကြံမည့်သူတွေကတော့ ခုချိန်မှစပြီး လှုပ်ရှားကြမှာမဟုတ်တာကြောင့် အာရုံဦး ရေချိုးခန်းပြတင်းပေါက်မှ အပြင်ကိုထွက်ပြီး နန်းနန်း ပြတင်းပေါက်မှ ချပေးသောကြိုးနှင့်အပေါ်ကို အမြန်ဆုံး တက်လိုက်ရသည်။ အာရုံဦး အခန်းထဲကိုရောက်ပြီး သိပ်မကြာ…

"ဒေါက်…ဒေါက်…နန်းနန်း"

အပြင်ဘက်မှ ခွန်နောင်ဦး ခေါ်သံပင်ဖြစ်သည်။

"အစ်ကိုကြီး ဘာကိစ္စရှိလို့လဲ"

နန်းနန်း အခန်းတံခါးကိုဖွင့်ပြီး စကားပြောလိုက်သည်။

"အစ်ကိုကြီးလည်း အလုပ်တွေများပြီး မေ့နေတာ၊ ဂျာမဏီက အစ်ကိုကြီးမိတ်ဆွေတစ်ယောက်က ရေမွှေးလေးပေးထားတာနှမသတိရတာနဲ့ ညီမလေးကိုပေးမလို့…ရော့…"



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းလေးမှာ လက်မသာသာလေးဖြစ်ပြီး ဂျာမဏီမှထုတ်လုပ်သော တံဆိပ်နှင့်တွေ့ရသည်။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ...ကဲကဲ...အိပ်တော့"

"ကျိ..."

နန်းနန်း အခန်းတံခါးကိုပိတ်ပြီး ရေမွှေးပုလင်းလေးကို ဖွင့်မည်အပြု...အာရုံဦး လှမ်းယူလိုက်ပြီး မရှူဖို့ တားမြစ်လိုက်ရသည်။ စကားသံကထွက်လို့မဖြစ်။

"ရောက်..."

အခန်းမီးကိုပိတ်လိုက်ပြီး (၁၀) မိနစ်လောက်ကြာတော့

"ဒေါက်...ဒေါက်.."

အခန်းတံခါးခေါက်သံကိုထပ်ပြီးကြားတော့ အာရုံဦးမှ မသိချင်ယောင်ဆောင်နေဖို့ကိုလက်နှင့်အချက်ပြလိုက်သဖြင့် နန်းနန်းဆက်ပြီး မသိချင်ယောင်ဆောင်နေလိုက်ရသည်၊ ထိုအခြေအနေကိုနန်းနန်း သဘောပေါက်လိုက်ပြီဖြစ်သည်၊ အစ်ကိုကြီး ခွန်နောင်ဦးသူကိုပေးလိုက်သော ရေမွှေးပုလင်းသည် ကောင်းသောလက်ဆောင်မဟုတ်နိုင်၊ ရေမွှေးထဲတွင် တစ်ခုခုကိုထည့်ထားပြီး နောက်တစ်ကြိမ်ဖသရာအောင် အခန်းတံခါးကိုခေါက်ခြင်းဖြစ်မည်။





"ဒေါက်...ဒေါက်...ဒေါက်..."

ခဏကြာအောင် ခေါက်ပြီးတော့မှ စိတ်ချရပြီဟု သတ်မှတ်ကာ ဆက်ပြီး မခေါက်တော့ခြင်းဖြစ်မည်။ နန်းနန်းဆီကို မကြာခင် အန္တရာယ်ကြီးတစ်ခု ကျရောက်လာတော့မည်ဆိုတာကိုတော့ သိလိုက်ပြီးဖြစ်၏။ သိပ်ပြီးမကြာလိုက်ပါ။

"ကျိ..."

ပြတင်းပေါက်ကိုဖွင့်ပြီး အခန်းထဲကိုဝင်လာပြီဖြစ်သည်။ မျက်နှာတွင် အဝတ်စည်းထားပြီးလက်တွင် ဓားမြှောင်ကိုကိုင်ထားသော လူတစ်ယောက် နန်းနန်း အိပ်နေသော ခုတင်နားကို ကပ်သွားပြီး ဓားမြှောင်နှင့် ထိုးစိုက်လိုက်သည်၊

"ဖြောင်း...ခွပ်...အီ..."

"နန်းနန်း မီးဖွင့်လိုက်"

လူသတ်သမားမှာ ကြမ်းပြင်ပေါ်တွင် အာရုံဦး လက်ဝါးစောင်းအက်ဖြင့် ကြမ်းပြင်တွင်မှောက်နေလေပြီ၊ အာရုံဦး လူသတ်သမားကို ဆွဲပြီးထူလိုက်ကာ မျက်နှာမှာစည်းထားသော အဝတ်စကိုဖြုတ်လိုက်ပြီး...

"အောင်မောင်းဆိုတာ မင်းမဟုတ်လား"

"ဟုတ်...ဟုတ်ပါတယ်ခင်...ဗျာ...ကျုပ်...ကျုပ်ကိုခိုင်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိလို့မင်းနာမည်ကိုခေါ်နေတာပေါ့ကွာ"

"ဒေါက်..ဒေါက်...ဒေါက်... နန်းနန်း...တံခါးဖွင့်စမ်း၊ ဘာတွေဖြစ်နေတာလဲ"

"နန်းနန်း ဖွင့်ပေးလိုက်တော့"

နန်းနန်း အခန်းတံခါးကိုဖွင့်ပေးလိုက်သည်နှင့်....

"ဟင်..မင်း..မင်း....ငါ့ညီမအခန်းထဲကိုရောက်နေတယ်"

"ကျုပ်ရောက်တာထက် ဒီက လူသတ်သမားရောက်နေတာကို ပိုပြီး အံ့အားသင့်ရမှာပေါ့ ဦးခွန်နောင်ဦး"

"ဘာ...လူသတ်သမား၊ ခွေးမသား၊ မင်းက ငါ့ညီမကိုလုပ်ကြံရဲတယ်ပေါ့"

အောင်မောင်းနားကို ခွန်နောင်ဦးကပ်မည်အပြု...

"ဥပဒေအတိုင်း ဆောင်ရွက်မှာပါ၊ သူ့ကိုဘာမှ မလုပ်ပါနဲ့တော့၊ နန်းနန်း ရဲစခန်းကိုဖုန်းဆက်လိုက်တော့"

"နေ..နေ.. ငါဆက်လိုက်မယ်၊ ဒီကောင့်ကို အောက်ကိုသာခေါ်ခဲ့တော့"

အောက်ထပ်ဆီသို့ရောက်ပြီး ရဲစခန်းကို ခွန်နောင်ဦး ဟန်မပျက်ဖုန်းဆက်နေသည်။

"ချောက်..."





"ဟာ...ဟင်...ဟိုက်"

အိမ်ကြီးတစ်အိမ်လုံး မီးအမှောင်ကျသွားတော့သည်။

"အား.."

အာရုံဦး တစ်ချက်လေး သတိအလစ်တွင် အော်သံတစ်သံကိုကြားလိုက်ရသည်။ မီးပျက်သည်နှင့် နန်းနန်းကိုဆွဲပြီး ဘေးကိုကပ်လိုက်ခြင်းကြောင့် အောင်မောင်းကို သတိမပြုမိလိုက်ခြင်းဖြစ်သည်။

"မီး..ဘာဖြစ်တာလဲ၊ အင်ဗာတာ မီးဖွင့်လိုက်"

"ချောက်.."

အာရုံဦး အင်ဗာတာနှင့်မီးတွေကိုပြန်ပြီးဖွင့်လိုက်ချိန်တွင် သွေးအိုင်ထဲတွင် အောင်မောင်းသေဆုံးနေပြီဖြစ်သည်။ ဓားမြှောင်တစ်ချောင်းက အောင်မောင်းလည်ပင်းကိုဖောက်ဝင်သွားခြင်းဖြစ်သည်။ ခွန်နောင်ဦးကတော့ အောင်မောင်းနှင့်ခပ်ခွာခွာတွင် ရပ်လျက်၊ သက်ဆိုင်ရာမှ ရောက်ချိန်တွင် အားလုံးက သိပ်နောက်ကျသွားပြီဖြစ်သည်။ အခြေအနေအားလုံးကို ခွန်နောင်ဦးက ရှင်းပြနေတာကြောင့် အာရုံဦး ဘာမှဝင်မပြောဘဲ ခြံထဲကို ဆင်းလာသည်။ နန်းနန်းကို စခန်းမှူးကြီးမှ မေးမြန်းနေသဖြင့် ကျန်ရစ်ခဲ့ရသည်။

"ဟူး..."

အာရုံဦး သက်ပြင်းတစ်ချက်ကိုချလိုက်ပြီး စိတ်ထဲတွင် လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်နိုင်ပေ။ ဇာတ်လမ်းတစ်ပုဒ်ကို သိမ်းခါနီးမှ ပြန်ပြီး စရမလိုဖြစ်နေသည်။

"အာရုံဦး အိမ်ထဲမှာ ဘာတွေဖြစ်နေတာလဲ"

အာရုံဦးကို မေးလိုက်သူက ကျားကြီးဖြစ်နေတာကြောင့်

"ခင်ဗျားသိချင်ရင် သွားမေးကြည့်ပေါ့ဗျာ"

အာရုံဦး စိတ်ထဲမှာ မကျေနပ်ခြင်းတွေကြောင့်ရော၊ ကျားကြီးနှင့်ပတ်သက်ပြီး သံသယဖြစ်နေတာမို့ စကားကိုကောင်းကောင်းမွန်မွန် မပြောချင်တော့ပေ။

"ကိုအာရုံဦး"

"ဗြော်...စခန်းမှူးကြီး...မေးစရာရှိလို့လား"

"မေးစရာတော့ မရှိပါဘူး၊ စကားပြောချင်လို့ပါ၊ အလောင်းတင်ကားက ရောက်မလာသေးဘူးလေ"

"စခန်းမှူးကြီး ဘာပြောချင်တာလဲ"

"ကိုအာရုံဦး စိတ်ထဲမှာ တရားခံကိုရိပ်မိနေတယ်လို့ ထင်မိတယ်"

"ထင်ကြေးတစ်ခုနဲ့တော့ မပြောချင်ပါဘူးဗျာ၊ ဟုတ်ခဲ့ရင် ကိစ္စမရှိဘူး၊ မဟုတ်ခဲ့ရင် တစ်ဖက်သားမှာ အရှုံးကိုနစ်နာသွားနိုင်တယ်"

"ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ကောက်ကြောင်းတစ်ခုကို လိုက်တဲ့နေရာမှာ အသုံးဝင်နိုင်မယ်လို့ ထင်မိတယ်"





"အဖြေက သိပ်ပြီးရှင်းနေပါတယ်၊ ခုဖြစ်စဉ်မှာ အတွင်းလူပါဘဲ လုပ်လို့မရနိုင်ပါဘူး၊ အတွင်းလူဆိုတာတောင် အောက်ခြေအဆင့်ကလူတွေ ပါဝင်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ ဒီအိမ်မှာ ဩဇာရှိတဲ့သူတစ်ဦးဦး ပါမှဖြစ်မှာပါ"

"ကိုအာရုံဦး ဆိုလိုလိုက်တဲ့စကားအဓိပ္ပာယ်ကို ကျွန်တော်သိပါတယ်၊ ကျွန်တော်လည်း ဒါကို သံသယဖြစ်နေတာပါ၊ ဟောလူနာတင်ယာဉ်လာနေပြီ၊ သွားစွင့်ပြုပါဦး"

"ဟုတ်ကဲ့"

"ဗြော်...ကိုအာရုံဦး၊ ခုကိစ္စပေါ်မှာ မကျေမနပ်ဖြစ်သွားမယ်ဆိုတာ ကျွန်တော်သိပါတယ်၊ နောက်မှ ကျွန်တော်တို့ဆက်သွယ်ပြီး အပေါင်းဆောင်ရွက်ပေးပါဗျာ"

"ကောင်းပါပြီ စခန်းမှူး"

အောင်မောင်း အလောင်းကိုသယ်ယူသွားပြီး သက်ဆိုင်ရာ တာဝန်ရှိသူတွေ လိုက်ပါသွားတဲ့ထိ ခြံထဲမှာ အာရုံဦး ရပ်နေသည်။

"အာရုံ"

"နန်းနန်း"

"အထဲကိုမဝင်သေးဘူးလား"

"အပြင်မှာပဲ နေချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာရုံစိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာ မဟုတ်လား"

"ကိုယ်ညံ့လို့ ခုလိုဖြစ်ရတာ"

"ဒီလိုတော့ မသတ်မှတ်ပါနဲ့ အာရုံရယ်၊ တကယ်တော့ အာ
က နန်းနန်းကို အမိကထားလိုက်လို့ တစ်ဖက်ကို လွှတ်သွားတာ
အမှန်တရားကို ဘယ်လောက်ထိ ဖုံးကွယ်နိုင်မှာလဲ အာရုံရယ်၊ တဲ
ဒီအကြောင်းတွေကို ခေါင်းထဲက ခဏထုတ်ပြီး အနားယူလိုက်
ခရီးသွားဖို့အတွက် စီစဉ်ရဦးမယ်မဟုတ်လား၊ နန်းနန်းခေါ်ဆောင်
နောက်ကို အာရုံဦး လိုက်လာခဲ့လေသည်။ အိမ်ထဲတွင် သွေးများ
စွန်နေဘင်ဦးနှင့် ကျားကြီးတို့ ဆေးကြောနေကြသည်။ အာရုံဦး
စွန်နေဘင်ဦးတွေ့သည်နှင့်...

"စိတ်မကောင်းပါဘူးကွာ"

"ဒီတစ်ကြိမ်လွှတ်မြောက်သွားပေမဲ့ နောက်တစ်ကြိမ်ဆို
တော့ မရှိနိုင်တော့ပါဘူး"

"အေးပေါ့ကွာ၊ ကြိုးစားပေါ့"

စကားလုံးတွေ၏ နောက်ကွယ်တွင် အဓိပ္ပာယ်များစွာရှိ
တော့၏။

♥ ♥ ♥



"မင်းပြောတာ သေချာလား ကျားကြီး"

"မလွဲပါဘူးဆရာ၊ သူတို့တိုင်ပင်နေကြတာကို ကျွန်တော့်
တောင်က ကိုယ်တိုင်ကြားခဲ့တာ၊ သူတို့ ဒီရက်အတွင်း မော်လမြိုင်
ဆက်ကို သွားကြမှာတဲ့"

"ဟင်...ဒါဆို မဖြစ်ဘူး ကိုကိုကြီး"

စွန်နေဘင်ဦးနှင့်မေရီတို့အတွက် အကြီးမားဆုံး ကြောက်
လန့် တုန်လှုပ်စရာကောင်းသော သတင်းတစ်ခုကို ကြားလိုက်ရသ
လိုပင်"

"ဒီကိစ္စကို အမြန်ဆုံးကိုင်တွယ်ရမယ်...ကျားကြီး"

"ဗျာ..ဆရာ"

"မင်းကောင်တွေကို အမြန်ဆုံးစုလိုက်တော့ကွာ၊ သူတို့ကို
မော်လမြိုင်ထိ အရောက်မခံနိုင်ဘူး၊ ရအောင်တားရမယ်"

"ကိုကိုကြီး သူတို့အိမ်က မထွက်ခင်ကတည်းက တားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖအောင် လုပ်ရင်ရော မရနိုင်ဘူးလား"

"မေရီ...အိမ်ကမထွက်ခင်တားလိုက်ရင် သံသယကပိုပြီးကြီးသွားမှာပေါ့ကွာ၊ စက္ကူစုက တားရုံတစ်ခုတည်းနဲ့မရတော့ဘူး၊ အပြ
ကို ရှင်းရမယ့်အခြေအနေကိုရောက်နေပြီ"

"ဒါတွေဟာ ကိုကိုကြီးဘက်က ပေါ့လို့ ခုလိုအခြေအ
ရောက်ခဲ့ရတာ၊ မေရီပြောကတည်းက ရှင်းပစ်လိုက်ရင်ဒီလောက
ခေါင်းကိုက်စရာမရှိဘူး"

"အေး...ငါက ဒင်းကို ဘယ်အချိန် ရိုက်သတ်သတ် ကိုယ့
ထဲက ကြွက်ဆိုပြီး သတ်မှတ်ထားတာ၊ ဘယ်ကနေ ဘယ်လို အာရုံ
ဆိုတဲ့ကောင်က ပေါ်လာရသလဲမသိဘူး"

"ဦးကောင်းမြတ်ဇေယျကြောင့် ဖြစ်မှာပေါ့"

"ဘယ်သူ့ကြောင့်ပဲဖြစ်ဖြစ်ကွာ၊ ရှင်းစရာရှိတာကို ရှင်း
ရမယ်"

"ကိုကိုကြီး ခုဆို သက်ဆိုင်ရာကလည်း မျက်လုံးဒေါင်
ထောက်ပြီးကြည့်နေကြပြီ"

"မေရီ...ခွန်နောင်ဦးဆိုတဲ့ကောင်က ဆင်ခြေဖုံးရပ်ကွက်ထ
ကောင်မဟုတ်ဘူး၊ ဂုဏ်သိက္ခာနဲ့ အရှိန်အဝါရှိတယ်"

"ကိုကိုကြီး သူတို့ထက်အရေးကြီးတဲ့ကိစ္စတစ်ခု လုပ်





ကျန်သေးတယ်နော်၊ ဘာလဲဆိုတာရော သိရဲ့လား"

"မေရီ...မင်းက ငါ့ကို ခပ်ညံ့ညံ့ လူလို့ထင်နေတာကိုး၊ ရဲမင်းနောင်ကိစ္စမဟုတ်လား"

"ဟုတ်တယ်၊ ဒီကောင်က သူ့ရှယ်ယာတွေကို ပြန်ပြီးထုတ်ချင်နေပြီနော်"

"ဟားဟားဟား... ရဲမင်းနောင်၊ သူ့ကိုယ်သူ အထင်ကြီးနေတာကိုး၊ ငါ့ပေါ်မှာ မကောင်းစိတ်ထားရင် ဘယ်လိုကံကြမ္မာဆိုးခင်မယ်ဆိုတာကို ဒီကောင်မသိသေးဘူးပဲ၊ မေရီ...မင်းသူ့အတွက် ငါ့ကိုတစ်ခုပဲ လုပ်ပေးရမယ်"

"ဘာများလဲ ကိုကိုကြီး"

"ရော့...ဒီဆေးမှုန့်လေးကို အအေးခွက်ထဲထည့်လိုက်"

"ဟင်...သူ...သူက"

"မကြာခင် ငါ့ဆီရောက်လာလိမ့်မယ်"

"ကိုကိုကြီး...ရှင့်အတွက် ကျွန်မဘက်က ပေးဆပ်ခဲ့တာတွေတာ များနေပြီ"

"မေရီရယ်... ကိုယ့်ဘဝရဲ့အနာဂတ်တစ်ခုလုံးဟာ မင်းလက်ထဲမှာပါကွာ"

"ရှင် ဒီလိုစကားတွေနဲ့ပဲ ကျွန်မကျေနပ်နေရတာ များပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပွဲကပြီးဆုံးတော့မှာပါ၊ ကောလေးသည်းခံလိုက်"

"ဟူး..."

"ဟော..ကားသံကြားတယ်၊ လာပြီနဲ့တူတယ်၊ သွားတော့"

ခွန်နောင်ဦးနှင့် ရဲမင်းနောင်ရှိန်းဆိုထားသောနေရာမှာ

အိမ်ဖြစ်သည်၊

"ရဲမင်းနောင်လာကွာ"

ရဲမင်းနောင်ကားရပ်ပြီး အိမ်ထဲကိုဝင်လာခဲ့သည်၊ ...
မျက်နှာတွင် မကျေနပ်ခြင်းတွေ ရှိနေပေမဲ့ ခွန်နောင်ဦးမျက်နှာပေါ်မှာ
တော့ ဘာမှ ခံစားချက်မရှိသလို မျက်နှာကို ဖုံးထားနိုင်သူဖြစ်၏။

"မင်းဆုံးဖြတ်ချက်ကို သေသေချာချာ စဉ်းစားပြီးပြီလား
ရဲမင်းနောင်"

"ဆုံးဖြတ်ပြီးပါပြီ၊ ခင်ဗျားနဲ့ကျုပ်ကြားမှာ ရှေ့ဆက်ပြီး
လုပ်ကိုင်လို့မကောင်းတော့ဘူး"

"မင်းနှုတ်ဖျားက ဘာကြောင့်ဒီစကားမျိုးပြောရတာလဲ"

"ခင်ဗျား ဘာတွေလုပ်နေသလဲဆိုတာ ခင်ဗျားကိုယ်ခင်ဗျား
အသိဆုံးနေမှာပါ"

"ငါလုပ်ကိုင်နေတာ စီးပွားရေးလေ"

"ဒါက စီးပွားရေးမဟုတ်ဘူး၊ အောက်လမ်းနည်းနဲ့ ရှာ...





...စီးပွားရေးကို ကျုပ်မခံမင်ဘူး"

"ရဲမင်းနောင်..မင်းရှာနေတာ ငွေမဟုတ်ဘူးလား"

"ဟုတ်တယ်"

"အပေါ်နည်းပဲဖြစ်ဖြစ်၊ အောက်လမ်းနည်းပဲဖြစ်ဖြစ် ငွေရဖို့
...တာအဓိကပဲလေ၊ ဘာလို့မင်းက သွေးကြောင်နေတာလား"

"ဥပဒေနဲ့မလွတ်ကင်းတဲ့အလုပ်မျိုးကို ကျုပ်မလုပ်ချင်ဘူး၊
ကျုပ် ရှယ်ယာငွေတွေကို ကျုပ်ပြန်ပြီးထုတ်ချင်တယ်"

"မင်းဘက်က တောင်းဆိုမှုကို ငါက မငြင်းပါဘူး၊ တစ်ခုတော့
...င်းသတိမေ့နေတာလေးကိုတော့ မှတ်မိအောင် သတိပေးချင်တယ်"

"ခင်ဗျားဘာကို သတိပေးချင်တာလဲ"

"နန်းနန်းကိုပြန်ပေးဆွဲပြီး သိမ်းပိုက်ဖို့မင်းကြံခဲ့တာလေးကို
...င်းမှတ်မိနေမှာပါ"

"ဘာ...ခင်...ခင်ဗျား.."

ထိုစဉ်က ရဲမင်းနောင်ကို အကြံပေးခဲ့သူက ခွန်နောင်ဦးပင်
...ဖြစ်၏။ ရဲမင်းနောင်..နန်းနန်း၏ စော်ကားမှုကို မခံချင်စိတ်ဖြင့် ထိုအကြံ
...ကိုလက်ခံခဲ့ပြီးမှ အကြီးမားဆုံးနောင်တရခဲ့သူဖြစ်သည်။

"ခင်ဗျား ကျုပ်ကို ဒါနဲ့အကျပ်ကိုင်မလို့လား"

"ငါ့ပေါ်မှာ မင်းက ပြောင်းလဲခဲ့ပေမဲ့ ငါက မင်းပေါ်မှာ မပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လဲခဲ့ပါဘူး ရဲမင်းနောင်၊ မင်းပေါ်မှာ ငါကောင်းခဲ့တယ်ဆိုတာကို မင်း သိစေချင်လို့ပြောတာပါ၊ မေရီရေ… စာရွက်စာတမ်းတွေ ယူခဲ့ပေ့၊ ငါ မင်းကို ငွေလွှဲပေးဖို့ အားလုံးစီစဉ်ထားပြီးပါပြီ"

"ကျေးဇူးတင်ပါတယ် ကိုခွန်နောင်ဦး"

"ရပါတယ်ကွာ၊ သူစိမ်းတွေမှ မဟုတ်တာ"

မေရီစာရွက်စာတမ်းတွေကို လာပြီးချပေးလိုက်သည်။

"ဈေးနှုန်းတွေနဲ့ အားလုံးညှိနှိုင်းပြီးတော့ လုပ်ထားပြီးသားပါ မင်းစစ်ကြည့်လိုက်ဦး၊ လိုအပ်တာပြော"

"အားလုံးပြည့်စုံပါတယ်"

"ငါ့ဘက်က တာဝန်ကျေတယ်နော်"

"ကျေပါတယ်ဗျာ"

"တစ်ယောက်နဲ့တစ်ယောက် အမြင်မတူလို့စီးပွားခွဲကြပေမဲ့ ငါ့ဘက်က မင်းပေါ်မှာ စိတ်ဓာတ် မပြောင်းလဲပါဘူး"

"ကျွန်တော့်ဘက်က စကားပြောတာ ရိုင်းသွားတာကို တောင်းပန်ပါတယ် ကိုခွန်နောင်ဦး"

"ငါက အကြီးပဲကွာ၊ နားလည်ပေးရမှာပေါ့၊ ခြော်…မေရီ ငါတို့နှစ်ယောက် နှုတ်ဆက်ပွဲလေးကို တစ်ခုခုစီစဉ်ကွာ၊ ဘယ်လိုလဲ ရဲမင်းနောင်.. နှုတ်ဆက်ခွက်တစ်ခွက်လောက်တော့ သောက်မယ်





မဟုတ်လား"

"သောက်ပေးရမှာပေါ့"

အဆိပ်မှုန့်ထည့်ထားသော ဖန်ခွက်မှာ အမှတ်မထင်ကြည့် လိုက်ရင် ဖန်ခွက်အလွတ်တစ်ခုလို ထင်ရသည်။ ထိုဖန်ခွက်တွင် အဆင့်မြင့်အဆိပ်မှုန့်တွေကို သာမန်ကြည့်၍ မမြင်နိုင်ချေ။

"ကဲ..မေရီ..ငှဲ့ကွာ"

မေရီ..ဖန်ခွက်ထဲသို့ အရက်ကိုငှဲ့ပေးလိုက်သည်။

"ကောင်းသောနေ့ရက်ပါ ရဲမင်းနောင်"

"ဟုတ်ကဲ့..တစ်ခွက်ပဲနော်"

"အေးပါကွာ"

ရဲမင်းနောင် အရက်ခွက်ကိုမော့သောက်ပြီးသည်နှင့်…

"သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ရဲမင်းနောင်ထိုင်နေရာမှထပြီး ခြေလှမ်း(၃)လှမ်းလောက် အရောက်တွင်

"ဟာ..မူး..ရင်..ထဲ..က..ခင်..ဗျား…လူ…လူယုတ်မာ.."

"ဟားဟားဟား…ရဲမင်းနောင်၊ မင်းဆိုတဲ့ကောင်က ငါ့ကို နိုင်ယ်တဲ့လူတစ်ယောက်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အီး...အစ်...အစ်..."

ရဲမင်းနောင်စကားပင် ဆက်ပြီးမပြောနိုင်တော့ဘဲ လဲကျသွားတော့သည်။

"ခု ဘာဆက်ပြီးလုပ်မလဲ ကိုကိုကြီး"

"အင်း...အရိန်က စောသေးတယ်၊ မိုးချုပ်မှ လှုပ်ရှားရမှာ၊ ကားရော၊ လူရော ဖာတ်သိမ်းရမှာပဲ၊ ညကျရင် မင်းက နောက်ကနေ ကားတစ်စီးနဲ့ ခပ်ခွာခွာလိုက်ခဲ့၊ ငါ ဒီတောင်ကိုသယ်သွားပြီး လူသူကင်းတဲ့နေရာမှာ ကားရော လူရော ထားခဲ့မယ်၊ပြီးရင်ဓာတ်ဆီတိုင်ကီထဲကို ယမ်းမီးစကြိုးနဲ့ မီးရှို့ပြီးထားခဲ့မယ်၊ ကားမီးလောင်ပြီး သူ့စရိတ်သူရှင်းသွားပါလိမ့်မယ်ကွာ"

"ကိုကိုကြီးက ဒါမျိုးဆို ခေါင်းက သိပ်ကောင်းတာပဲ"

"ခေါင်းကောင်းတာ ခဏထား၊ ဒီမသာကြီးကို အခန်းထဲကိုထည့်ထားကြရအောင်"

ခွန်နောင်ဦးနှင့်မေရီတို့ရဲမင်းနောင်အလောင်းကိုမ,ယူကာ အခန်းထဲတွင်ထည့်ထားလိုက်တော့သည်။

● ● ●



## မီးလျှံ ခရီးကြမ်း

အဝေးပြေးလမ်းမကြီးပေါ်တွင် ကားလေးတစ်စီးမောင်းနှင်နေဆဲ။ ကားပေါ်တွင် ကားမောင်းနေသူက အာရုံဦး၊ သူ၏နောက်ခုံတွင် နန်းနန်း၊ သူတို့ သွားနေသောနေရာသည်က မော်လမြိုင်မြို့သင်ဖြစ်၏။

ရန်ကုန်မှစတင်ပြီးထွက်လာကတည်းက ကိုယ့်အတွေးနှင့်ကိုယ်မို့ စကားမပြောဖြစ်ခဲ့ကြ၊ နန်းနန်းကတော့ ပတ်ဝန်းကျင်ရှုခင်းတွေကိုငေးမောကြည့်ရင်း တိုးဝှေ့လာနေသောလေနုအေးတွေကိုရှုရှိုက်နေလေသည်။

"လောကကြီးရဲ့လှပတ်လပ်ခြင်းတွေဟာ တကယ့်ကိုကြည်နူးနိုကောင်းတယ်နော်"

တိတ်ဆိတ်ခြင်းကို စတင်ပြီးဖြိုခွင်းလိုက်သူမှာ နန်းနန်းပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

အာရုံဦးကတော့ ခေါင်းလေးပဲညိတ်ပြီး ကားကိုသာ ဂရုတစိုက်မောင်းနေလေသည်။ အဝေးပြေးလမ်းမကြီးမှာ ကားများအသွားအလာများနေသလို အဝေးပြေးကားကြီးများ မောင်းနေတာကြောင့် သတိလက်လွှတ်မောင်းလို့မရ၊ အင်းတကော်ရောက်တော့မှ

"အာရုံ.. တစ်ခုခုဝင်ပြီးစားကြရအောင်"

"နန်းနန်း သဘောပဲ"

စားသောက်ဆိုင်လေးရှေ့တွင် ကားကိုထိုးရပ်လိုက်ပြီး ဆိုင်ထဲသို့ဝင်လာခဲ့ကြသည်။ စားသောက်ချင်တာကို မှာယူစားသောက်ရင်းနှင့်...

"နန်းနန်း"

"ဘာများလဲ အာရုံ"

"ကိုယ်တို့ခရီးစဉ်ကတော့ သတင်းပေါက်သွားပြီ"

"ဟင်...ဘာကြောင့်ပြောနိုင်တာလဲ"

"ကိုယ်တို့ထက်အရင်ရောက်နေကြတဲ့သူတွေရှိတယ်"

"ဟင်..."

"ဟိုမှာရပ်ထားတဲ့ ကားနက်ပေါ်က လူတွေရယ်၊ ကိုယ်တို့နောက်ဘက်စားပွဲက လူတွေက ကိုယ်တို့ကို သတိပြုနေတဲ့သူတွေပဲ"





"သေချာရဲ့လား အာရုံ"

"မလွဲပါဘူး"

အာရုံဦးစကားကြောင့် နန်းနန်း မသိမသာအကဲခတ်လိုက်မိသည်။ ကားအနက်ပေါ်တွင် လူ (၂)ယောက်၏မျက်လုံးတွေ၊ နောက်စားပွဲမှ လူ(၃)ယောက်၏မျက်လုံးတွေမှာ သူတို့ကိုသတိပြုနေသူတွေဆိုတာ သေချာနေလေပြီ။

"သေချာသွားပြီ အာရုံ၊ ဘယ်လိုကြောင့် ခုလိုဖြစ်ရတာလဲ၊ သိတာဆိုလို့ အင်ကြင်း၊ ခိုင်ဇာနဲ့ နန်းနန်းတို့ (၂)ယောက်ပဲသိတာ"

"ကိုယ်တို့(၄)ယောက်ထဲက သစ္စာဖောက်တာတော့မဟုတ်ဘူး၊ ကိုယ်သတိပြုမိတာတစ်ခုတော့ရှိတယ်"

"ဘာကိုလဲဟင်"

"ကိုယ်တို့ခရီးစဉ်ကိုစကားပြောတဲ့ ကော်ဖီဆိုင်မှာ လူတစ်ဦးကို သံသယဖြစ်တာပါ၊ ဒါကလည်း ခုမှတွေးမိလိုက်တာ၊ နောက်ကျနေပြီ"

"ခရီးစဉ် ဖျက်မလား"

"ဖျက်လို့မဖြစ်တော့ဘူး နန်းနန်း၊ ကိုယ်တို့အတွက် အချိန်က သိပ်မရတော့ဘူး၊ သူတို့ဘက်က နောက်ဆုံးအခြေအနေကို ပြင်ဆင်ပြီးလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နောက်ဆုံးထိပ်တိုက်ဆုံကြဖို့ပဲ ရှိတော့တာပေါ့"

"ရွေးချယ်စရာမှ မရှိတော့တာပဲ၊ စားသောက်ပြီးရင် သွားကြမယ်"

"အင်း.."

နန်းနန်းတို့နှစ်ယောက် ကျသင့်ငွေကိုရှင်းပြီး ကားပေါ်သို့ တက်ကာ ခရီးဆက်ခဲ့သည်။ ဆိုင်တွင်ရပ်ထားသောကားမှာ ချက်ချင်း ထွက်လိုက်လာခြင်းမရှိသေးပဲ တော်တော်ကြာကြာမောင်းပြီးတော့မှ လိုက်လာလေသည်။

"ကိုယ့်အထင်ပြောရရင် ရှေ့မှာအဆင့်ဆင့်အန္တရာယ်ပြုမယ့် သူတွေရှိနေပြီး ခု ခရီးစဉ်ကို တားဖို့တင်မဟုတ်တော့ဘဲ အပြတ်ရှင်းဖို့ထိ လုပ်နိုင်ဖို့ အင်အားရော၊ ငွေပါအသုံးပြုတော့မှာသေချာတယ်"

"နောက်ဆုံးပွဲတစ်ခုလို့ပဲ သတ်မှတ်ရတော့မှာပေါ့"

နောက်မှ လိုက်လာသော ကားမှာ တဖြည်းဖြည်းနှင့်နီးကပ်လာသလို နန်းနန်းတို့မှာလည်း ပဲခူးမြို့သို့ ဝင်တော့မည်ဖြစ်သည်။ ပဲခူးကိုရောက်တဲ့ထိ အန္တရာယ်ပြုခြင်းတော့ မရှိသေးပေ။ နောက်မှ လိုက်လာသောကားကတော့ထက်ကြပ်မကွာလိုက်လာနေလေသည်။

"ပဲခူးအထွက်ကျရင်တော့ သတိထားရတော့မယ်"

"နန်းနန်းတို့အတွက် အဖြေတစ်ခုကတော့ မကြာခင် အဆုံး





သတ်တော့မှာပါ"

ပဲခူး စတိုးဆိုင်ရှေ့တွင် ကားရပ်ပြီး ဝယ်စရာရှိတာတွေကို ဝယ်ယူပြီးပြန်မောင်းထွက်လာခဲ့သည်။

"အာရုံ...နောက်ကလိုက်လာတဲ့ကားမတွေ့ရတော့ဘူး"

"နန်းနန်း သေချာသွားပြီ၊ ဒီကောင်တွေရှေ့ကနေပိတ်ပြီး အန္တရာယ်ပေးတော့မယ်၊ ကား မရှိပေမဲ့ ဆိုင်ကယ်တစ်စီးနဲ့ လူ(၂) ယောက်တော့ပါလာတယ်"

နန်းနန်းနောက်သို့လှည့်ပြီး ကြည့်လိုက်တော့ ဆိုင်ကယ်နှင့် လူနှစ်ယောက် ကားနှင့်ခပ်ခွာခွာလိုက်လာနေသည်။ ပဲခူးမြို့အထွက် လမ်းခွဲကိုရောက်တော့...

"ဟင်...ရှေ့မှာ ကားတားနေတယ်"

အမျိုးသမီးတစ်ဦး ကားတစ်စီးဘေးတွင်ရပ်ပြီး ကားတား နေတာကိုတွေ့လိုက်ရသည်။

"ဒါဟာ ထောင်ချောက်တစ်ခုပဲ"

အာရုံဦး ဘေးဘက်ကိုကြည့်လိုက်တော့ မြို့တစ်မြို့နှင့်အိမ် တစ်လုံးကလွဲပြီး ဘေးဘက်မှာ ကွင်းပြင်သာရှိသည်၊ ကားတားနေ သော မိန်းကလေးမှလွဲပြီး တခြားလူတစ်ယောက်မှမတွေ့ရပေ။

"ဝူး...ကျိုး..."



www.burmeseclassic.com

www.burmeseclassic.com



အာရုံဦး ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီးကားထိုးရပ်လိုက်သည်။

"မိန်းကလေး ဘာကူညီရမလဲ"

"ကျွန်မကား ဘာဖြစ်သွားလဲမသိဘူး၊ ထိုးရပ်သွားလို့ကြည့်တတ်ရင် ကြည့်ပေးပါလားရှင်"

"ကောင်းပြီ..ကြည့်ပေးပါ့မယ်"

အာရုံဦး ကားနားကိုကပ်ပြီး အခြေအနေကို အကဲခတ်ဆဲမှာပဲ...

"ဒုန်း..ဟင်..ဂျိုန်း"

အာရုံဦး ကားတံခါးတွေကို ခြေဖြင့်ဆောင့်ကန်ပြီး မိန်းကလေးကိုနောက်မှ သိုင်းဖက်ချုပ်ထားလိုက်သည်။

"မင်းကား ပျက်တာမှ မဟုတ်တာ၊ ကားထဲကကောင်တွေ ထွက်ခဲ့စမ်း"

"အေး...မင်းကထွက်ခဲ့ဆိုတော့လည်းထွက်ခဲ့ရတာပေါ့ကွာ"

"ထွက်ပြီကွ"

"ဝုန်း.."

အာရုံဦး သူ့တို့ဘက်က စပြီးမတိုက်ခိုက်ခင် အရင်ဆုံး ကိုယ့်ဘက်က ဦးအောင်တိုက်ခိုက်တော့သည်။ မိန်းကလေးအပါအဝင်ရှု





ပေါင်း (၄)ယောက်၊ နန်းနန်းကလည်း ခေသူမဟုတ်၊ အရင်ဆုံးကားပေါ်မှဆင်းလာသူကိုခြေဖြင့် ရင်ဝကိုဆောင့်ကန်ချလိုက်သည်။

"ဖြောင်း..ဒုတ်...ခွပ်"

တစ်ဖက်က ရန်သူကို တိုက်ခိုက်ခွင့်မပေးတော့ဘဲ နှစ်ယောက်သား လက်ညီစွာနှင့်ကြံ့သလိုရှင်းလိုက်ရတော့သည်။

"ကဲဟာ...ဖြောင်း..အား...အီး"

ပွဲကသိပ်ပြီးမကြာလိုက်ပါ။ ရန်သူဘက်မှ ရပ်ပြီးကျန်နေတာဆိုလို့ မိန်းကလေးတစ်ဦးသာရှိတော့သည်။

"ကျွန်...ကျွန်မကို ဘာမှ မလုပ်ပါနဲ့၊ သူ...သူတို့ခိုင်း..ခိုင်းလို့လုပ်ရတာပါ၊ ကျွန်မ ဘာမှမသိပါဘူး"

"မင်းကိုဘာမှ မလုပ်ပါဘူး၊ ဒါပေမဲ့ သက်ဆိုင်ရာနဲ့တော့ မင်းဆက်ပြီးရှင်း.."

"ရှင်..."

"ဝေါ...ဝူး.."

နန်းနန်းတို့ နေရာသို့ ဆိုင်ကယ်များ၊ ကားများ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်တွေ လာနေတာကိုတွေ့လိုက်ရသည်။

"အာရုံ ချိတ်ဆက်ထားတာလား"

"ဟုတ်တယ်၊ ခုပွဲက ကိုယ်တို့နဲ့တင် မပြီးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး မောက်နေသောလူတွေကို လက်ထိတ်စတ်ဖမ်းဆီးလိုက်သည်။

"ရန်ကုန်တပ်ဖွဲ့ကနေ ချိတ်ဆက်ထားပါတယ်၊ ပြီးတော့ ခင်ဗျားတို့ကားနောက်ကနေ ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်ကားက လိုက်ပါလာလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ခရီးဆက်ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

နန်းနန်းတို့ နှုတ်ဆက်ပြီး ခရီးတစ်ခေါက်ဆက်ခဲ့ပြန်သည်။ ကားမောင်းရင်း…

"နန်းနန်းကို ကိုယ်ပြောစရာရှိတယ်"

"ဘာများလဲ အာရုံ"

"နန်းနန်းအစ်ကို ခွန်နောင်ဦးနဲ့ပတ်သက်ပြီး သက်ဆိုင်ရာက ကိုယ့်ကို အကူအညီတောင်းထားတယ်၊ သူတို့အကူအညီတောင်းထားတဲ့ကိစ္စက နန်းနန်းကိစ္စတင်မကဘူး၊ အရမ်းကိုကြီးမားတဲ့ကိစ္စတွေလည်းပါတယ်၊ ကိုယ်သိရသလောက်တော့ မူးယစ်ဆေးဝါးတွေ ဖြန့်ဖြူးနေတဲ့အခြေအနေထိရှိတယ်"

"ဟင်…အင်း…ဒါကြောင့် သူ့စီးပွားရေးဟာ အားချင်းကိုတိုး တက်ခဲ့တာကိုး"





"သူ့ကိုသက်ဆိုင်ရာက ခြေရာခံနေတာတော့ကြာပြီ၊ အရမ်းကို ပိရိပြီးသေသပ်တော့ ဖမ်းလို့မရဘူးဖြစ်နေတယ်၊ တချို့ဖမ်းဆီးမိတဲ့သူတွေလည်းရှိပါတယ်၊ ဒါပေမယ့် အားလုံးက သူတို့ကိုစေခိုင်းတဲ့ ခေါင်းဆောင်ကို ဘယ်သူမှ မသိကြဘူး၊ ခွန်နောင်ဦးဟာ စနစ်တကျ ကိုင်တွယ်ထားသူတစ်ဦးဖြစ်တော့ ခြေသံလုံလုံနဲ့ လုပ်ကိုင်နေတာ"

"နန်းနန်း သူ့ကိုဘယ်လိုပြောရမှန်းတောင်မသိတော့ပါဘူး"

"တီ…တီ…"

အာရုံဦး… ဟန်းဖုန်းခေါ်တာကြောင့် ကားမောင်းနေရင်း နားထောင်လိုက်သည်။

"ဟလို"

"× × × × × × × × × × ×"

"ခြော်…ဟုတ်ကဲ့"

ဖုန်းကိုပြန်ပိတ်ပြီး အိတ်ကပ်ထဲကိုထည့်ထားလိုက်သည်။

"ဘာတဲ့လဲဟင်"

"ကိုယ်တို့နောက်က လိုက်လာတဲ့ရဲကား ဘီးပေါက်နေလို့ ကိုယ်တို့ကားကို စက်ရှိန်လျှော့ပြီးမောင်းဖို့ပြောတာပါ"

"ခြော်… ဟိုအပင်ကြီးကမြင်ရတာတောင် အေးချမ်းလို့ပါ အာရုံ၊ ဝင်ပြီး နားရင်း သူတို့ကိုစောင့်ကြရင်မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ၊ နားကြတာပေါ့"

အာရုံဦး ကားကို သစ်ပင်ကြီးအောက်တွင် ထိုးရပ်လိုက်ပြီး

နှစ်ယောက်သား ဆင်းလာခဲ့ကြသည်။

"ဟူး...တကယ့်ကိုအေးမြနေတာပဲ"

အနောက်ဘက်သစ်တောအုပ်မှ တိုက်ခတ်လာသော လေ

အေးကြောင့် စိတ်ကိုလန်းဆန်း ပေါ့ပါးသွားလေသည်။

"သစ်တောကြီးနဲ့တူတယ်၊ စိမ်းညို့ပြီး အုပ်ဆိုင်းနေတယ်"

"ဘာလဲ...နန်းက သစ်တောကြီးကိုကြည့်ပြီး တရားအာ

ထုတ် ချင်စိတ်ပေါက်နေပြီလား"

"ဟုတ်တယ်၊ လူ့လောကကြီးရဲ့သမုဒယသောကတွေအ

တွေကိုကြောက်သလိုဖြစ်နေပြီ"

"ဒါဆို အိမ်ထောင်မပြုတော့ဘူးပေါ့"

"ခုချိန်ထိတော့ အိမ်ထောင်သည်ဘဝကို တစ်ခါမှ မတွေး

တာတော့အမှန်ပဲ အာရုံ"

"ဘဝဆိုတာ အဖော်ကောင်းတော့လိုအပ်တယ်နော်"

"သူများကျတော့ပြောပြီး အာရုံကျတော့ ဘာလို့အဖော်မဲ့

တာလဲ"

"ကိုယ်အဖော်မဲ့တာ နောက်ကျင်စရာအကြောင်းတွေကြောင့်





"အကြောင်းရှိတယ်ပေါ့"

"ရှိတယ်လို့ပဲ ပြောရမှာပေါ့"

"အာရုံ..."

"ဘာများလဲ ပြော"

"အာရုံဘဝအကြောင်းကိုပြောပြပါလား"

"နန်းနန်း သိသင့်သလောက်သိနေတာပဲ မဟုတ်လား"

"နန်းနန်းသိတာက အပေါ်ယံလောက်ပါ"

"နန်းနန်းသိသလောက်ကိုအရင်ဆုံးပြောပြ"

"အာရုံဦးဟာ တစ်ဦးတည်းသောသား၊ စက်မှုတက္ကသိုလ် ကျောင်းသားတစ်ဦး၊ နောက်ဆုံးနှစ်တက်နေချိန်မှာ အရေးအခင်းထဲ မှာပါသွားပြီး ကျောင်းဆက်ပြီးမတက်တော့ဘူး၊ ဖခင်က တရားသူကြီး တစ်ဦးဖြစ်တာကြောင့် မိဘနဲ့ လုံးလုံးအဆက်အသွယ်ဖြတ်ပြီး ဘဝကို ခြေဦးတည့်ရာ လျှောက်နေတဲ့သူ"

"နန်းနန်းသိတာတွေက မဆိုးပါဘူး၊ ကိုယ့်မိဘတွေကကိုယ် နဲ့ခံယူချက်ရော စိတ်ဓာတ်ရောက ဆန့်ကျင်ဘက်တွေလေ၊ သူတို့ အမြင်မှာ ကိုယ်ဟာ ဘာမှမဟုတ်တဲ့ နိုင်ငံရေးအလုပ်တွေကိုလုပ်နေ တဲ့သူလို့ထင်နေကြတာ၊ ဒီထက်ပိုဆိုးတာက ကိုယ်ပိုင်အတွေးတွေ အောက်မှာနေကြတဲ့သူတွေဖြစ်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်ဓာတ်သည် နန်းနန်းနှင့်တစ်ထပ်တည်းကျသော စိတ်ဓာတ်ပင်ဖြစ်သည်။

"ဘယ်လောက်ထိ သူတို့အတ္တတွေကို ရှုတန်းတင်ခဲ့သလဲဆိုရင် ကိုယ့်ရပ်တည်ချက်နဲ့ သူတို့အတ္တကိုအပေးအယူလုပ်ခဲ့ကြတယ်"

"အာရုံက ဘာကိုရွေးခဲ့သလဲ"

"ကိုယ့်အတွက် ရွေးစရာက တစ်ခုပဲရှိခဲ့တယ်၊ ကိုယ်လျှောက်နေတဲ့လမ်းကိုဘယ်တော့မှနောက်ပြန်မလှည့်ခဲ့ဘူး"

"ဒီတော့"

"သူတို့ဘက်က ကိုယ့်ကို သားအဖြစ်ကနေ တရားဝင်စွန့်လွှတ်လိုက်ကြတယ်"

"သူတို့ဘက်ကလည်းပြတ်သားကြသားပဲ"

"အင်း…ဘယ်လောက်ထိ ပြတ်သားသလဲဆိုရင် ကိုယ်တတရားမဝင် စာရွက်ဖြန့်ဝေမှုနဲ့ အဖမ်းခံရပြီး အပြစ်ဒဏ်ချခဲ့သူဟာကိုယ့်ဖခင်ပဲ"

"ဟင်…"

"ကိုယ်ထောင်ကျပြီးပြန်လွှတ်လာကတည်းက ခုလိုဘဝကိုခြေဦးတည့်ရာကိုလျှောက်နေခဲ့တာကြာခဲ့ပြီ။ဒါကကိုယ့်ဘဝအကြောင်း"





"နှလုံးသားအကြောင်း မပါသေးဘူးနော်"

"ကိုယ့်နှလုံးသားအကြောင်းက ရိုးစင်းပါတယ်၊ ကိုယ်နဲ့ချစ်သူဖြစ်တဲ့ ရွှေစင်လှိုင်ဟာ ကိုယ့်ရဲ့ခံယူချက်၊ ယုံကြည်ချက်ပေါ်မှာ လက်မခံနိုင်ဘူးလေ၊ ကိုယ့်ကိုမိဘတွေက အမွေဖြတ်လိုက်ပြီး၊ သူကပါကိုယ့်ကို ချစ်သူအဖြစ်ကနေ ရပ်စဲလိုက်တယ်ပဲဆိုရမှာပေါ့၊ နောက်အိမ်ထောင်ကျသွားတယ်လို့ပဲ သိရတယ်"

"စိတ်မကောင်းစရာပဲနော်"

"ဘာမှ စိတ်မကောင်းစရာမရှိပါဘူး၊ မတူညီသောအရာတိုင်းဟာ ပေါင်းစည်းလို့မရကြတာဟာ သဘာဝတရားတစ်ခုပါ"

"အာရုံ"

"ပြော"

"ရှေ့ဆက်ပြီးတော့ဘဝအတွက် ဘာဆက်လုပ်မယ်လို့စဉ်းစားထားလဲ"

"အနာဂတ်ဆိုတာ ကိုယ့်အတွက် ခေါင်းစဉ်မရှိဘူး"

"ဒီလိုကြီးတော့ မသတ်မှတ်ထားပါနဲ့ အာရုံရယ်၊ ကိုယ်လျှောက်ခဲ့တဲ့လမ်းတွေအတွက် အကောင်းဆုံးသမိုင်းတစ်ခုကို ရေးသင့်တယ်"

"ကိုယ့်ရဲ့သမိုင်းဆိုတာ ဘယ်သူမှ သိစရာမလိုတဲ့လထဲက



www.burmeseclassic.com

www.burmeseclassic.com



ငှက်ခြေရာတစ်ခုပါပဲ၊ ဘယ်သူမှမကျေနပ်ရင်နေ ကိုယ်ကတော့ကိုယ့်ကိုယ်ကိုယ်ကျေနပ်တယ်"

"ဝူး...ကျွိ..."

"ဟင်...ဟာ.."

အာရုံ စကားမဆုံးခင် ကားတစ်စီးထိုးဆိုက်လာပြီး ကားပေါ်မှ လူ(၅)ယောက်ပြေးဆင်းလာကြသည်၊ လက်ထဲတွင် ပစ္စတိုတစ်လက်ကိုကိုင်ဆောင်လျက်...

"မလှုပ်နဲ့နော်၊ အေးအေးသက်သာ ကားပေါ်ကိုလိုက်ခဲ့ရင်မင်းတို့အတွက် အကောင်းဆုံးရွေးချယ်မှုတစ်ခုပဲ"

နန်းနန်းနှင့် အာရုံဦး တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်ပြီး...

"လိုက်ဆိုလည်းလိုက်ရတာပေါ့ကွာ"

"ရှေ့ကသွား"

"ကောင်းပြီ"

သေနတ်သမားက အာရုံဦးကိုသာ အဓိကထားပြီးချိန်ထားပေမယ့် နန်းနန်းကို ခပ်ပေါ့ပေါ့သဘောထားခြင်းသည် အခွင့်အရေးတစ်ခုကိုပေးတာနှင့်တူနေလေသည်၊

နန်းနန်းအခြေအနေကိုအကဲခတ်လိုက်ပြီး သူတို့ကိုခေါ်လာသောခနေရာတွင်ဝါးတံတားလေးကိုဖြတ်ကျော်ရတာကြောင့်နန်းနန်းသူ့နောက်မှလူကိုကိုယ်နှင့်တိုက်ချလိုက်သည်၊

"ဝုန်း.."

"ဟာ...ဟင်..."

အမှတ်မထင် တိုက်ချလိုက်တာကြောင့်သေနတ်သမားချောင်အမ်းအမ်းဖြစ်သွားတာကို အာရုံဦး အခွင့်အရေးယူကာ တိုက်ခိုက်လိုက်သည်၊

"ဖြောင်း...အင့်"

ထိုအခြေအနေမြင်ကွင်းကြောင့်ကားပေါ်တွင် ထိုင်နေသူကသေနတ်ထုတ်ပြီးပစ်ဖို့ကားပေါ်မှ ဆင်းလာသောကြောင့်...

"နန်းနန်း...လာ"

သစ်ပင်ကြီးနောက်ဘက်သို့လက်ဆွဲပြီးခေါ်လိုက်ရသည်၊

"ဒုတ်...ဒုတ်..."

သေနတ်နှင့် အနီးကပ်ပစ်ပေမဲ့ သစ်ပင်ကြီးကြောင့် ထိရောက်မှုမရှိပေမဲ့သေနတ်သမားတစ်ဦးက လွှတ်စဉ်သွားသောသေနတ်ကို ပြန်ကောက်ယူရန် ပြင်ဆင်တာကြောင့် အာရုံဦး ဒိုက်ထိုးပြီးသေနတ်ကိုလှိမ့်ပြီးယူလိုက်သည်၊

"ဝူး...ကျွိ.."





သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်.."

နောက်ထပ် ကားတစ်စီးထပ်မံရောက်လာပြီး သေနတ်ကိုင်ဆောင်ထားသူတွေပါလာတာကြောင့်...

"ဒုတ်..အင့်.."

အာရုံဦး ကားပေါ်မှသေနတ်သမားကိုပစ်ချလိုက်ပြီး နောက်ဘက်တောစပ်ဘက်သို့နန်းနန်းကိုလက်ဆွဲပြီးပြေးခဲ့ကြရလေသည်။

"မလွတ်စေနဲ့၊ အရှင်မမိရင်အသေပစ်ကွာ"

ခေါင်းဆောင်လုပ်သောသူက သူ့ကောင်တွေကိုအမိန့်ပေးလိုက်ပြီးနောက်မှလိုက်လာကြသည်။

"ဒုတ်...ဒိုး...ဖြောင်း.."

သေနတ်ကျည်ဆံတွေက ပွတ်ကာသီကာနင့်ရောက်ရှိနေလေသည်။ တောတန်းလေးထဲကို ရောက်နေတာကြောင့် သေနတ်သမားတွေအတွက် လွယ်လင့်တကူ မမြင်နိုင်ကြပါ။

"ရှေ့မှာ ချောင်းရိုးလေး"

"ဟာ.."

ရှေ့ဆက်ပြီးပြေးဖို့အတွက် ချောင်းရိုးကာစီနေတာကြောင့်ရေထဲကို ဆင်းရတော့မှာဖြစ်သည်။

"နန်းနန်း ရေကူးတတ်လား"





"အင်း.. ကူးတတ်တယ်"

"ဒါဆို ရေထဲကိုဆင်းကြရအောင်...လာ"

"ဝုန်း..."

နှစ်ဦးသားရေထဲကိုဆင်းလိုက်ကြပြီး ကူးခတ်နေစဉ်မှာပဲ တစ်ဖက်မှသေနတ်သမားတွေကမ်းစပ်နားကိုရောက်လာပြီးပစ်ခတ်ကြသည်။

"နန်းနန်း ရေငုပ်လိုက်"

နန်းနန်းကိုအာရုံသိုင်းဖက်ပြီး ရေငုပ်လိုက်ကြသည်။ ရေထဲတွင် အတန်ကြာအောင် ငုပ်ပြီး ဟိုဘက်ကမ်းသို့ ကူးလာခဲ့သည်။

"ဟင်.."

"ဟယ်.."

သေနတ်သမားတွေ တစ်ယောက်ကိုတစ်ယောက်တွဲပြီး နောက်ကိုပြန်ဆုတ်သွားတာကိုတွေ့လိုက်ရတာကြောင့် အံ့အားသင့်သွားသည်။

"ဒီကောင်တွေ ဘာဖြစ်သွားတာလဲ"

"အာရုံ ဟိုမှာတစ်ယောက်လဲနေတယ်"

"ဟိုက်..."

ပေါင်တံတွင် မြားတံတစ်စင်းစိုက်ပြီး ခွေခေါက်နေသော လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတွေ့လိုက်ရခြင်းဖြစ်၏၊ သူတို့နှစ်ယောက်ကို ကယ်တင်တဲ့သူရှိနေပြီဆိုတာလည်း သဘောပေါက်လိုက်သည်။

"ကမ်းပေါ်ကို စိတ်ချလက်ချတက်ခဲ့ကြပါ"

"အဲ..."

ရှမ်းဘောင်းဘီအဖေါ်တွင် လက်ပြတ်ရှပ်အင်္ကျီကို ဝတ်ဆင်ထားပြီး နီးဦးထုပ်ကြီးကို ဆောင်းထားသော လူတစ်ယောက်ကိုတွေ့လိုက်ရသည်။ ကမ်းပေါ်ကိုတက်တော့ သူကပဲ အာရုံဦးတို့ကို လက်ကမ်းပြီး ဆွဲတင်လေသည်။

"ကျေးဇူးတင်ပါတယ် နောင်ကြီး"

"ရပါတယ်ဗျာ၊ ခင်ဗျားတို့ ဘယ်လို ပတ်သက်တယ်ဆိုတာတော့ မသိဘူး၊ မျက်လုံးထဲမှာ သိပ်ပြီးမတရားဘူးထင်လို့ ဝင်ပြီးတီးလိုက်တာ၊ ခင်ဗျားတို့ ခုဘာဆက်လုပ်မလဲ"

"ဒီကောင်တွေက ကျွန်တော်တို့ကို အလွတ်ပေးမှာတော့ မဟုတ်ဘူး၊ သေရာပေါက်ရှောင်းနေကြမှာ၊ သေရာတယ်၊ ချက်ချင်းကြီးပြန်ထွက်လို့တော့မကောင်းဘူး၊ ပြီးတော့ နောက်က လိုက်လာမယ့်ရဲတပ်ဖွဲ့ကားလည်း ခြေရာကောက်မိမှာပါ"

"ကဲ ဒါဆိုလဲ ကျုပ်တဲနန်းကို လိုက်ခဲ့ကြပြီး အဝတ် အစားလဲပြီး ခြောက်အောင်လုပ်လိုက်ကြဦး"





"ကျေးဇူးတင်ပါတယ်"

ထိုလေးသမားခေါ်ဆောင်ရာနောက်ကိုလိုက်ခဲ့ကြလေသည်။ သူတို့ခရီးစဉ်တိုက်ပွဲကတော့ ကြမ်းသထက်ကြမ်းနေပြီဖြစ်သည်။

"ကျုပ်ဆီမှာတော့ မိန်းကလေးအဝတ်အစားတွေ မရှိဘူးနော်"

"ရပါတယ် အစ်ကိုရယ်"

ချောင်းရိုးလေးတစ်ဖက်ရှိကွင်းပြင်လေးဆီမှ လျှောက်လာကြရင်း ဝါးရုံလေးတွေ ဝိုင်းရံထားသောခြံကလေးတစ်ခြံနှင့် ဝါးအိမ်ကလေးတစ်အိမ်ကိုရောက်ခဲ့ကြသည်။ ထိုအိမ်ကလေးမှာ နေချင်စရာ ကောင်းသည်၊ ဝါးအိမ်ကလေးနောက်ဘက် ရေတွင်းတွင် နန်းနန်း ရေချိုးဖို့အစက်တွေ့နေသည်၊ တခြားကြောင့်မဟုတ်၊ ရေခင်တတ်ခြင်းကြောင့်ဖြစ်သည်။

"နန်းနန်း ရေမခင်တတ်ဘူးနဲ့တူတယ်"

"အင်း..."

"ကိုယ် ခပ်ပေးရမလား"

"အားနာစရာကြီး"

"ဒီလူနဲ့ဒီလူကြားမှာ အားနာတာတွေ၊ ကျေးဇူးတင်တာတွေ ပြောမနေနဲ့တော့၊ ကိုယ့်ကိုယ်ရဲ့တော်တပ်မှုလေးက လိုအပ်တာတွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကိုလုပ်ပေးရမှာပေါ့"

"ဒီစကား အတည်နော်"

"အတည်ပါ"

"ကိုယ်ပြောတဲ့စကားကို မှတ်ထားရမယ်"

"စိတ်ချ"

"ကဲ ခပ်ပေးတော့"

အာရုံဦး ရေတွင်းထဲမှ ခပ်ပေးသောရေကို နန်းနန်း ချိုးရင်း နှစ်ဦးသားကြားတွင်ကြည်နူးရိပ်ကလေးရှင်သန်းထလာသလိုခံစားလိုက်ရသည်။ အတ္တရာယ်တွေကြားက ရင်ခုန်ဖွယ်အချိန်ကလေးတစ်ခု ပင်ဖြစ်ပါသည်။

ရေစိုအဝတ်အစားတွေကို နန်းနန်း ဝါးတန်းလေးပေါ်တွင် လှန်းထားပေးပြီး ဝါးရုံအောက်ကွပ်ပျစ်လေးတွင် ထိုင်နေကြသည်။ အာရုံဦး... နန်းနန်းကိုကြည့်ပြီး ပြုံးလိုက်သဖြင့်...

"အာရုံဘာဖြစ်လို့ပြုံးတာလဲ"

"နန်းနန်းဝတ်ထားပုံကို သဘောကျလို့ပါ"

အိမ်ရှင်ထံတွင် သူ၏မိခင် ကရင်ထဘီကြီးနှင့် ရင်ဖုံး အင်္ကျီကိုဝတ်ဆင်ထားသလိုရေစိုဆံပင်တွေကိုတဘက်ကြီးဖြင့်ပတ်ထားပုံမှာ တကယ့်ကို အဘွားကြီးအိုပုံပေါက်နေသည်။





နန်းနန်းကိုယ်တိုင်လည်း သူ့ကိုယ်သူပြန်ကြည့်ပြီး သဘောကျနေမိသည်။

"ကရင်အဘွားကြီး ကျနေတာပဲနော်"

"ဟော့...ရော့... ငါးရုံခြောက်နဲ့ ရေနွေးပူပူလေးသောက်ပြီး အချမ်းဖြေလိုက်"

"ထိုင်ပါဦး နောင်ကြီး အမည်လေး မိတ်ဆက်ပေးပါဦး"

"ကျုပ်နာမည်ကစောဘဦးတဲ့ငါလုပ်လိုက်မှဆိုးလုပ်လိုက်ပေါ့"

အာရုံဦး သူတို့နှစ်ဖယောက်နှင့်မိတ်ဆက်ပေးပြီး အပြင်ကို လှမ်းပြီးကြည့်တော့...

"ဒီနေရာမှာ လူစိမ်းက အရမ်းဝင်လို့မရဘူး၊ ခုမင်းတို့တောင် တျုပ်နဲ့မို့လို့ ဘာသံမှမကြားရဘဲ ဒီကိုရောက်ခဲ့ကြတာ"

"ဘာကြောင့်လဲ ကိုစောဘဦး"

"ရှီး..."

စောဘဦး လက်ခေါက်မှုတ်လိုက်သည်နှင့်...

"ဟာ...အယ်..."

ခွေးနက်ကြီးနှစ်ကောင် ပြေးလာတာကိုတွေ့လိုက်ကြရသည်။ ခွေးနက်ကြီးမှာ အာရုံဦး ခါးဆစ်လောက်ရှိပြီး တုတ်တုတ်ခိုင်ခိုင်ကြီးတွေပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငမဲညီနောင်လို့ခေါ်တယ်၊ ကျုပ်ခြံနဲ့အိမ်ကို တံခါးပိတ်စရာ မလိုဘူး၊ အရမ်းကိုစိတ်ချရတဲ့နစ်ကောင်၊ ငမဲ-မင်းတို့ခုကာစပြီး တာဝန်ယူရမယ့်ကိစ္စပေါ်လာပြီ၊ အပြင်မှာသွားပြီးစောင့်ကြ၊ ကြားလား"

ခွေးမည်းကြီးနှစ်ကောင်မှာ နားလည်သလိုအမြီးကို လှုပ်ပြီး ထွက်သွားကြတော့သည်။

●●●



ညနေ၏ဆည်းဆာအိုကလေးနှင့်အတူ အနောက်ရိုးမကြီးမှာ မှိုင်းညို့ညို့အသွင်ကိုဆောင်နေလေပြီဖြစ်ပါသည်။ ကောင်းကင်ထက်ဆီမှ ရိုးမတောတန်းကြီးဆီသို့ အိပ်တန်းပြန်နေကြသော ကျေးငှက်တွေကိုနန်းနန်းတို့နှစ်ယောက် ငေးမောကြည့်နေရင်းနှင့်...

"အာရုံရေ... ကိုစောဘဦးတစ်ယောက် ခုထိပြန်မလာသေးဘူး၊ တစ်ခုခုများဖြစ်နေပြီလား မသိဘူး"

"ဖြစ်စရာအကြောင်းတွေရှိနေတာအမှန်ပဲ၊ ဒါပေမဲ့ကိုစောဘဦးဟာ ဒီနယ်မြေသားတစ်ယောက်ပါ၊ သိပ်ပြီး စိုးရိမ်ရတဲ့ အခြေအနေမျိုးထိတော့ မဖြစ်လောက်ပါဘူး"

ရိုးမခြေကိုဖြတ်ကျော်ပြီး တိုက်ခတ်လာသော လေအေးလေးကြောင့် တုန်ယင်ပြီး၊ ချမ်းစိမ့်စိမ့်ပင် ဖြစ်လာသလို လက်ဖျားခြေဖျားတွေပင် အေးစက်လာနေပြီ။

"နန်းနန်း ချမ်းနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း.."

"တဲထဲကိုဝင်ကြရအောင်"

"အင်း...အဲ.."

အာရုံဦးမှ တဲထဲကိုဝင်ဖို့ပြောလိုက်ပေမဲ့ တဲထဲတွင် အမှောင်ရိပ်ကြောင့် မဲမှောင်နေလေသည်။ ပြီးတော့ လူသူကင်းမဲ့သောနေရာတစ်ခုတွင် ယောကျ်ားလေးတစ်ဦးနှင့် မိန်းကလေးတစ်ဦးတည်းရှိနေကြတာကြောင့် စိတ်ထဲတွင် မလုံမလဲဖြစ်သွားခဲ့မိသည်။

"နန်းနန်း စိတ်ချစွာ တဲပေါ်ကိုတက်ပါ၊ ကိုယ့်ရဲ့ကိုယ်ကျင့်တရားနဲ့စိတ်ဓာတ်ကို မင်းယုံကြည်ပါ၊ ကိုယ်ဟာ အခွင့်အရေးသမားတစ်ယောက်မဟုတ်ပါဘူး"

နန်းနန်း၏အတွင်းစိတ်ကို လှမ်းပြီးမြင်သူပမာ အာရုံဦး ပြောလိုက်တာကြောင့် နန်းနန်း၏ တွန့်ဆုတ်နေသော ခြေလှမ်းတွေကိုရှေ့သို့လှမ်းလိုက်ပြီး အာရုံဦးမျက်နှာလေးကို ငဲ့စောင်းပြီးကြည့်ကာ တဲပေါ်ကိုတက်လိုက်မိသည်။

အာရုံဦး မီးထွန်းရန်အတွက် ရှာဖွေနေစဉ်

"အ...မလေး"

"နန်း...နန်း.."

နန်းနန်းလှမ်းပြီးတွေ့လိုက်ရသော သမင်ရိုးခေါင်းကြီးကြောင့်





ထိတ်လန့်စွာနှင့်အမှောင်ထုထဲတွင်အာရုံဦးကိုသိုင်းဖက်ထားလိုက်သည်။

"တောက်..."

အာရုံဦး သူ့လက်ထဲတွင် ရောက်သွားသော မီးခြစ်ကို ခြစ်လိုက်တော့မှ သမင်ခေါင်းကြီးကို ထင်ထင်ရှားရှားတွေ့လိုက်ရတော့သည်။

"ဟိုမှာ..ဖယောင်းတိုင်"

ဖယောင်းတိုင်ကို မီးညှိပြီးထွန်းလိုက်သဖြင့် တဲတစ်ခုလုံးလင်းလက်သွားတော့သည်။

"ဟူး..အပြင်မှာတော်တော်ကိုအေးနေတယ်"

"ရိုးမတောကြီးနဲ့ကပ်နေတာဆိုတော့ တောရဲ့အအေးဓာတ်ကြောင့် ပိုပြီးအေးနေတာလေ"

နန်းနန်း အရမ်းကို ချမ်းလာတာကြောင့် ဒူးခေါင်းနှစ်လုံးကိုလက်ဖြင့်ပိုက်ပြီး ကျုံ့ကျုံ့လေးထိုင်နေလိုက်သည်။ နန်းနန်းတို့အဝတ်အစားအပိုတွေက ကားပေါ်မှာ ကျန်ခဲ့တာကြောင့် ရေချိုးထားသောအဝတ်တွေကိုခြောက်သည်နှင့်ပြန်ပြီးဝတ်ဆင်ထားကြခြင်းဖြစ်၏။

"နန်းနန်း ကိုယ့်အင်္ကျီကိုထပ်ပြီးဝတ်ထားလိုက်"

"ဟင့်အင်း...နေပါစေ"

"နေပါစေ လုပ်မနေနဲ့၊ နန်းနန်းကြည့်ရတာ အရမ်းချမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပုံ၊ ရော့...ဝတ်မှာသာဝတ်ထားလိုက်ပါ"

"အာရုံက စွပ်ကျယ်နဲ့ပဲနေမှာလား"

"ကိုယ့်အတွက် လောကစံရဲ့ရိုက်ခတ်မှုတွေကို ခံနိုင်ရည်ရှိနေပါပြီ၊ ပြော်...စောစောက ကိုယ့်ကိုဖက်တာ မင်းနော်"

"အယ်..."

"ကိုယ့်ဘက်က အစွင့်အရေးယူသလိုဖြစ်မှာစိုးလို့ပြောထားတာ"

"ဟုတ်ပါတယ်၊ အမှတ်တမဲ့ကြောက်လန့်ပြီးဖက်လိုက်တာပါ၊ ဆောရီးနော်..."

"ဒီကိစ္စက တောင်းပန်ရမယ့်ကိစ္စမဟုတ်တာပဲ"

အာရုံဦး ခပ်ပြုံးပြုံးလေး သူ့ကိုပြောလိုက်သော မျက်နှာလေးကို ဖယောင်းတိုင်မီးအလင်းရောင်ကြားတွင် လန်းဆန်းစွာတွေ့မြင်လိုက်သလိုပင်။ အာရုံဦး၏ မျက်လုံးအိမ်တွင် ရိုးစင်းပြီး သူ့အပေါ်တွင် တစ်မက်မှုကင်းစွာရှိနေတာကိုတွေ့မြင်နေရသလို နန်းနန်း၏ စိုးရိမ်စိတ်တွေကို ပျက်ပြယ်စေခဲ့တာကတော့ အမှန်ပင်ဖြစ်သည်၊

"ဝေါ...ဖြောင်း...ဖြောင်း..."

"ဟင်...ဟာ..."

တဲ၏အပြင်ဘက်တွင် လေကြမ်းတွေက ဆက်တိုက် တိုက်





ခတ်နေလေပြီ၊ အာရုံဦး ပြတင်းလုပ်ထားသော ဝါးတံခါးရွက်တွေကို လိုက်ချပြီး...

"မင်း ဒီဘက်ကိုလာပြီးထိုင်နေပါလား"

"အင်း..."

နန်းနန်း အတွင်းထရံဘက် အာရုံဦးနှင့်ဘေးချင်းကပ်ပြီး ထိုင်နေလိုက်သလိုဗိုက်ထဲတွင် ဆာလောင်သလိုဖြစ်နေသည်။

"ဝုန်း...ဝုန်း...ဖြောင်း..."

"ကြောက်စရာကောင်းလိုက်တာ"

အပြင်ဘက်ရှိ ဝါးရုံကြီးတွေမှ လေတိုက်ခတ်မှုကြောင့် ကြားနေရသောအသံတို့သည် ဆူညံပွက်လောရိုက်နေတော့သည်၊

"ဝုတ်...ဝုတ်..."

"ဟင်..."

လေတိုးသံတွေနှင့်အတူ ခွေးဟောင်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရတာမို့...

"နန်းနန်း...ကိုယ် အပြင်ကိုခဏထွက်မယ်၊ ခွေးဟောင်သံကို ကြားနေရတယ်၊ တဲပေါ်မှာနေခဲ့"

"ဟုတ်..."

အာရုံဦး နံရံတွင်ထောင်ထားသော လှံကိုကောက်ယူပြီး တဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ကိုဆင်းသွားသည်။ နန်းနန်း တဲပေါ်မှာ တစ်ယောက်တည်း နေခဲ့ရင်း အာရုံဦးအတွက် စိုးရိမ်သလို ခံစားတာကြောင့်...

"ငါပါဆင်းပြီးလိုက်သွားမယ်"

နန်းနန်း တဲပေါ်မှ ဆင်းသည်နှင့်...

"မလှုပ်နဲ့နော်"

"ဟင်...ကျားကြီး"

အစ်ကိုကြီး ခွန်နောင်ဦး၏ လက်ရုံးတပည့် ကျားကြီးနှင့် လူစိမ်း (၃)ယောက်ကို နန်းနန်းတွေ့လိုက်ရခြင်းဖြစ်သည်။

"ကျားကြီး...ရှင်...ရှင်...ဒါ ဘာလုပ်တာလဲ၊ အနားကိုမလာနဲ့ နော်"

"ဒါဘာလုပ်တာလဲဆိုတာကို မင်းကိုထိုင်ပြီး ရှင်းပြနေဖို့ အချိန်မရှိဘူး၊ မင်းငါခေါ်တဲ့နောက်ကိုသာ လိုက်ခဲ့"

"မလိုက်ဘူး"

"မင်းကို ကြမ်းကြမ်းတမ်းတမ်း ငါ မဆက်ဆံချင်ဘူးနော်၊ တော်ကြာငါ့ဘက်က ယဉ်ကျေးမှုမရှိဘူးလို့မဆိုနဲ့နော်၊ ဟိုကောင်လေး မင်းတို့ကို အလုကြည့်ဖို့ခေါ်လာတာ မဟုတ်ဘူး"

"လွှတ်...နော်..."

နန်းနန်းကို လူ (၂)ယောက် အတင်းလက်ကိုဆွဲချုပ်လိုက်





ပြီသည်။

"ခေါ်ခဲ့ကွာ"

ကျားကြီး ရှေ့မှဦးဆောင်ပြီး နန်းနန်းကို အတင်းဆွဲကာ ခေါ် ဆောင်စဉ်...

"ဖြောင်း...ဒုတ်...အီး...ဟင်"

နောက်ဆုံးမှ လိုက်လာသော လူကို တိုက်ခိုက်လိုက်သူက အာရုံဦး...

"ကဲဟာ...အီး..."

နန်းနန်း ဘေးဘက်ကလူကို ခြေဖြင့်ဆောင့်နင်းလိုက်ပြီး ဒန်ရုန်းထွက်သည်နှင့် ရုန်းထွက်ကာ အာရုံဦးဘေးနားကို ကပ်လိုက် သည်။

"တယ်လည်း လက်စွမ်းထက်နေပါလားကွ၊ မင်းကို သိပ်ပြီး တွေ့ချင်နေတာနဲ့အတော်ပဲဟေ့၊ မြို့ပေါ်မှာ ငါ့ခြေသနတ်က ပစ်ရတာ ခက် နေဦးမယ်၊ ခုလိုနေရာလေးက အရမ်းကို နေရာကျတယ်"

ကျားကြီး သူ့ခါးကြားမှ ပစ္စတိုကိုထုတ်ပြီးမောင်းတင်လိုက် သည်။

"ကဲ...လိုရာဆုကိုတောင်းပေတော့"

"ဒိုင်း...ဝေါင်း...အီး..."



www.burmeseclassic.com

www.burmeseclassic.com



ကျားကြီး သေနတ်ကျည်ဆံမှာ အာရုံဦးဆီသို့ရောက်မလာဘဲ တခြားဘက်သို့လွင့်စဥ်သွားသလို ကျားကြီးကုတ်ကို ကျားတင်ကောင်လို စွန့်ပြီးကိုက်လိုက်တာက စောဘဦး၏ခွေးနက်ကြီးပင်ဖြစ်သည်။

"ခွေး...ခွေး...စုတ်...သတ်...သတ်ကြ"

အာရုံဦး အခြေအနေကိုအသုံးချပြီး နန်းနန်းလက်ကိုဆွဲကာ မြံထဲမှပြေးထွက်ခဲ့ကြသည်။

"လိုက်...လိုက်...မလွတ်စေနဲ့...တောက်..."

စောဘဦးမြံ၏ဘေးဘက်ဝါးရုံပေါက်မှ အပြင်ကိုထွက်လာခဲ့ကြ၏။ အမှောင်ထုက ကျရောက်နေပြီဖြစ်တာကြောင့် ဘယ်ကိုရောက်နေသလဲဆိုတာကို မသိကြပေ။ အရင်ဆုံး ရန်သူ့လက်ကနေလွတ်မြောက်ဖို့က အရေးကြီးနေသည်။

"ဝုတ်..."

"ဟင်..."

နန်းနန်းတို့ရှေ့တွင် စောဘဦး ခွေးနက်ကြီးက စောင့်နေသလိုတွေမြင်လိုက်ပြီး...ပြီးတော့ရှေ့ကနေ လမ်းပြခေါ်ဆောင်သွားသည်။

"နန်းနန်း သူ့နောက်ကနေ လိုက်ကြရအောင်"

"ဟုတ်ကဲ့"





တစ်ဦးနှင့်တစ်ဦး မရည်ရွယ်ဘဲ လက်တွေကိုတင်းကျပ်စွာဆုပ်ကိုင်ထား၍ ပြေးနေကြရသည်။ ခွေးနက်ကြီးခေါ်ဆောင်သွားသောနေရာမှာ လမ်းကြမ်းလေးဆိုပေမဲ့ နန်းနန်းကိုဂရုမပြုနိုင်နေတော့ဘက်မှ လိုက်လာကြသော ရန်သူ့လက်ထဲကို မရောက်ဖို့ရာ အရေးကြီးနေသည်။

"ဝုတ်..."

"အဲ..."

ခွေးနက်ကြီး အသံပြုလိုက်သောနေရာကိုရောက်တော့ ဘေးဘက်ကို သတိထားပြီးကြည့်လိုက်တော့မှ တောစပ်ကို ရောက်နေပြီလို့ထင်မှတ်လိုက်သည်။ သူတို့နောက်မှလိုက်လာကြသူတွေကတော့ နည်းနည်း အလှမ်းဝေးနေသေးသည်။ ခွေးနက်ကြီး ဆက်ပြီးလမ်းပြသောနောက်ကိုဆက်လိုက်ရင်း...

"ဟင်...ဟို...ဟိုမှာ...လူ...လူတစ်ယောက်"

"စောဘဦးဖြစ်မယ်"

ထိုလူ့ဘေးတွင်ရှိနေသော ခွေးနက်ကြီးတစ်ကောင်ကြောင့် စောဘဦးဖြစ်မယ်လို့တွေးမိလိုက်ခြင်းဖြစ်သည်။ အနီးကပ်ကြည့်လိုက်တော့...

"စောဘဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်...ဟုတ်တယ်"

သစ်ပင်နှင့်လူကို သိုင်းပြီးကြိုးများဖြင့် ချည်နှောင်ထားခြင်း ဖြစ်သည်။ စောဘဦးကို ချည်နှောင်ထားသောကြိုးကို အာရုံဦး ဖြည်ပေးလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ ကိုစောဘဦး"

"ကျုပ် ဒီကောင်တွေအခြေအနေကို လေ့လာပြီးအပြန်မှာ ဖမ်းမိသွားတာ၊ ဒီကောင်တွေ သက်သက်ဆိုရင် မမိဘူး၊ ရွာက ကောင်တွေပါပါနေလို့မိသွားတာ"

"ဟင်...ရွာခံလူတွေပါတယ်"

"ဒီနားရွာက အရက်သမား၊ လူတော၊ လူပေတွေကို ငွေပေးပြီးခေါ်ထားကြတယ်နဲ့တူတယ်"

"ကျွန်တော်တို့ကားဆီကိုရောက်ခဲ့လား"

"ရောက်ခဲ့တယ်၊ ဒီကောင်တွေ မင်းတို့ကားကိုဆက်မောင်းပြီး ဘယ်ကိုယူသွားသလဲဆိုတာတော့ မပြောတတ်ဘူး"

"ဒါကြောင့် နောက်ကလိုက်ခဲ့ကြတဲ့ ရဲတပ်ဖွဲ့ဝင်တွေ ခြေရာပျောက်နေတာဖြစ်မယ်"

"ဟင်...ဟိုမှာမီးရောင်တွေ"

"ဒီကောင်တွေ တောတိုးပြီနဲ့တူတယ်၊ ကျုပ်နောက်ကသာ





လိုက်ခဲ့ကြတော့၊ ဒီနယ် ဒီတောမှာ ကျုပ်ဘက်ဘယ်သူမှတောလမ်းကို သိနိုင်ဘူး၊ သွားကြမယ်"

နန်းနန်းတို့နောက်မှ အော်သံဟစ်သံကို ခပ်ယဲ့ယဲ့ကြားနေရသလို တောကြီးထဲသို့ လူ (၃)ယောက် ခွေး(၂) ကောင်ဖြင့်ဝင်ခဲ့ကြတော့သည်။ တောတောင်နှင့်ပတ်သက်ပြီး နန်းနန်းအတွက် ပထမဦးဆုံးအတွေ့အကြုံတစ်ခုပင်ဖြစ်သည်။

တောနက်လာပြီဖြစ်တာကြောင့် ချမ်းအေးမှုတွေက လွန်ကဲလာပြီဖြစ်၏။ ဖေနှင့်ပြေးလွှားနေကြရတာမို့ အအေးဒဏ်ကို ဂရုမပြုကြပေမဲ့ ခုလို သွေးအေးလုလုဖြစ်ရိုန်ကိုရောက်တော့ အအေးဒဏ်ကို ခန္ဓာကိုယ်က ခံစားနေရပြီဖြစ်သည်။ နန်းနန်း ချမ်းလာသောကြောင့် အာရုံဦးလက်မောင်းလေးကို တင်းကျပ်စွာဆုပ်ကိုင်ထားမိသည်။ တောနက်ထဲကိုအတော်ကြာအောင်ဝင်လာပြီးနောက်...

"ဟင်..."

အမှောင်ထုကြားမှာ အဆောက်အဦကြီးတစ်ခုကိုတွေ့လိုက်ရခြင်းဖြစ်သည်။

"ကိုစောဘဦး...ဒါဘာအဆောက်အဦကြီးလဲ"

"အင်္ဂလိပ်ခေတ်က မြန်မာနိုင်ငံရေးသမားတွေကို စစ်ကြောနေလုပ်တဲ့နေရာတစ်ခုပေါ့ဗျာ၊ လွတ်လပ်ရေးခေတ်ကာလရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



တကယ့်လူသတ်ကုန်းကြီးတစ်ခုပေါ့၊ ခုတော့ ဘာမှ မဟုတ်တော့ပါဘူး၊ ရဲတိုက်အဟောင်းကြီးဖြစ်နေပါပြီ"

"ဩော်.."

"ဒီနေရာကို ဘယ်သူမှ မသိကြဘူးလား"

"မသိကြတဲ့သူကတော့ မရှိသလောက်ပါပဲ၊ ဒါပေမဲ့ ဘယ်သူမှ မလာရဲကြဘူး"

"အယ်..ဘာဖြစ်လို့လဲ"

"သရဲခြောက်တယ်ဆိုပြီး ဘယ်သူမှ မလာရဲကြဘူး"

"ဘုရား"

နန်းနန်းတခြားနေရာတွေမှာ သတ္တိကောင်းသလောက် သရဲတစ္ဆေနဲ့ပတ်သက်ရင် ကြောက်တတ်သူဖြစ်သည်။ စောဘဦးပြောလိုက်တော့မှ အာရုံဦးဘေးနားတွင်ကပ်ပြီး လိုက်လာတော့၏။

အဆောက်အဦကြီးဆီသို့ သွားသောလမ်းမှာ ပျက်စီးနေပြီး သတိနှင့်သွားနေရသည်။

"ရှေ့မှာ ချောက်ဖြစ်နေတယ်၊ ဆင်းပြီးတော့မှ ရဲတိုက်ဘက်ကိုတက်ရမှာ"

စောဘဦးပြောလိုက်သောချောက်မှာ နန်းနန်းတို့အရပ်ထက်ပိုပြီးမြင့်သလိုအလျားမှာလည်းရှည်လျားလှသည်။





"အ..."

"ဟင်..နန်းနန်း"

ချောက်ထဲကိုစပြီး ခြေလှမ်းချရှိန်တွင် ခြေခေါက်သလို ဖြစ်သွားပေမဲ့လဲ တော့မကျသွားခဲ့ပါ။ ဒါကလည်း အာရုံဦးလက်မောင်းကို ကိုင်ထားခြင်းကြောင့်ဖြစ်သည်။

"နန်း ဆက်ပြီးလျှောက်လို့ရလား"

"ကျွတ်..ကျွတ်.. ခြေထောက်က အရမ်းကိုနာနေတယ်"

နစ်ယောက်တွဲပြီးဆင်းရတာ သိပ်ပြီးတော့ အဆင်မပြေဘဲ ကြန့်ကြာနေတာမို့...

"နန်းနန်း"

"ရှင်"

"ကိုယ့်ကျောပေါ်ကိုတက်လိုက်၊ ဒါမှ သွားရတာအဆင်ပြေမယ်"

"ရ...ရ..ပါတယ်"

"ကောင်မလေး ရပါတယ် လုပ်မနေနဲ့၊ ဟိုကောင်တွေ ခြေရာပျောက်တုန်းအမြန်သွားကြရမှာ"

နန်းနန်း မငြင်းနိုင်တော့တာကြောင့် အာရုံဦး ကျောပေါ်သို့ တက်လိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ တကယ်ပင် အားနာမိသည်၊ အာရုံဦးကျောပေါ်မှ သိုင်းဖက်ပြီး ချောက်ကြီးကိုဖြတ်ကျော်လာခဲ့တော့သည်၊

"ဟူး..."

အာရုံဦး သက်ပြင်းချသံနှင့်အတူ နန်းနန်းအောက်ကို ဆင်းလိုက်တော့သည်။

"မောသွားပြီလား အာရုံ"

"ဒီလောက်လေးကတော့ ဘာမှမဖြစ်လောက်ပါဘူး"

အမှောင်ထဲမှာ ရေးရေးလေးတွေမြင်လိုက်ရတဲ့ အပြုံးကလေးသည် နန်းနန်းရင်ကို ရိုက်ခတ်လျက်..

"အပြင်မှာ ခဏနေဦး၊ ကျုပ်အထဲကိုအရင်ဝင်ပြီး ညကောင်တွေ ရှိမရှိ ဝင်ပြီးကြည့်လိုက်မယ်"

"ကောင်းပြီ"

စောဘဦး ရဲတိုက်ကြီးထဲသို့ဝင်သွားပြီး သိပ်ပြီးမကြာလိုက်၊ ပြန်ပြီးထွက်လာခဲ့သည်။

"အားလုံးရှင်းတယ်၊ ဝင်ကြရအောင်"

"တွဲပြီးလျှောက်လို့အဆင်ပြေလား"

"ပြေပါတယ် အာရုံ"

ရဲတိုက်ကြီးအထဲကိုရောက်သည်နှင့် စောဘဦး ဝါးမြင့်မြ





လုပ်ထားသောမီးတိုင်တစ်ခုကိုမီးညှိပြီးထွန်းလိုက်သည်။

"စောဘဦး မီးထွန်းလို့ဖြစ်ပါ့မလား"

"ကျုပ်တို့က အောက်ကိုဆင်းကြရမှာ၊ ဒီဘက်ကိုလာ"

စောဘဦးသွားတဲ့ဘက်ကိုလိုက်သွားပြီးကြည့်လိုက်တော့ မြေအောက်ကိုဆင်းသောလှေကားတစ်ခုကိုတွေ့လိုက်ရသည်၊

"ဒီအခန်းက သေမင်းခံတွင်းအခန်းပဲ"

"ဟင်..."

"ဒီအခန်းထဲမှာ သေခဲ့ကြရတဲ့ သူတွေမနည်းဘူး၊ အင်္ဂလိပ်ထက် ဂျပန်ငပုကောင်တွေ သတ်ဖြတ်ခဲ့ကြတာ မနည်းဘူး"

နန်းနန်းစိတ်ထဲတွင် စိမ်းရွှေရွှေအနံ့ကြီးတစ်ခုကို ရှူရှိုက်နေရသလို ထင်မိသည်။ သေဆုံးသူတို့၏ ဝိညာဉ်တွေ ဒီအခန်းထဲမှာပဲရှိနေမယ်ဆိုသည့်အတွေးကြောင့်ကြောက်စိတ်ကကြီးစိုးသွားတော့သည်၊

"ဒီနေရာဆိုရင်တော့ လောလောဆယ် စိတ်ချရပါပြီ"

မြေအောက်ခန်းကိုရောက်သည်နှင့် နွေးထွေးသွားပေမဲ့ နန်းနန်း အာရုံဦးကို ဆုပ်ကိုင်ထားသောလက်ကို မလွှတ်မိသေးပေ။

"ကဲ...ဒီမှာ ဒီညတော့ နားကြရင်း နားစွင့်ကြတာပေါ့၊ ကျုပ် ဘေးဘက်ကိုတစ်ချက်တက်ပြီးလှေ့လာလိုက်ဦးမယ်"

"ကိုစောဘဦး သတိတော့ရှိပျာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ...ဒီတစ်ခါ ကျုပ်အလုည့်ဖြစ်မှာပါ"

စောဘဦးအပေါ်သို့ပြန်တက်သွားပြီး မြေအောက်ခန်းထဲတွင် နှစ်ယောက်တည်းပဲ ကျန်ခဲ့ပြန်သည်။

"ကျွန်မတို့ခရီးစဉ်ကတော့ ပျက်ပြီထင်ပါတယ်"

"ခရီးစဉ်ပျက်လည်း ကိစ္စမရှိပါဘူး၊ ခွန်နောင်ဦးရဲ့ဇာတိရုပ်က ပေါ်လွင်သွားပါပြီ"

"ဟင်...သူ့ဇာတိရုပ်က ပေါ်သွားပြီဟုတ်လား"

"ဟုတ်တယ် နန်းနန်းအစ်ကိုရဲ့ရက်စက်ယုတ်မာမှုကြီးတစ်ခုက သူ့ကို အကြီးမားဆုံး တန်ပြန်ခြင်းကိုခံရမှာပါ"

"သူရဲ့အကြီးမားဆုံးယုတ်မာမှုဆိုတာ ဘာလဲဟင်"

"ဟိုတစ်ခါတုန်းက ကားနဲ့တိုက်သတ်ခြင်းခံရတဲ့ ဦးသာဆိုင်ကို မှတ်မိတယ် မဟုတ်လား"

"အင်း...မှတ်မိတယ်"

"သူ့ဆီက စာတစ်စောင်ကိုရော မှတ်မိလား"

"ဥသာဆိုပြီး ရေးထားတဲ့စာလား"

"ဟုတ်တယ် ဒီဥသာဆိုတဲ့သူကို မင်းအစ်ကိုက သတ်ပစ်လိုက်တာ"

"ရှင်..."





"သူ မုဒုံဘက်မှာ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုအတွက် သွားပြီး လုပ်ကိုင်ရင်း ဥသာဆိုသူနဲ့ ဆုံခဲ့ကြတယ်၊ ဥသာဆိုတဲ့လူနဲ့ ခင်မင်ပြီး သူ့ဆီက တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းဓားမြှောင်တစ်ချောင်းကို တွေ့ပြီး ရန်ကုန်မှာ သူရောင်းပေးမယ်ဆိုပြီးခေါ်လာတာလေ၊ ဒီတုန်းက နန်းနန်းအစ်ကိုဟာ မှောင်ခိုလိုင်းကနေ ပစ္စည်းတွေကို တင်သွင်းရင်းနဲ့ သက်ဆိုင်ရာက ဖမ်းဆီးမိသွားပြီး အကြီးအကျယ် အရှုံးပေါ်နေချိန်မှာ မမျှော်လင့်တဲ့ ရှေးဟောင်းဓားကြီးက သိန်းထောင်နားထိ ရဖို့ဖြစ်နေတာကြောင့် နောက်ဆုံးမေရီနဲ့ပေါင်းပြီးမေရီအိမ်မှာပဲ သတ်ပစ်လိုက်တယ်။ အလောင်းကို မြစ်တစ်ခုထဲမှာ ဖျောက်ဖျက်ပစ်လိုက်ကြတယ်"

"အာရုံ...ဒီအကြောင်းတွေကို ဘယ်ကနေ သိခဲ့တာလဲ"

"ဒါဟာ ကိုယ့်အတွက် တိုက်ဆိုင်မှုတစ်ခုဆိုပေမဲ့ ခွန်နောင်ဦးအတွက်တော့ ကံဆိုးခြင်းတစ်ခုပါပဲ၊ တစ်နေ့ ကိုယ် နန်းနန်းကို ဆေးရုံပို့ပြီး အိမ်ကို နန်းနန်းမေ့ကျန်ခဲ့တဲ့ ဆေးပစ္စည်းတွေ ပြန်သွားယူတဲ့နေ့ ခြံရှင်တော့ ကားက အိမ်ကိုဝင်တဲ့ လမ်းထိပ်မှာ ကားပျက်သွားတာနဲ့ လမ်းလျှောက်ပြီးဝင်လာခဲ့တာ၊ ခြံထဲမှာ တစ်ယောက်မှမတွေ့ဘူး၊ အိမ်ထဲကိုဝင်မယ်ကြံတော့ ဧည့်ခန်းမှာ ခွန်နောင်ဦးနဲ့ မေရီ စကားများနေတာကို ခပ်ယဲ့ယဲ့ကြားလိုက်တာနဲ့ အကြောင်းစုံကို သိမြင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းရေချိုးခန်းပြတင်းပေါက်ကနေ ဝင်ပြီးနားထောင်ကြည့်တော့မှ အကြောင်းစုံကိုသိခဲ့ရတာ နန်းနန်း"

"အစ်ကိုကြီးဟာ လောဘကြီးပြီး ရက်စက်ယုတ်မာတဲ့ ...တစ်ယောက်ပဲနော်"

"ဒီထက် ယုတ်မာတာရှိသေးတယ်"

"ဘာများလဲ အာရုံ"

"နန်းနန်းကို အပြတ်ရှင်းပြီး နန်းနန်းပိုင်ဆိုင်မှု တွေကို သိမ်းယူဖို့အတွက် အကြီးမားဆုံးကြံစည်နေတာ"

"ဒီအခြေအနေကို နန်းနန်း ရိပ်မိထား ပါတယ်"

"နောက်တစ်ဆင့်က ဘာလဲသိလား"

"ဟင့်အင်း"

"နန်းနန်းကို သိမ်းပိုက်ပြီး မယားအဖြစ်ကြံစည်ထားတာ"

"ဘာ...ဘုရား...ဘုရား...ဘုရား..."

ထိုစကားကြောင့် နန်းနန်း သွေးပျက်မတတ် တုန်လှုပ်သွားမိတော့သည်၊ မောင်နမချင်း စုလိုကြံစည်မှုသည် ယုတ်မာမှုကမ်း...နေပြီဖြစ်သည်၊ ဒါပေမယ့် ဦးလေးဖြစ်သူ ဦးကောင်းမြတ်ဖေ ...ဘူးသောစကားလေးကိုပြန်ပြီး ကြားယောင်မိသည်၊

"သမီး...ခွန်နောင်ဦးဟာ သမီးအတွက် အစ်ကိုအရင်း...





...သံယောဇဉ်ထားရမယ့်သူမဟုတ်ဘူး"

"ဘာ...ဘာဖြစ်လို့လဲ ဦးလေး"

"အင်း... ဒီစကားကို ဦးလေး စရှိန်မှာပြောဖို့စောပါသေးတယ်ကွယ်၊ တစ်နေ့နေ့တော့ ဦးလေး ပြောဖြစ်မှာပါ"

ထိုစဉ်က ပြောခဲ့သော စကားကို နန်းနန်း တကယ်ကို နားလည်နိုင်ခဲ့ပါ၏၊ ဦးလေးကောင်းမြတ်ဖေယျ နောက်တွင် လျှို့ဝှက်ချက်တစ်ခုတော့ သေချာပေါက်ရှိနေတယ်ဆိုတာတော့ ရိပ်မိလိုက်ပါသည်၊

"အခြေအနေတွေကတော့ မကောင်းဘူး"

"ဟင်...ကိုစောဘဦး ဘာ တွေဖြစ်နေလို့လဲ"

"ဒီကောင်တွေ ရဲတိုက်ကြီးနားကိုရောက်နေကြပြီ၊ ညတော့ ဝင်ရဲကြမှာမဟုတ်ဘူး၊ အလင်းရောက်တာနဲ့ သေချာပေါက်ဝင်မှာ၊ ပြော်...သူတို့ထဲမှာ ခေါင်းဆောင်လုပ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ရယ်၊ အမျိုးသမီးတစ်ယောက်ရယ် ရောက်နေတယ်"

"ခွန်နောင်ဦးနဲ့ မေရီ"

နန်းနန်းစိတ်ထဲတွင် သိလိုက်ပြီဖြစ်သည်၊ နန်းနန်းတို့နှင့် နောက်ဆုံးတိုက်ပွဲတစ်ခုကိုတွေ့ကြုံပြီဖြစ်သည်၊

"ကျွန်တော်တို့ဘာဆက်ပြီးလုပ်မလဲ"

"ဂေါနေပြီးရင် ရဲတိုက်ကနေထွက်မယ်၊ ရော့...မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဆေးစည်းထားလိုက်တော့"

စောဘဦးလှမ်းပြီးပေးသော လိမ်းဆေးနှင့် အဝတ်စ[illegible]
အာရုံဦး လှမ်းပြီးယူလိုက်ကာ...

"နန်းနန်း ကိုယ်စည်းပေးမယ်"

"အို...မဟုတ်တာ"

"ဒီအချိန်က ကိုယ်နဲ့မင်းတို့အတွက် အသက်ရှင်မယ်၊ မ[illegible]
ဘူးဆိုတာကို ဘယ်လိုမှ အဖြေပေးလို့မရဘူးနော်၊ ဒီတော့ တစ်ဦးနဲ့
တစ်ဦး အကောင်းဆုံး သံယောဇဉ်တွေနဲ့ပဲ ကျော်ဖြတ်ချင်တယ်"

နန်းနန်း မငြင်းချင်တော့ပါ၊ အာရုံဦးတောင်းဆိုသော
သံယောဇဉ်နောက်ကို ခေါင်းညိတ်ရုံကလွဲပြီး ဘာမှ မရှိတော့ပါဘူး။
နန်းနန်းဘဝတွင် အစ်ကိုတစ်ယောက် ရှိခဲ့ဘူးသော်လည်း အကြင်န
တရားဆိုတာ မရရှိခဲ့သလို စရိုန်ထိ ချစ်ခြင်းတရားနှင့်ပတ်သက်ပြီးရင်
ခုန်ခြင်း ကင်းမဲ့ဖူးကိုရောက်နေသူတစ်ဦးဟုပင်ဆိုရမည်။ သူငယ်ချင်း
ဖြစ်သူ အင်ကြင်းပြောခဲ့ဖူးသော စကားလေးကိုလည်း ပြန်လည်
အမှတ်ရမိ၏။

"နန်းနန်း လူဆိုတာ အချစ်နဲ့ကင်းဝေးလို့မရဘူး၊ ဘာ
ကြောင့်လဲ ဆိုတော့ ငါတို့မွေးဖွားလာရာကနေ သေဆုံးချိန်ထိ နှလုံး
သားရဲ့စေခိုင်းမှုကိုမနာခံခဲ့ဘူးတဲ့သူရယ်လို့မရှိသလောက်ပါပဲတဲ့ယ်"





ထိုစဉ်က အင်ကြင်းစကားကို ခပ်ပြုံးပြုံးလေးပဲ တုံ့ပြန်ခဲ့ပြီး
ယခုတော့ နန်းနန်း နှလုံးသားနှင့် အဖြေပေးရတော့မှာကို သဘော
ပေါက်မိသလိုဖြစ်နေပြီ။

"သွားကြရအောင်ဟော့"

"အင်း...နန်းနန်း...ကိုယ့်ကိုအားပြုပြီးလိုက်လာခဲ့"

နန်းနန်း ဘာမှ ငြင်းဆိုခြင်းမပြုတော့ဘဲ အာရုံဦး ပခုံးလေး
ကိုင်ပြီး လိုက်ခဲ့တော့သည်။

"ခုသွားမယ့်လမ်းကို ကျုပ်ရယ်၊ ကျုပ်တပည့်တစ်ယောက်
ကလွဲပြီး ဘယ်သူမှ မသိနိုင်ဘူး"

"ကိုစောဘဦး တပည့်ကိုမတွေ့ပါလား"

"ဒီကောင်က ရွာက မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်
ကျပြီး ရွာမှာနေထိုင်နေပြီလေ"

"ခြော်ဒါနဲ့ ဟိုညီနောင်နှစ်ကောင်ရော"

"ဒီကောင်တွေ ကင်းစောင့်ပြီး ကျန်ခဲ့တယ်၊ ဒီကောင်တွေ
အတွက် မပူနဲ့၊ ဒီတောကြီးတစ်ခုလုံးကိုမွှေနှောက်နိုင်တယ်၊ ကျုပ်တို့
သွားမယ့်နေရာကို သူတို့လိုက်လာပါလိမ့်မယ်"

"ကျားကြီးဆိုတဲ့ကောင်ကို ခွေးနက်ကြီးက ပညာတောင်း
ကောင်းပေးလိုက်တာ အတော့်ကိုအထိနာသွားမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ရေသံတွေကြားနေရတယ်"

"ရှေ့နားမှာ စမ်းချောင်းတစ်ခုရှိတယ်၊ ရေက ခါးလယ်လောက်ပဲရှိတယ်၊ ကျုပ်တို့က ဒီစမ်းချောင်းအတိုင်းသွားရမှာ"

စောဘဦး ရှေ့ကနေခေါ်ဆောင်လာသောနေရာမှာ ကျောက်ဂူကြီးသဖွယ်ဖြစ်နေပြီး စမ်းချောင်းမှာ ကျောက်ဂူထဲသို့စီးဝင်နေတာဖြစ်၏။

"နန်းနန်း ဖြစ်တယ်နော်"

"အင်း... နန်းနန်းဘေးမှာ အာရုံရှိနေသရွေ့ ဘယ်တော့မှ မကြောက်တော့ဘူး"

"သတိထားပြီး ဆင်းကြပေါ့၊ အောက်မှာက ကျောက်တွေ ချော်လဲသွားနိုင်တယ်"

"စိတ်ချ...ကိုစောဘဦး"

နှစ်ယောက်သား ချောင်းရိုးလေးအတိုင်း သတိထားပြီး ဆင်းလာခဲ့ကြသည်။ ရှေ့ဆုံးမှ စောဘဦး ဝါးမီးတုတ်ကိုကိုင်ပြီးသွားနေတာကြောင့် ကျောက်ဂူကြီးနံရံတွေကိုကောင်းကောင်းတွေ့မြင်နေရသည်။ နံရံထက်တွင် ကျောက်တုံးတွေမှာ ကပ်တွယ်နေပြီး သစ်ပင် ချုံနွယ်တွေပေါက်နေသည်။ တစ်ခါတစ်ခါ ကြွက်ဖြူ၊ ကြွက်နီကောင်တွေ လွန်စွာကြီးမားသော ပင့်ကူအိမ်ကြီးတွေကိုတောင် တွေ့ရသဖြင့် စိတ်ထဲတွင်ကြောက်သလိုဖြစ်လာသည်။

"နန်း မလှုပ်ပဲ ရပ်နေလိုက်"

"ဟင်..."

"ကဲ..."

"ဘုရား...ဘုရား...ဘုရား"

အာရုံဦး...နန်းနန်း ဘေးဘက်ဆီသို့လက်ကို အမြန်ဆုံးလှုပ်ရှားလိုက်တာပင်ဖြစ်၏။ ပြီးတော့ အာရုံဦး လက်ထဲတွင် အနက်ရောင်တောက်ပနေသော မြွေကြီးတစ်ကောင်ကိုခေါင်းက နေ မိမိရရ ဆုပ်ကိုင်ထားတာကိုလည်းတွေ့လိုက်ရသည်။

"ဟာ...ဒါ...ငန်းနက်ပဲ"

စောဘဦးတကယ်ပင်တုန်လှုပ်သွားသည်။

"ဒီမြွေမျိုးက အရမ်းရှားပါးသလောက် အဆိပ်က ဘယ်မြွေနဲ့မှ မတူဘူး၊ မိနစ်ပိုင်းနဲ့သေတာကွ၊ အာရုံဦး ခင်ဗျားလက်ကိုတကယ် အံ့သြတယ်"

အာရုံဦး...မြွေနက်ကြီးကို နောက်ဘက်သို့ လွှင့်ပစ်လိုက်ပြီး

"ကိုစောဘဦး...ခင်ဗျားဘာကို အံ့သြတာလဲ"

"မြွေထဲမှာအလျင်မြန်ဆုံးမြွေပွေးတောင် ငန်းနက်လောက် မမြန်ဘူး၊ ခုလို လက်နဲ့ဖမ်းဖို့ဆိုတာတော့ ငါတို့ မုဆိုးတွေတောင်







www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှမကြုံစည်မိဘူး"

"ကျွန်တော်က စိတ်ရဲ့ဇာကြောင့်မြန်သွားတာပါ"

"သဘောပေါက်ပြီ၊ ကိုယ့်ချစ်သူစိတ်နဲ့ ကိုယ့်လက်ဘယ်လောက်မြန်တယ်ဆိုတာတောင် မသိလိုက်ရဘူးပဲ"

"ဟာ.."

"အယ်.."

စောဘဦး သူပြောစရာရှိတာကို ပြောပြီး ဆက်ပြီးသွားနေတာ မို့ နန်းနန်းတို့နှစ်ယောက် ဘာကိုမှ ရှင်းပြဖို့အတွက် အခွင့်အရေးမရှိခဲ့ကြပဲ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ပြီးဆက်လျှောက် လာခဲ့ရင်းနှင့်...

"နန်းနန်းအသက်ဟာ အာရုံလက်ထဲမှာ ရောက်သွားပြီ"

"ကိုယ်က နန်းနန်းရဲ့သက်တော်စောင့်ပဲ၊ ဒီလိုတာဝန်တွေအတွက် လုပ်ဆောင်ရမှာက ကိုယ့်တာဝန်"

"တာဝန်ကြောင့်ပေါ့"

"တာဝန်ထက် ဘာတွေကိုပိုလို့ရမှာလဲ"

"ပိုလို့ရတာပေါ့"

"ဘာကိုလဲ"

"သံယောဇဉ်နဲ့မေတ္တာတရား"





နန်းနန်း သူ့စကားကို သူအဆုံးသတ်ပြီး ခေါင်းလေးကိုငုံ့ခနေလိုက်သည်။ အာရုံဦး ဆီမှ စကားကို နားစွင့်နေပေမဲ့ ထွက်ပေါ်လာခြင်းတော့မရှိ။

"ဟော့..ရှေ့မှာ ရေစီးသန်တယ်၊ ပြီးတော့ ရေကနက်လာပြီး သတိပိုပြီးထားကြ"

"ဟုတ်ကဲ့"

ရေစီးအားမှာ သိပ်ပြီးမပြင်းသော်လည်း ခြေအောက်တွေကို သိမ်းယိုင်စေခဲ့တာတော့အမှန်။ နန်းနန်း ခြေထောက်နာနေတာမို့ အောက်ခြေကို အားယူပြီး ရပ်လို့မရဖြစ်နေသည်၊ ဒါတောင် အာရုံဦးကိုအားပြုထားတာကြောင့် ဟန်ချက်က မပျက်တာဖြစ်သည်။

"နန်းနန်း"

"ရှင်.."

"ကိုယ့်ကျောနောက်ကနေ ဖက်ပြီးလိုက်ခဲ့တော့"

"အို..မဟုတ်တာ၊ နန်းနန်း လျှောက်နိုင်ပါတယ်"

"ရေစီးက အရမ်းကိုသန်လာသလိုပဲ၊ ကိုယ့်စကားကို နားထောင်စမ်းပါ"

နန်းနန်းကိုယ်တိုင်က အောက်ရေစီးဒဏ်ကိုမခံနိုင်တော့တာကြောင့် အာရုံဦးစကားအတိုင်း နောက်ကျောကနေ သိုင်းဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့တော့သည်။

"ဝေါ..."

"ဟာ.."

"အောက်ရေတိုးနေပြီ၊ ဘေးဘက်ကိုကပ်ပြီး ဟိုရှေ့ကကျောက်ဖျာပေါ်ကိုရောက်အောင်သွားကြမယ်"

နှစ်ဦးသားအောက်ရေတိုးမှုကြောင့် ခြေထောက်ထွေမြေပြင်နှင့်မထိတော့ဘဲ ရေစီးအတိုင်းမျှောပါသွားတော့သည်။ နန်းနန်းတစ်ကိုယ်လုံးမှာ အာရုံဦး ရင်ခွင်ထဲတွင် တိုးဝေ့ရောက်သွားပြီး ဘာကိုမှ မမြင်သလိုဖြစ်သွားလေသည်။

"နန်းနန်း...နန်းနန်း..."

"အာ...အာ... ရုံဦး.."

"ကိုယ့်လက်ကိုအားပြုပြီး ကျောက်ဖျာပေါ်တက်ကြရမယ်"

ကျောက်ဂူစမ်းချောင်းကြီးထဲတွင် ဘာကိုမှ မမြင်ရတော့ ကျောက်ဖျာဟုထင်ရသောနေရာပေါ်သို့တက်ခဲ့ကြခြင်းဖြစ်သည်။

"ကိုစောဘဦး...ကိုစောဘဦး..."

အာရုံဦးခေါ်သံကိုစောဘဦးထံမှပြန်လည်အသံပြုသံမကြားရသဖြင့် စိုးရိမ်သွားသည်။

"အာရုံ"





"နန်းနန်း"

နန်းနန်းပခုံးလေးကို အာရုံဆုပ်ကိုင်ပြီး ရင်ခွင်ထဲတွင် ထည့်ထားလိုက်သည်။

"အလင်းရောင်မရမချင်းတော့ ဖြတ်ထွက်ဖို့မလွယ်ဘူး"

"မနက်ထိစောင့်ရမှာပေါ့"

"ဟုတ်တယ်၊ ဒီအမှောင်ထုကြီးထဲကနေ စမ်းတဝါးဝါးထွက်တာ အန္တရာယ်ကြီးနိုင်တယ်"

"အာရုံပြောသလို ဟုတ်ပါတယ်..ဟီး..ဟီး..ဟီး..."

ကျောက်ဖျာကြီးပေါ်တွင် ခဏတာနေထိုင်သည်နှင့် တစ်ကိုယ်လုံး တုန်ယင်လာတဲ့အထိ ချမ်းတုန်လာသည်။

"နန်းနန်း"

"အာ..အာရုံ"

နန်းနန်း ခန္ဓာကိုယ်တစ်ခုလုံးကို အာရုံဦး တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်တာကြောင့် နွေးထွေးမှုကို ရလိုက်သလိုပင်။ နန်းနန်း စိတ်တွေကိုလျော့ချလိုက်ပြီး အာရုံဦး၏ ရင်ခွင်ထဲတွင် စိတ်ချစွာပင် မျက်လုံးကိုစုံမှိတ်ချလိုက်လေသည်။

မည်မျှကြာကြာ အိပ်ပျော်သည်လည်းတော့မသိ။ နန်းမျက်နှာပေါ်သို့ ရေစက်ကလေးတွေ ကျလာတော့မှ မျက်လုံးကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။

"နန်းနန်း"

"အာရုံ"

နန်းနန်း မျက်လုံးကို ဖွင့်လိုက်တော့ ဂူကြီးထဲသို့ အလင်းရောင်လေးထိုးဖောက်ဝင်ရောက်နေပြီ ဖြစ်လေသည်။ ရေစီးသံမှာလည်း ညကထက်ပိုပြီးကျယ်လောင်နေတာကိုကြားနေရသည်။

"ဒီရေစီးက ညကထက်ပိုပြီးစီးနေသလိုပဲနော် အာရုံ"

"ဟုတ်တယ်၊ ဒီအတိုင်းဆက်ပြီး နေသွားလို့တော့မဖြစ်ဘူး"

ဂူ၏ အပေါ်ဘက်နံရံတွေကို လှေ့လာကြည့်တော့လည်း ထွက်ပေါက်တစ်ခုမှမတွေ့ရပေ။

"ဘယ်လိုလုပ်ကြမလဲ အာရုံ"

"တစ်ခုခုတော့ လုပ်ရတော့မှာပေါ့၊ ကိုစောဘဦးဘယ်ကိုရောက်နေသလဲဆိုတာ မသိရတာ စက်တယ်"

"အန္တရာယ်တော့ မဖြစ်လောက်ပါဘူး"

"ဟော့...အာရုံဦး"

"ဟာ...ကိုစောဘဦး"

သစ်ကိုင်းကျိုးကြီးကို ကြိုးဖြင့်ဆွဲပြီး ကျောက်ဂူနံရံဘက်ကနေ လာနေသော စောဘဦးကိုတွေ့လိုက်ရတာကြောင့် အားတက်သွားသည်။

"ကြိုးကိုလှမ်းပြီးယူလိုက်..ရော့"

စောဘဦး လှမ်းပစ်ပေးလိုက်သောကြိုးကိုအာရုံဦး ရေထဲထိဆင်း၍ ဆယ်ယူလိုက်ပြီးမှ စောဘဦးကိုလှမ်းပြီးဆွဲရတော့သည်။

"ဟူး..တကယ်ကိုမလွယ်တာပေါ့"

စောဘဦး ကျောက်ဖျာပေါ်ကိုရောက်သည်နှင့်ပက်လက်လှန်ချလိုက်ပြီး အမောဖြေနေသည်။

"ခင်ဗျားညက ဘယ်ကိုရောက်သွားတာလဲ"

"ရေစီးနဲ့မျောပါသွားပြီးကွေ့မှာတင်နေတာ၊ မီးတုတ်ကလည်းရေထဲပါသွားပြီဆိုတော့ အမှောင်ထုထဲမှာ ဒီအတိုင်းနေနေခဲ့ရတာ၊ မနက်မိုးလင်းတော့ ကံကောင်းထောက်မစွာနဲ့ ဒီသစ်ပင်ကျိုးကြီးတွေ့တာနဲ့ ရေစီးအားနည်းတဲ့ဘက်ကနေ မင်းတို့ဆီကိုရောက်အောင်လာခဲ့ရတာ"

"ကိုစောဘဦးရေ...ခင်ဗျားသာရောက်မလာရင် ကျွန်တော်တို့ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး"

"ခဏနေပြီးရင် သစ်ပင်ကျိုးကြီးကိုဖက်ပြီး ရေစီးအတိုင်းမျောရတော့မယ်"

"အပြင်ရောက်ဖို့အတော်ကိုလိုသေးလား"







www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောက်ဂူကိုဝင်ပါကျောက်ဂူလို့ခေါ်တယ်။ဟိုအရင်က တော့ရေမရှိဘူး၊ နောက်ပိုင်း သဘာဝက ပြောင်းလဲလာပြီး စမ်းချောင်း ဂူကြီးဖြစ်သွားရတာ၊ အရင်ကတော့ ဒီလောက် ရေစီးအား မပြင်းဘူး နောက်ပိုင်း ဘယ်လိုဖြစ်သွားလဲမသိဘူး၊ ရေလည်း ပိုပြီး နက်သွား တယ်"

"ဒါကတော့ ရေတိုက်စားမှုတွေနဲ့ သဘာဝပြောင်းလဲမှုကြီး ပဲပေါ့ဗျာ"

"နန်းနန်းတို့ကိုရလောက်ဆို အစ်ကိုကြီးတို့ မြေလှန်ပြီး ရှာ နေကြလောက်ပြီ"

"သေချာတာပေါ့ကွာ၊ ရဲတိုက်ကြီးတစ်ရလုံးကိုဖြိုချင်တောင် ဖြိုမှာ၊ သွားကြမယ်ဟေ့၊ ဒီအန္တရာယ်ကြီးကို ကျော်ဖြတ်ပြီးရင်တော့ လွတ်မြောက်ပါပြီ"

"ကိုစောဘဦး မြို့ကိုတက်တဲ့လမ်းရော နီးရဲ့လား"

"ဒီကျောက်ဂူစရီးဆုံးတာနဲ့ တောလယ်ရွာစုလေးတစ်ခုကို သွားလို့ရပြီ၊ ဒီကနေ မြို့ကိုတစ်လတစ်ခါတက်တက်နေတဲ့ထော်လာဂျီ တွေရှိတယ်၊ ရွာထဲမှာ ဆိုင်ကယ်သမားတွေတောင်ရှိနေပါပြီ၊ ပြန်ဖို့ အတွက် သိပ်ပြီး ပြဿနာမရှိတော့ပါဘူး၊ သွားကြမယ်ဟေ့၊ သစ်ပင် ပိုင်းကြီးကို မြဲမြဲသာကိုင်ပြီးလိုက်သွားကြမယ်"





(၃)ယောက်သား ရေထဲကိုရောက်သည်နှင့် သစ်ပင်ပိုင်း ကြီးကိုကြိုးတွေနှင့်ပတ်ပြီး လက်ကိုင်လို့ရအောင် လုပ်ထားတာမို့ကိုင် ပြီးလိုက်ပါသွားကြတော့သည်။ စောဘဦးပြောသောအတိုင်းပင် ကျောက်ဂူကြီး၏ကွေ့ပတ်ပြီး ဝင်ပါအတိုင်းမျောပါသွားနေရင်းနှင့် အလင်းရောင်ကြီးကို ထင်ထင်ရှားရှားတွေ့လိုက်ရသည်။

"ရောက်ပြီဟေ့… ရှေ့မှာမြင်နေရတဲ့အလင်းရောင်နေရာက ကျောက်ဂူကြီးအဆုံးပဲ… ဟူး… ခုမှပဲ သက်ပြင်းချနိုင်တော့တယ်"

ကျောက်ဂူစမ်းချောင်းကြီးအဆုံးကိုရောက်တော့မှကန့်လန့် ဖြတ်ပြီး စီးဆင်းနေသော စမ်းချောင်းကြီးဆီသို့ရောက်ခဲ့ကြတော့သည်။ ချောင်းကမ်းဘက်ကိုလှမ်းပြီးကြည့်တော့ တိတ်ဆိတ်နေလေသည်။

"အာရုံဦး"

"ဗျာ… ကိုစောဘဦး"

"ကမ်းအခြေအနေကို သိပ်ပြီးသဘောမတွေ့ဘူး"

"ဘာကြောင့်လဲ"

"ငါ့သက်တော်စောင့်နှစ်ကောင်ကိုမတွေ့ရလို့ကွ"

"ဝေါ…"

"ဟာ…"

ကုက္ကိုပင်အိုကြီးဆီမှ ငှက်တွေအုပ်စုလိုက်ကြီးထပျံသွား



www.burmeseclassic.com

www.burmeseclassic.com



တာကို လှမ်းတွေ့လိုက်ရပြီးနောက်…

"သေချာပြီ… ဟိုကောင်တွေကမ်းနားကိုရောက်နေကြပြီ"

"ဟင်…"

"ဘယ်လိုဆက်ပြီးတော့ လုပ်မလဲ"

"ငှုပေါက်ကမ်းနားကိုကပ်ကြမယ်"

"ဒိုင်း…ဒိုင်း…ဒိုင်း…"

ကမ်းနားကိုမရောက်ခင်မှာ သေနတ်သံတွေကို ကြားလိုက်ရပြီး ကျည်ဆံတွေ ဝဲပျံလာတော့သည်။

"နန်းနန်း…မင်းဘယ်လိုမှ ပြေးလို့မလွတ်တော့ဘူး။ မင်းတို့နောက်မှာကြည့်လိုက်ဦး"

"ဟင်…ဟာ…ဟိုက်"

နန်းနန်းတို့ (၃)ယောက်ကို ဝိုင်းရံထားသော သူတွေကို တွေ့လိုက်ရသည်။

"သစ္စာဖောက်…ပေါက်စ"

စောဘဦး… သူ၏တပည့်ဖြစ်သူကို လှမ်းတွေ့လိုက်ရပြီး ဒေါသထွက်သွားခြင်းဖြစ်သည်။

"အေးအေးဆေးဆေး အပေါ်တက်ပြီးလိုက်ခဲ့ကြပါ"

နန်းနန်းတို့အတွက် ပြေးပေါက်၊ ထွက်ပေါက် မရှိတော့ပေ





အာရုံနှင့်စောဘဦးအတွက်ကတော့ ကိစ္စမရှိ၊ ရှင်းနိုင်ပေမဲ့ နန်းနန်းအတွက်က မလွယ်ပေ။ ပြီးတော့ခြေထောက်မှာ ဒဏ်ရာရထားသဖြင့် မပြေးနိုင်ပေ၊ ထို့ကြောင့်…

"အာရုံဦး ဘယ်လိုစဉ်းစားထားလဲ"

"အခြေအနေမကောင်းဘူး၊ သူတို့လက်ထဲရောက်ပြီးမှ နောက်တစ်ဆင့်စဉ်းစားမယ်"

"အင်း…ဒီအတိုင်းပဲ ဆုံးဖြတ်လိုက်တာပေါ့"

"နန်းနန်း"

"ရှင်…"

"ဘာမှ မစိုးရိမ်နဲ့နော်၊ ကိုယ့်အသက်မသေမချင်းကို ကာကွယ်သွားမှာပါ"

"နန်းနန်း ယုံကြည်ပြီးသားပါ အာရုံ"

နန်းနန်းတို့(၃)ယောက် အေးအေးဆေးဆေးပင် အပေါ်သို့ တက်လာခဲ့ကြသည်၊

"ခုလိုလိမ္မာရေးခြားရှိတာ ကောင်းပါတယ်၊ ခေါ်ခဲ့ကြပေ့၊ ဆရာကြီး ဟိုဘက်မှာစောင့်နေတယ်"

စွန်နောင်ဦး၏ လက်ရုံးတပည့် ကျားကြီးနှင့် ခြေသားလူမိုက်တွေ ခေါ်ဆောင်ရာ တစ်ဖက်ကမ်းသို့လိုက်ပါခဲ့ကြလေသည်၊



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ...သူတို့ကို ဘယ်လိုဆက်ပြီးစီစဉ်မှာလဲ"

"ကိုကိုကြီး...တစ်ခါတည်းဆုံးဖြတ်နော်၊ မေရီတို့အတွက် သူတို့ကို အချိန်ပေးလို့မရတော့ဘူး"

"ဘာလို့ဆန္ဒတွေစောနေရတာလဲမေရီရယ်၊ ကိုယ့်လက်ထဲကိုရောက်နေတဲ့ ငါးလေး၊ ဖားလေးတွေပါ...နန်းနန်း"

"ဘာလဲ"

"ဟ...တယ်လည်းအသံကမာလှချည်လား"

"ရှင်ဘာယုတ်မာဦးမလဲလို့၊ ရှင်သိပ်ပြီးမက်မောတဲ့ဥစ္စာနေတွေ သိပ်ပြီးလိုချင်တယ်မဟုတ်လား၊ ကျွန်မ အားလုံးလွှဲပေးမယ်၊ ရှင့်ဘက်က ကတိတစ်ခုတည်းဖို့ပဲလိုတယ်"

"လုပ်စမ်းပါဦး ဘာကတိလဲ"

"ကျွန်မတို့ကိုအသက်အန္တရာယ်မပြုဘူးဆိုတဲ့ကတိ"

"ဒါတော့ဆောရီးပဲကွာ၊ ဘာကြောင့်လဲဆိုတော့ အာရုံဦးဆိုတဲ့ကောင်ကငါ့ကိုကြိုးစင်ပို့မယ့်ကောင်ဖြစ်နေလို့ပဲ၊ အဲ...တစ်ခုတော့စဉ်းစားပေးလို့ရတယ်၊ ဒါက ဘာလဲဆိုတော့ မင်းကိုပဲ"

"အာရုံကိုအသက်ရှင်ခွင့်မပေးရင် ကျွန်မကိုလည်းပေးစရာမလိုဘူး"

"ကိုကိုကြီးရေ... သိပ်ပြီးချစ်နေကြတာဆိုတော့ သူတို့ဆန္ဒ





လေးတွေကိုဖြည့်ပေးလိုက်ပါရှင်၊ ဒါမှ ချစ်သူနှစ်ယောက် ဘုံဘဝလေးတစ်ခုမှာ ပျော်ပျော်ရွှင်ရွှင်လေးနေနိုင်ကြမှာ"

"နန်းနန်း...မင်းက ဒီလမ်းကိုရွေးချယ်လိုက်တာနော်၊ စဉ်းစားဦး"

"ဘာမှ စဉ်းစားစရာမရှိဘူး၊ ရှင်ကြိုက်သလို လုပ်နိုင်တယ်၊ တစ်ခုပဲ ရှင်သိထားရမှာက ရှင့်ရဲ့ယုတ်မာကောက်ကျစ်မှုတွေ၊ ရက်စက်မှုတွေဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာမဟုတ်ဘူး"

"ဟားဟားဟား... အင်း...ကြားရတာ စိတ်မချမ်းမြေ့စရာပါလား၊ မင်းတို့ တခြားဘဝကနေ စောင့်ကြည့်နေလိုက်ဦးပေါ့၊ ကဲ... ဘယ်သူအရင်သေမလဲ"

"ကျုပ်ကိုအရင်ပစ်"

"အာရုံ"

"နန်းနန်း... ကိုပြောထားဘူးတဲ့ စကားကို မှတ်မိတယ်နော်၊ ကိုယ်အသက်ရှင်နေသရွေ့မင်းဘယ်တော့မှ မသေစေရဘူး"

အာရုံဦး ...နန်းနန်းရှေ့ဘက်ကိုထွက်ပြီးရပ်လိုက်သည်။

"နေ...နေဦး၊ မင်းတို့မသေနဲ့ဦး၊ ငါအရင်သေမယ်၊ ဒါမှသဘာဝကျမှာကွ"

"ကိုစောဘဦး၊ ခင်ဗျားက အကြောင်းမဲ့ကြီးခံရတာပါ၊ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



မဖသိရဘူး"

"အာရုံဦး…မင်းကြည့်ဖန၊ ငါ့ကိုသေနတ်ရှိန်တာနဲ့ပွဲက ကြွမ်း
သွားမယ်"

"ဟင်…"

"ဘာလို့လဲ"

"ငါ့ကောင်(၂)ကောင်က သူ့သခင်ကိုဘယ်တော့မှ အသတ်
မခံဘူးကွ၊ ငါ့စကားကို နားထောင်စမ်းပါ"

နန်းနန်းတို့ နှစ်ယောက်ရှေ့တွင် စောဘဦးထွက်ပြီးရပ်တာ

"အင်း…မင်းဆိုတဲ့ကောင့်က ကိုယ့်ထမင်းကိုယ်စားပြီး သူ့
ကောင်းလုပ်ချင်တာဆိုတော့၊ အင်းပေါ့ကွာ၊ အဖော်ကောင်းကောင်း
လေးနဲ့ သွားကြပေါ့"

ခွန်နောင်ဦး ပစ္စတိုကိုမောင်းတင်ပြီး ပစ်ဖို့ချိန်ရွယ်လိုက်
သည်နှင့်…

"ဝေါင်း…ဝေါင်း…ဒိုင်း"

"ဟာ…ဟင်…ဟိုက်"

စောဘဦး၏ ခွေးနက်ကြီးနှစ်ကောင် မဟုတ်တော့ဘဲ
တခြားသောခွေးဝံပွေ့ပါပြေးဝင်ကိုက်တာကြောင့် ခွန်နောင်ဦးတို့လူ
တွေ ဘာလုပ်ရမှန်းပင် မသိဖြစ်သွားကြသည်။ ခွန်နောင်ဦးကိုတော့





စောဘဦး ခွေးနက်ကြီးက ကျားတစ်ကောင်လိုကိုက်နေလေသည်။

"ဟော့…ဟော့ကောင်…ကောင်း…ငါ့ကိုကယ်ပါဦး"

ခွေးနက်ကြီး(၂)ကောင်အပါအဝင် ရှယ်တူခွေး(၅)ကောင်၊
(၆)ကောင်ဝင်ပြီးကိုက်သည်ကိုတစ်ဖက်မှ လူဆိုးများနှင့်ရွာမှ လူမိုက်
တွေပြန်၍တိုက်ခိုက်နိုင်ခြင်းမရှိကြတော့ပေ။

"ကို…ကို…ကြီး…အား"

မေရီကိုလည်း ခွေးနက်ကြီးတစ်ကောင်က သဲကြီးမဲကြီး
ကိုက်နေလေသည်။

"အာရုံဦး"

"စောဘဦး"

နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက် အရှက်ပြုပြီး
လူဆိုးများကိုတိုက်ခိုက်လိုက်ကြသည်။

"ဖြောင်း…ခွပ်…ဒုတ်…အီး…အား…အင့်"

ခွန်နောင်ဦးလူတွေ၊ ခွေးတွေနှင့် အာရုံဦးတို့ ပိတ်ပြီး တိုက်
ခိုက်တာကြောင့် အခြေအနေမှာ လုံးလုံးပင် မကောင်းကြတော့ပါ။

"ဒိုင်း…ဒိုင်း…ဒိုင်း…"

"ဟင်…ဟယ်…"

"ခွန်နောင်ဦး…ခင်ဗျားထပ်ပြီးမလှုပ်ရှားနဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေကိုတွေ့လိုက်ရပြီဖြစ်သည်။

"ကယ်...ကယ်...ကြပါဦး"

ခွန်နောင်ဦး၏ခွေးနက်ကြီး ကိုက်ဖြတ်ထားမှုကြောင့် သွေးသံရဲရဲဖြင့် မြေပြင်ပေါ်တွင် တွေ့နေရသည်။ ထိုအတူ မရှိနှင့် ကျားကြီးတို့မှာလည်း ခွေးများ၏ တိုက်ခိုက်မှုကြောင့် မလှုပ်ဝံ့အောင် ဖြစ်နေကြလေပြီ။

"မဲကြီးနဲ့မဲလေး ရပ်လိုက်တော့"

စောဘဦး အမိန့်ပေးလိုက်တော့မှ ခွေးနက်ကြီး(၂)ကောင်အကိုက်ရပ်လိုက်သည်နှင့် တခြားသောခွေးတွေပါ ဆက်ပြီးမကိုက်ကြတော့ပေ။

"အားလုံးကို လက်ထိတ်ခတ်လိုက်တော့"

"ဟုတ်ကဲ့"

"သမီးလေး"

"ဟင်...ဦးလေးကောင်းမြတ်ဖေယျ"

"ဟူး...တော်သေးတာပေါ့ကွာ၊ အချိန်မီလေးပဲ၊ ခွန်နောင်ဦးမင်းဆိုတဲ့ကောင်ရဲ့ဇာတ်သိမ်းက ဒီလိုပဲ ဖြစ်ရမယ်လေ၊ တိရစ္ဆာန်တစ်ကောင်ထက် မိုက်မဲခဲ့တဲ့ မင်းကို တိရစ္ဆာန်ကပဲ ကောင်းကောင်းကြီး





ဆုံးမလိုက်တာပဲပေါ့"

"ကိုစောဘဦး ခွေးတွေက တာကယ့်ကို သူရဲကောင်းတွေပဲဗျို့"

"ကျုပ်နဲ့ပတ်သက်ရင် ဒီကောင်တွေကမရဘူးဗျို့"

"ဒါနဲ့ ခင်ဗျားခွေးက (၂)ကောင်တည်းမဟုတ်လား"

"ကျုပ်မွေးထားတာ (၂)ကောင်တည်းပဲ၊ ကျန်တဲ့ကောင်တွေက သူတို့မျိုးဆက်တွေလေ...ဟားဟားဟား..."

ခွန်နောင်ဦးတို့ကို သက်ဆိုင်ရာမှ ခေါ်ဆောင်သွားခဲ့ပြီဖြစ်ပါသည်။

"ဦးလေး...ဘယ်လိုလုပ်ပြီး သိလို့လိုက်လာတာလဲ"

"ဒါလည်း ရန်ကုန်ကိုရောက်တာနဲ့ သတင်းရရင်ရချင်း သက်ဆိုင်ရာရဲတပ်ဖွဲ့နဲ့လိုက်လာတာ၊ သက်ဆိုင်ရာ တပ်ဖွဲ့ဝင်တွေက မင်းတို့တာကို ဒီကောင်တွေ ချောင်းထဲ တွန်းချထားတာကြောင့် ခြေရာပျောက်သွားလို့ နည်းနည်း နောက်ကျသွားတာ၊ ခွန်နောင်ဦး... သွေးမစစ်တော့ ညီမလို စောင့်ရှောက်ရမှာကို လောဘရမ္မက်တွေကြီးတာ ခုတော့ ဇာတ်သိမ်းမကောင်းဖြစ်သွားရပြီပေါ့ကွာ"

"အစ်ကိုကြီးခွန်နောင်ဦးနဲ့ နန်းနန်းက မောင်နှမအရင်းမဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးသမီး၊ သမီး ဖေဖေနဲ့မေမေက မွေးစားထားတာ၊ ဒီတုန်းက သမီးမေမေက ကလေးမရနိုင်ဘူးဆိုပြီး မွေးစားခဲ့တာ၊ နောက်မှ သမီးလေးကို ကံကောင်းထောက်မစွာနဲ့ ရခဲ့တာ...အာရုံဦး"

"ဗျာ.. အန်ကယ်"

"ငါ့ မန္တလေးက မင်းမိဘတွေနဲ့ စကားပြောခဲ့ပြီးပြီ"

"ဟင်...ဘာကိစ္စလဲ အန်ကယ်"

"ငါ့တူမလေးနဲ့ မင်းကိစ္စ"

"ဗျာ..."

"ရှင်..."

"သူတို့လည်း မင်းပေါ်မှာ စိတ်ဖြေသွားကြပါပြီကွာ"

"ဦးလေး..."

"ဘာလဲ သမီး"

"သမီးတို့ကိစ္စဆိုတာကို ရှင်းရှင်းလင်းလင်းပြောပါ"

"ဒီထက်ပဲ ရှင်းရဦးမလားဟ၊ အညာလေသံနဲ့ပြော ရရင် မင်းတို့နှစ်ယောက်ကို လွှတ်ပြီး သဘောတူတာပေါ့"

"အဲ..."

"ဟိုက်..."

"ဘာလဲ မင်းတို့က လူကြီးတွေစီစဉ်တာကို ငြင်းချင်တယ်ဆို





ရင် လည်းငြင်းလိုက်လေ"

နန်းနန်း မျက်နှာကို အာရုံဦးလှမ်းပြီးကြည့်လိုက်ရင်း...

"နန်းနန်း"

"ဘာများလဲ ပြောလေ"

"ငြင်းလိုက်မှာလား"

"အာရုံကရော"

"ကိုယ့်ဘဝရဲ့ လေလွင့်ငှက်ခြေရာတစ်စုံကို ထင်ဟပ်စေမယ့်နေရာကို ရှာဖွေနေသူပါ"

"ဒါဆိုလဲ ဒီကနှလုံးသားမှာ ထာဝရခြေရာလေး ထင်ကျန်နေပါတယ် ရှင်ရယ်"

အာရုံဦး၏ လက်ကလေးသည် နန်းနန်း ပခုံးလေးကို သိုင်းဖက်ရင်း အနောက်ရိုးမကြီး၏ သာယာသော လေညင်းလေးတွေကို ရှူရှိုက်မိလိုက်ကြတော့သည်။

ပရိသတ်များကို အစဉ်လေးစားလျက်

ရွှေဘဝင်



www.burmeseclassic.com